ရှမ်းပြည်နယ်တောင်ပိုင်း၊ ပင်းတယမြို့နယ်၊ ထယ်သွန်းကျေးရွာအုပ်စု
ဂဠုန်တောင်၊ ကုံလုံကျောင်းတိုက်

ဦးစီးပဓာန မဟာနာယက၊ နိုင်ငံတော်ဩဝါဒါစရိယ

အဘိဇ အဂ္ဂမဟာ သဒ္ဓမ္မ ဇောတိက ဘဒ္ဒန္တ တေဇနိယ

မဟာထေရ်မြတ်၏

# အံ့ဖွယ်ကိုးဂုဏ် ထေရ်ကုံလုံ



ကောဇာ – ၁၂၆၉ ခုနှစ်၊ နယုန်လဆန်း ၄ – ရက်၊ ဗုဒ္ဓဟူးနေ့၊ ညနေ (၆) နာရီအချိန် ဖွားမြင်တော်မူသည်။

## ဓမ္မဒါန

## (ပထမတွဲ)


တာဝန်ခံစီစဉ်ပူဇော်သူ –
ဦးအောင်မြင့်ထွန်း (B.Ag)
ဦးမြင့်အောင် (B.E.Mech)
ဖုန်း – ၀၉ – ၈၅ – ၅၀၈၁၉

တည်းဖြတ်သူ –
တကောင်းဆရာတော်
နန်းတော်ရှေ့ဘဒ္ဒန္တပဝရ
ဖုန်း – ၀၉ – ၂၁၇၃၄၀၆



လုံမ္ဗိဏီ အင်ကြင်း ဥယျာဉ်တော်အတွင်း၌ ဘုရားအလောင်း

သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန
သုတေသနစာကြည့်တိုက်သို့
[illegible] မှ လှူဒါန်းပါသည်



က်ကို ဖွားမြင်တော်မူခန်း (သိရိစကြာရတနာကျောင်း၊ ကုံလုံ)

# အံ့ဖွယ်ကိုးဂုဏ် ထေရ်ကံ့လုံ (ပထမတွဲ)

## ရာပြည့်အလှမ်း ကန်တော့ပန်း

❀ ကံ့လုံမည်ရှိ၊ ထေရ်ကဝိ၏၊
ရာပြည့်အလှမ်း၊ စာမှာတမ်းကား၊
ရဟန်းရှင်လူ၊ များပြည်သူတို့၊
ကြည်ဖြူရွှင်လန်း၊ ကန်တော့ပန်းမို့၊
အလှမ်းပြေကြ ပါစေသောဝ်။ ။

ကံ့လုံဆရာတော်ဘုရားကြီး ဘဝနတ်ကျောင်း ပြောင်းရွှေ့တော်မူပြီး ငါးနှစ်အကြာတွင် ရာပြည့်အထိမ်းအမှတ် ပူဇော်ထုတ်ဝေသည်။

| | | |
|---|---|---|
| သာသနာ | - | ၂၅၅၂ ခုနှစ်၊ |
| ကောဇာ | - | ၁၃၇၀ ပြည့်နှစ်၊ |
| | | တန်ဆောင်မုန်းလပြည့်နေ့၊ |
| ခရစ် | - | ၁၂-၁၁-၂၀၀၈ ခုနှစ်၊ ဗုဒ္ဓဟူးနေ့။ |

## ဒုက္ခမီးငြိမ်း သုခကိန်းမို့

❀ ဘုန်းတော်စွမ်းဟုံ၊ ထေရ်ကံ့လုံ၏၊
ကိုးဂုဏ်မျှော်မှန်း၊ ဤစာတမ်းသည်၊
ရဟန်းရှင်လူ၊ များပြည်သူတို့၊
နိဗ္ဗူ အမတ၊ မြန်မြန်ရ၍၊
ဒုက္ခမီးရှိန် လျှိုးစေသော်။
သုခ စည်းစိမ် တိုးစေသော်။

(၂) ဦးအောင်မြင့်ထွန်း (B.Ag) နှင့် ဦးမြင့်အောင် (B.E, Mech)

# ပုံနှိပ်မှတ်တမ်း

ကျေးရွာရှင် ကုံလုံဆရာတော်ဘုရားကြီး၏ ကြိုတင် ခွင့်ပြုချက်အရ ဒါယကာ ဒါယိကာမများအတွက်သာ ဓမ္မဒါန ကန့်သတ်ထုတ်ဝေသည်။

| | | |
|---|---|---|
| အကြိမ်၊ အရေအတွက် | - | ပထမအကြိမ်၊ ၁၀၀၀ |
| ခုနှစ်၊ လ | - | ၂၀၀၈ ခုနှစ်၊ နိုဝင်ဘာလ |
| တန်ဖိုး | - | ၁၂၀၀ ကျပ် |
| အတွင်းစာသားဖလင် | - | Eagle ၊ ရန်ကုန်။ |
| အတွင်းအပြင်အဆင် | - | ကိုတင်သိက်း၊ မန္တလေး။ |
| ဒီဂျစ်တယ်ဂရပ်ဖစ်ဒီဇိုင်း | - | စည်သူကွန်ပျူတာ<br>၃၆ - လမ်း၊ ၈၈ × ၈၉လမ်းကြား၊ မန္တလေး။ |
| ကွန်ပျူတာစာစီ နှင့် မိတ္တူ | - | စည်သူကွန်ပျူတာ<br>၃၆ - လမ်း၊ ၈၈ × ၈၉လမ်းကြား၊ မန္တလေး။ |
| စာအုပ်ချုပ် | - | ဦးညီညီ၊ ငြိမ်းချမ်းရေးမိသားစု၊<br>၈၂ × ၃၄ - လမ်း၊ မန္တလေး။ |
| စိစဉ်ပူဇော်ဖြန့်ချီသူ | - | ဦးအောင်မြင့်ထွန်း ( စိုက်ပျိုးရေးပညာ)<br>(၁) အမှတ်(၁၀၀) အခန်း(၉)၊ ပထမထပ်၊ နန္ဒဝန်လမ်း၊ ဝဟန်း (၁၁၂၀၁) ရန်ကုန်မြို့<br>ဖုန်း ၀၉ - ၈၅၅၀၈၁၀၉။<br>(၂) အမှတ်(၅/၃)၊ မြနန္ဒာလမ်း၊ ၂၆ × ၂၇၊ ၆၂ × ၆၃လမ်းကြား၊ အောင်တော်မူ၊ မန္တလေးမြို့။ |

**ဓမ္မဒါနဖြန့်ဝေသည်**

# သဗ္ဗဒါနံ ဓမ္မဒါနံ ဇိနာတိ

အလှူဟူသမျှတွင် ဓမ္မဒါန အလှူသည် အမြတ်ဆုံး . အသာဆုံးဖြစ်၏

သို့

-----------------------------------

-----------------------------------

-----------------------------------

နိဗ္ဗာန်စိတ်သန် အဓိဋ္ဌာန်ဖြင့် စိတ်ကြံ့ရည်မျှော်
ပူဇော်လှူဒါန်းကာ မေတ္တာ လက်ဆောင်မွန် ပေးပို့ပါသည်။

မှ

-----------------------------------

-----------------------------------

-----------------------------------

တရားအလှူ များကြည်ဖြူ နိဗ္ဗူအမတ ရပါစေ။
ကံ့လုံထေရ ကြည့်ရှုမ ကံ့လုံကြွယ်ဝကြပါစေ။

ဓမ္မဒါန ဖြန့်ဝေသည်။

ပြည်ထောင်စု မြန်မာနိုင်ငံတော်

# နိုင်ငံတော် ဩဝါဒါစရိယ ဆရာတော်

သာသနာတော်နှစ် ၂၅၄၄-ခုနှစ်၊ ကောဇာသက္ကရာဇ် ၁၃၆၂-ခုနှစ်၊ တပေါင်းလဆန်း ၁၃-ရက် (၂၀၀၁-ခုနှစ်၊ မတ်လ ၆ ရက်) အင်္ဂါနေ့တွင် ရန်ကုန်မြို့ သီရိမင်္ဂလာ ကမ္ဘာအေးကုန်းမြေဆဋ္ဌသံဂါယနာ မဟာပါသာဏ လိုဏ်ဂူတော်ကြီး၌ကျင်းပသောပဥ္စမအကြိမ် နိုင်ငံတော်သင်္ဃာ့ဝန်ဆောင်အဖွဲ့၊ ပထမ အစည်းအဝေးပွဲကြီးက နိုင်ငံတော်ဩဝါဒါစရိယ ဆရာတော်အား ရွေးချယ်တော်မူချက်အရ. ရှမ်း. . ပြည်နယ်/တိုင်း. ပင်းတယ. မြို့နယ် . . . . တမဲ. . . . ရပ်ကွက်/ကျေးရွာ. . . . . ကုံလုံ. . . . . ကျောင်းတိုက်၌ သီတင်းသုံးတော်မူသော သက်တော် ( ၉၄ )နှစ်၊ သိက္ခာတော် ( ၇၄ ) ဝါ ဆရာတော် ဘဒ္ဒန္တတေဇနိယ . . . . . . အား နိုင်ငံတော် ဩဝါဒါစရိယ လက်မှတ်ကို ဆက်ကပ်ပါသည်။

| | |
|---|---|
| ဘဒ္ဒန္တသောဘိတ | ဘဒ္ဒန္တကုမာရ |
| အဘိဓဇ မဟာရဋ္ဌဂုရု | အဘိဓဇ မဟာရဋ္ဌဂုရု |
| အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက | အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက |
| ဥက္ကဋ္ဌဆရာတော် | အကျိုးတော်ဆောင်ဆရာတော် |

နိုင်ငံတော်သံဃမဟာနာယကအဖွဲ့

၁၃၆၂-ခုနှစ်၊ တပေါင်းလဆန်း -၁၃ ရက်။
၂၀၀၁-ခုနှစ်၊ မတ်လ ၆ ရက်။

ပြည်ထောင်စုမြန်မာနိုင်ငံတော်

# အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိကဘွဲ့တော်

(သာသနာ့ပြုအဆင့်မြင့်)

ဝိသိဋ္ဌဗုဒ္ဓသာသနဝံသိကရဂုဏ်၊ ဝိသိဋ္ဌဗုဒ္ဓသာသနဟိတဓရဂုဏ်၊
ဝိသိဋ္ဌဗုဒ္ဓသာသနာနုရက္ခိတဂုဏ်၊ ဝိသိဋ္ဌမဟာနာယကဂုဏ်၊
ဝိသိဋ္ဌသီလသမာဓိပညာဂုဏ်တို့နှင့်ပြည့်စုံတော်မူသော
ရှမ်းပြည်နယ်၊ ပင်းတယမြို့၊ ဂဠုန်တောင်ကျောင်းတိုက်

**ကိုလုံဆရာတော်ဘဒ္ဒန္တဝေဓနိယ**

အရှင်မြတ်အား သာသနာတော်နှစ် ၂၅၃၅၊ ကောဇာ
သက္ကရာဇ် ၁၃၅၃-ခုနှစ်၊ တန်ဆောင်မုန်းလပြည့်
(၁၉၉၁-ခုနှစ်၊ နိုဝင်ဘာလ ၂၁-ရက်) ကြာသပတေးနေ့တွင်

**အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက**

ဘွဲ့တံဆိပ်တော်ကို ဆက်ကပ်လှူဒါန်းပါသည်။

ဥက္ကဋ္ဌ
နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့

(၆) ဦးအောင်မြင့်ထွန်း (B.Ag) နှင့် ဦးမြင့်အောင် (B.E, Mech)

နိုင်ငံတော် ဩဝါဒါစရိယ ဆရာတော် သက်သေခံလက်မှတ်




မီးရထားလက်မှတ် မိတ္တူ။



# ကံ့လုံဆရာတော်ကြီး ၏ ဩဝါဒကထာ (၁)

လောဘပယ် - ဒေါသကွယ်၊
မောဟပြယ် - သစ္စာလွယ်၊
ခန္ဓီသည်သာ - မူလပဓာန၊
အမိုက်ကင်း - အလင်းရောက်၊
အရှုပ်ကင်း - အရှင်းရောက်၊
အပူကင်း - အအေးရောက်၊
အေးအေးနေ - သမ္ဗုဒ္ဓေ၊
တရားဆိုတာ - လုယူ လို့မရ.
တောင်းယူ လို့မရ၊

ကျက်ရုံ . နာရုံ. မှတ်သားရုံနဲ့လည်း မပြီးသေးဘူး၊
မိမိကိုယ်တိုင် ကျင့်ကြံအားထုတ်မှသာ
တရားစစ်ကို ရမှာပါ၊
မေတ္တာသည်သာ အဓိက၊

# ကိုလုံဆရာတော်ကြီး ၏ ဩဝါဒကထာ (၂)

- ကုသိုလ်ကောင်းမှု၊ ကိုယ်တိုင်ပြု၊ ကိုယ်ပြုကိုယ်စံသည်။
- အကုသိုလ်မှု၊ ကိုယ်တိုင်ပြု၊ ကိုယ်ပြုကိုယ်ခံသည်။
- အခြားတစ်ယောက်က၊ ကူညီမှု၊ ခံရမရှိပြီ။
- မကောင်းမှုဆိုတာ၊ ဆိတ်ကွယ်ရာ၊ ဘယ်မှာမရှိပြီ။
- လူမမြင်သာ၊ နတ်ပြဟ္မာ၊ သေချာမြင်သိသည်။
- ကံတရားမှာ၊ များသတ္တာ၊ မျက်နှာမလိုက်ပြီ။
- ကမ္မသတ္တိ၊ ဆန်းကြယ်ဘိ၍၊ မှန် အရှင်၊ ကုန်အစင်၊ သိမြင်နိုင်ပါသည်။
- ကွယ်လွန်သောအခါ၊ ကိုယ်တည်းသာ၊ ခေါ်ရာလိုက်ရသည်။
- မကောင်းလျှင်ခံ၊ ကောင်းလျှင်စံ၊ ထုံးစံမမှတာမှတ်ရမည်။

ကမ္မဝိပါကော = ကံအကျိုးပေးသည်မကြံစည်နိုင်လောက်အောင်
အစိန္တေယျော ဆန်းကြယ်၏။

# ဒသကဆယ်ပါး ဘာဝနာပွား



ကျေးဇူးတော်ရှင် ကံ့လုံဆရာတော်ဘုရားကြီး
ဘဒ္ဒန္တတေဇနိယ

# ကံလုံဆရာတော်ကြီး ၏
# သြဝါဒကထာ (၃)

- လော. ဒေါ. မော. ပြယ်၊ သစ္စာလွယ်၊
  သိဖွယ် မူလ - ခန္တီသာ ပဓာန်။
- ကိလေတစ်သင်း၊ အမိုက်ကင်း၊
  အလင်း ရောက်မည်ပ။
- ကိလေတစ်သင်း၊ အရှုတ်ကင်း၊
  အရှင်း ရောက်မည်ပ။
- ကိလေတစ်သင်း၊ အနှောက်ကင်း၊
  စိတ်တွင်းကြည်မည်ပ။
- ကိလေတစ်သင်း၊ အပူကင်း၊
  အေးခြင်း အေးလေစွ။
- မိုက်. ရှုတ်. နှောက်သူ၊ ဆယ်မျိုးပူ၊
  အပူငြိမ်းမှ တရားရ။
- သိဝ. အမတ်၊ နန်းနိဗ္ဗာန်၊ ခေမံ ရောက်ပြီဗျ။



သာသနာ ၂၄၇၂ ခု၊ ကောဇာ ၁၂၉၀ ခု၊ ခရစ် ၁၉၂၈ ခု
ရဟန်းဖြစ်စ သက်တော် (၂၀) ဝိဇ္ဇာဒသက အရွယ်ပုံတော်၊
မော်လမြိုင်ကျောင်း၊မန္တလေးမြို့



သာသနာ ၂၄၉၁ ခု၊ကောဇာ ၁၃၀၉ ခု၊ခရစ် ၁၉၄၇ ခု
သက်တော်(၄၀)၊သိက္ခာဝါတော်(၂၀)၊ဗလဒသက အရွယ်ပုံတော်၊
ဘုရားနီကျောင်း၊ဘုရားနီရွာ၊





သာသနာ ၂၅၀၁ ခု၊ ကောဇာ ၁၃၁၉ ခု၊ ခရစ် ၁၉၅၇ ခု၊ သက်တော် (၅၀)၊ သိက္ခာဝါတော် (၃၀)၊
ပညာဒသကအရွယ်ပုံတော်၊ ရွှေပွင့်လင်းကျောင်းဆောင်၊ ဂျွန်တောင်၊ ကံ့လုံ့ကျောင်းတိုက်

# ကံ့လုံ့ဆရာတော်ကြီး ၏
# ဩဝါဒကထာ (၄)

- လှ ယှူမရ၊ မြတ်ဓမ္မ၊ ကျင့်ကြ ကိုယ်တိုင်သာ။
- တောင်း ယူမရ၊ မြတ်ဓမ္မ၊ ကျင့်ကြ ကိုယ်တိုင်သာ။
- ကျက်ရုံ့ နာရုံ၊ မှတ်သားရုံ၊ သိရုံ မပြီးပါ။
- ရုပ်နာမ် နစ်သင်း၊ ဖြစ်ပျက်ခြင်း၊

  ထင်လင်းသေချာ ရှုပွားပါ။
- ခန္ဓာကိုယ်က တရားပြ၊ ရအောင် ယူကြဗျာ။
- ခုရှု ခုငြိမ်း၊ တရားကိန်း၊ ဇာတ်သိမ်း နိဗ္ဗူတာ။
- ခန္ဓာ ရထား၊ ဆီကုန်ပြား၊ အသွား ရပ်ပြီဗျာ။
- ရှုကြပွားကြ၊ စောင့်ထိန်းကြ၊ လှူကြ မြန်မြန်ဗျာ။
- ဘာဝနာ, သီလ၊ လှူဒါန၊ ဗုဒ္ဓ လမ်းစဉ်သာ။

# အံ့ဖွယ်ကိုးဂုဏ် ထေရ်ကုံလုံ (ပထမတွဲ)

## မာတိကာ


| စဉ် | | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|---|
| ❀ | | **ကုံလုံကျောင်းတိုက် နာယကဆရာတော်ထံမှပေးစာ** | |
| | | (ဦးကောဝိဒ) | ၂၀ |
| ❀ | | **ရာပြည့်ချိန်ခါ ကုံလုံဆရာ (တော်) ကြွရောက်လို့လာ** | |
| | | (စုစည်းစိစဉ် ပုဇော်သူ) | ၂၂ |
| ၁။ | (က) | အံ့ဖွယ်ကိုးဂုဏ် ထေရ်ကုံလုံ (တကောင်းဆရာတော်) | ၂၆ |
| | (ခ) | ထေရ်မြတ်ကုံလုံ နဝဂုဏ် (တကောင်းဆရာတော်) | ၂၉ |
| ၂။ | (က) | ဒုက္ခမီးပုံကြီး အပြီးတိုင် ငြိမ်းပါစေ(မင်္ဂလာဝိမာန်ဆရာတော်) | ၃၀ |
| | (ခ) | ရာပြည့်သက်တမ်း အလွမ်းဖြေရာ မြတ်ပူဇာ (တကောင်းဆရာတော်) | ၃၃ |
| ၃။ | | ရာပြည့်ဂုဏ်ရောင် တောက်ပြောင်ထင်ပေါ် ကုံလုံဆရာတော် (မင်္ဂလာဝိမာန်ဆရာတော်) | ၃၅ |
| ❀ | | **ထေရုပ္ပတ္တိအကျဉ်း** | |
| ၁။ | | ဒသက ဆယ်ပါး ဘာဝနာပွား | ၃၉ |
| (၁) | | ဖွားမြင်တော်မူခြင်း - မန္ဒ ဒသကအရွယ် | ၃၉ |
| | (က) | မူလမဟာတိုင်၊ မူလရာသီဇာတာ၊ နဝင်းဇာတာ၊ အထွန်းတိုင် | ၃၉ |
| (၂) | | ရှင်အဖြစ်သို့ ရောက်ခြင်း - ခိဍ္ဍ ဒသကအရွယ် | ၄၀ |
| (၃) | | ရဟန်းအဖြစ်သို့ရောက်ခြင်း - ဝဏ္ဏ ဒသကအရွယ် | ၄၁ |
| | (က) | စာပေပရိယတ္တိ သင်ကြားဆည်းပူးတော်မူခြင်း | ၄၃ |
| | (ခ) | ဘဒ္ဒန္တစိတ္တ နှင့် ဘဒ္ဒန္တအာသဘအား ကျောင်းထိုင်နိုင်ရန် စီစဉ်ပေးခြင်း | ၄၃ |
| (၄) | | သတ္တဝါဝေနေယျတို့အား မေတ္တာစိတ်သန်၍ သစ္စာအဓိဋ္ဌာန် ပြုခြင်း | ၄၄ |
| (၅) | | ဆဋ္ဌသင်္ဂါယနာ ကမ္ဗည်းထိုးရန်ကိုယ်စားလှယ်အဖြစ် ရွေးချယ်ခံ- | |

(၁၄) ဦးအောင်မြင့်ထွန်း (B Ag) နှင့် ဦးမြင့်အောင် (B E. Mech)

ပညာဒသကအရွယ် ၄၅

(က) ပစ္စည်းကိုစွန့်၊ ကျောင်းကိုစွန့်၊ ဘဝကိုပင်စွန့်၍ တရားရှာမည် ၄၆

(ခ) ကိုယ့်အားကိုယ်ကိုး၊ ကိုယ့်ကျိုးကိုယ်ရှာ ၄၇

(၆) ပျော်ရာမှာမနေ တော်ရာမှာနေ - ဟာနိဒသကအရွယ် ၄၈

(က) ဂျွန်တောင်ဟု အမည်တွင်လာရခြင်း ၅၁

(၇) ထူးဆန်းသော အသီးအနှံများရောက်ရှိလာခြင်း - ပဗ္ဘာရဒသကအရွယ် ၅၄

(က) ဘုံးဘုရား ဆရာတော်ထံ ကြွလာခြင်း ၅၄

(ခ) ဘုံငန်း ဆရာတော်ထံ ရောက်ရှိလာခြင်း ၅၆

(ဂ) ပြောင်းဖူးကိုးဆုစေတီ ဆရာတော်ထံ ကြွလာခြင်း ၅၆

(ဃ) ပင်းတယ ကံ့လံ့ ထေရ်မြတ်ဂုဏ် သင်းထုံမွှေးပျံ့သည် ၅၆

(င) စေတီတော်ကို ရွှေအုတ်လှူရမြတ်ဒါန ကြာနှံ့ဝန္ဒကျူးနှံ့ရ ၅၇

(၈) ဝင်္ကဒသကအရွယ် ၅၉

(က) ပါရမီကျောင်း လှိုင်ကော်တွင် ဝါဆိုခြင်း ၅၉

(ခ) နိစ္စဓုဝ သာသနာပြုဆောင်ရွက်ချက်များ ၅၉

(၉) မောဟမုဒသကအရွယ်

(က) ဦးကြည်မောင် ကျောင်းတွင် ဝါဆိုခြင်း ၆၁

(ခ) ဆက်ကပ်မှုဇော် ဘွဲ့တံဆိပ်တော် ၆၁

(ဂ) နိုင်ငံခြားသားများပင် ဝမ်းသာအားရ လျှောက်ထားကြ ၆၄

(ဃ) ဦးဝိပြိမ်းကျောင်း (ရန်ကုန်) တွင် ဝါဆိုခြင်း ၆၅

(င) ကံ့လံ့ဆရာတော် နှင့် မဏ္ဍိမဒေသ ၆၅

(စ) အမေရိကန်နှင့် ဝင်္ကပုသိုသာသနာပြုခရီး ကြွချီတော်မူခြင်း ၆၆

(၁၀) သယနဒသက အရွယ် ၆၇

(က) ဦးဝိပြိမ်းကျောင်း (ရန်ကုန်) တွင် ဝါဆိုခြင်း ၆၇

(ခ) သိင်္ဂီဝကြာရတနာ့ကျောင်းတော်ကြီးတွင် ဝါဆိုခြင်း ၆၈

(ဂ) ပဋ္ဌာန်းဆက်ပေလော ၆၈

| | | |
|---|---|---|
| ၂။ (၁) | ကုံလုံဆရာတော်ဘုရားကြီး၏ ကြည်ညိုဖွယ်ရာဂုဏ်အဖြာဖြာ | ၆၈ |
| (၂) | ကုံလုံဆရာတော်ဘုရားကြီး၏ ဝါဆိုစဉ် အခြေပြုဇယားနှင့် တစ်ဘဝ၌ သာသနာ့မှတ်တမ်း အကျဉ်း | ၇၂ |
| ၃။ | မဟာသီဝ ရဟန္တာမထေရ်မြတ်ကြီးနှင့် တူတော်မူသော ကုံလုံဆရာတော်ဘုရားကြီး (မင်္ဂလာဝိမာန်ဆရာတော်) | ၇၆ |
| ၅ | **ဩဝါဒကထာ ဆုံးမစာ** | ၈၁ |
| ၁။ | ပြည်ထောင်စု မြန်မာနိုင်ငံတော် သာသနာတော် သန့်ရှင်း တည်တံ့ ပြန့်ပွားရေး စတုတ္ထအကြိမ်၊ နိုင်ငံတော် ဗဟို သံဃာ ဝန်ဆောင်အဖွဲ့၊ တတိယအစည်းအဝေး၌ ချီးမြှင့်တော်မူသော ဩဝါဒကထာ | ၈၁ |
| ၂။ | ကုံလုံဆရာတော်ကြီး၏ ဩဝါဒကထာများ (ဗုဒ္ဓဘာသာ မြန်မာကျောင်း၊ စင်္ကာပူနိုင်ငံ) | ၈၂ |
| ၃။ | ကသိုဏ်းဝန်းပြုဖွယ်မလိုသော ပုဂ္ဂိုလ် | ၁၀၂ |
| (က) | မြေကသိုဏ်းဝန်း ပြုလုပ်ပုံ | ၁၀၂ |
| (ခ) | ပထဝီ ကသိုဏ်း စီးဖြန်းပုံ | ၁၀၂ |
| (ဂ) | ဥဂ္ဂဟ နိမိတ် | ၁၀၃ |
| (ဃ) | ပဋိဘာဂ နိမိတ် | ၁၀၃ |
| ၄။ | မနက်ဖြန် စောင့်မနေပါနှင့် အခုချက်ချင်းလုပ်ပါ | ၁၀၄ |
| ၅။ | ကုံလုံဆရာတော်ဘုရားကြီး၏ နောက်ဆုံးဩဝါဒ | ၁၀၅ |
| ၆ | **ကုံလုံဆရာတော် နေ့စဉ် ရွတ်ပွားမူတော်သည့် အန္တရာယ်ကင်း ရန်ရှင်း ဂါထာတော်** | ၁၀၆ |
| ၁။ (က) | ဇလွန်ပြည်တော်ပြန် ဂါထာတော် (ဝါ) အနန္တသိဒ္ဓိ ဂါထာတော် ပါဠိ | ၁၀၆ |
| (ခ) | မြန်မာပြန် အကျဉ်း နှင့် အဓိပ္ပာယ် | ၁၀၆ |
| ၇ | **ကုံလုံဆရာတော်ဘုရားကြီး ဘဝနတ်တောင်း ပြောင်းရွှေ့တော်မူခြင်း** | ၁၁၀ |


## ပထမတွဲ ပြီးပါပြီ။

| | | |
|---|---|---|
| ၾ | နလုံးသည်းပွတ်ထဲမှ ကျေးဇူးတင်လွှာ ကမ္ပည်းတ | ၁၁၁ |
| ၾ | မိုငြမ်းကိုးကားသော စာအုပ်စာတမ်းများ | ၁၁၃ |
| ၾ | ထွက်ခဲ့သမျှ ဓမ္မပူဇာ ဓမ္မရတနာ နှင့် | ၁၁၅ |
| ၾ | ဆက်လက်ထုတ်ဝေမည့် စာအုပ်များ | ၁၁၇ |




၉ - ၁၀ - ၂၀၀၃ (ကြာသပတေးနေ့)
မှတ်တမ်းတင်သည်။

ကံလှံဆရာတော်လောင်းလျာ
ရဟန်းပြုခံတော်မူခဲ့ရာ ခန္ဓသိမ်တော် နှင့်
ဘုရားနှင့်ရှေးဟောင်းဂေဟာတော်အား
ပြုပြင်မွမ်းမံဆဲပုံတော်

ဆက်လက်ထွက်ရှိမည့် အံ့ဖွယ်ကိုးဝှက် ထေရ်ကံလှံ (ဒုတိယတွဲ) တွင် -

၁။ ကံလှံဆရာတော်ကြီး၏ သာသနာပြုဆောင်ရွက်ချက်များ၊
၂။ ထူးခြားဆန်းကြယ်ရာ မဟာသိဒ္ဓိ စကြာရတနာ၊
၃။ မြတ်စွာဘုရား သာသနာတော်ကြီး မျိုးဆက်မပြတ်ရအောင်၊
၄။ အန္တိမဗျာပန သာဝကဥန ပူဇာသဘင်၊
၅။ ရုပ်ကလာပ်တော်ထားရာ စန္ဒီစံကျောင်းတော်မဟာ အကြောင်းအရာများနှင့် မှတ်တမ်းဓာတ်ပုံများ ပါရှိသည်။

(မကြာမီထွက်မည် - မျှော်)


မဟာ သိရိ မင်္ဂလာ
မြတ်စွာဘုရား



(ပျံလွန်တော်မမူမီ သံဃာတော်များ စုံညီမှတ်တမ်း နောက်ဆုံးဓာတ်ပုံဖြစ်သည်။)
၁၃၆၅ခု၊ သီတင်းကျွတ်လပြည့်နေ့၊ ၁၀ - ၁၀ - ၂၀၀၃ ခုနှစ်၊ သောကြာနေ့ ကျေးဇူးတော်ရှင် ကုံလုံဆရာတော်ဘုရားကြီး၊
တိုက်အုပ်ဆရာတော်ဘဒ္ဒန္တကောဝိဒနှင့် ကုံလုံကျောင်းတိုက်သံဃာတော်များ အမှတ်တရ၊ ဦးဂန္ဓမာ၊ ဦးသုမင်္ဂလ၊
ဦးသာသန၊ ဦးယောသိတ၊ ဦးပညာသိရီ၊ ဦးကောဝိဒ၊ ဦးကုမာရ၊ ပြင်သာ၊ အောင်မင်္ဂလာဂူ၊ ငွေတောင်



၁၃၆၅ခု၊ သီတင်းကျွတ်လပြည့်နေ့၊ ၁၀ - ၁၀ - ၂၀၀၃ ခုနှစ်၊ သောကြာနေ့ ကုံလုံဆရာတော်ဘုရားကြီးထံ
ဤစာရေးသူက စာအုပ်များ ထုတ်ဝေဖြန့်ချိ ခွင့်ပြုပါရန် လျှောက်ထားပြီး ခွင့်ပြုချက် ရယူနေစဉ်
(ခွင့်ပြုပေးခဲ့ပါသည်)

# ကံ့လုံကျောင်းတိုက် နာယကဆရာတော်ထံမှ ပေးစာ

သို့

ဦးအောင်မြင့်ထွန်း(B.Ag)

အမှတ်(၅/၃)မြန်နှာလမ်း၊

၂၆ - ၂၇လမ်း၊၆၂ - ၆၃ လမ်းကြား၊

အောင်တော်မူ၊ မန္တလေးမြို့ ဖုန်း၀၉ - ၈၅၅၀၈၁၉။

ရက်စွဲ။ ၂၀ - ၉ - ၂၀၀၈ ခုနှစ်၊ ၀ဓနေ့။

ပင်းတယမြို့နယ်၊ ကံ့လုံကျောင်းတိုက် နာယကဘုန်းကြီး တရေးအကြောင်းကြား သိစေအပ်ပါသည်။

သူတော်စင် တရေးဆရာ ဒကာအောင်မြင့်ထွန်း တစ်ယောက်ကံ့လုံကျောင်းတိုက်သို့ ရောက်မလာသည်မှာ ငါးနှစ်ခန့် ရှိနေပေပြီ။ ရာပနပွဲ ပြီးကတည်းက ဟု ယူဆမိသည်။ မြန်မာပြည်အနှံ့ ခြေဆန့်ပြီး ဘုရားတွေတည်လိုက်, တစတွေရေးလိုက်ဖြင့် သာသနာပြုလုပ်ငန်းများနှင့် အလုပ်ရှုပ်နေမည်မှာ ကေန် ဖြစ်ပေမည်။

ကိုအောင်မြင့်ထွန်း ကံ့လုံကို အမြန်ဆုံး လာရောက်စေချင်သည်။ အကြောင်းကတော့ - ဆရာတော်ဘုရားကြီး၏ ကြီးမားသော သာသနာ့တာဝန်များ ဘုန်းကြီးခေါင်းပေါ်ရောက်လာ၍ အခက်အခဲတွေ အမျိုးမျိုး ရင်ဆိုင်တွေ့ ကြုံနေရသည်။ အကြံကောင်း, ဉာဏ်ကောင်းတွေ ဖွင့်ပေးတတ်သော ကိုအောင်မြင့်ထွန်းကို မျှော်ရတာ မောလှပြီ။ ဒကာအောင်မြင့်ထွန်း မဖြစ်မနေ လာစေချင်သော ဆန္ဒတစ်ခု ရှိသည်။ အကြောင်းမှာ - ဆရာတော်ဘုရားကြီး၏ နှစ်တစ်ရာပြည့် အထိမ်းအမှတ် အဖြစ်တန်ဖိုး နည်းနည်း တိုကျဉ်းစုံစွာ အကုန်ပါမည့် စာအုပ်တစ်အုပ် ထုတ်ချင်သော

ကြောင့်ဖြစ်သည်။

ဒကာအောင်မြင့်ထွန်း ထုတ်ဝေရေးသားသော "ထေရုပ္ပတ္တိ၊ ဩဝါဒ ကထာနှင့် သာသနာပြုသမိုင်းမှတ်တမ်း"၊ "ရာပြည့်အကြိုတစ်ဘဝသာသနာ" စာအုပ်ကြီးများ လက်ကျန်မရှိတော့ပြီ။ နန်းတော်ရှေ့ဘဒ္ဒန္တပဝရ၏ "သက်တော်ရှည် ကုံလုံဆရာတော်" စာအုပ်များလည်း ကုန်သလောက်ဖြစ်နေသည်။ ဘုန်းကြီးထံ လက်ကျန် စာအုပ်များရှိက အမြန်ပို့ပေးပါ။

ဘုန်းကြီးက အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးရောက်လာကြသော ပရိသတ်တွေ ဆရာတော်ဘုရားကြီး၏ တပည့်ရင်းများ. နယ်သူနယ်သားများ လွယ်လွယ်ကူကူ ဖတ်ရှုနားလည်နိုင်သော တန်ဖိုးနည်းနည်း စာတစ်အုပ် ပြုလုပ်ပေး ပါရန် မေတ္တာရပ်ခံ ပန်ကြားအပ်ပါသည်။ ဒကာကြီး ကြိုက်သလို စီစဉ်နိုင်ပါသည်။ ဘုန်းကြီးခွင့်ပြုပါသည်။ ဒကာကြီးကျန်းမာ ချမ်းသာပါစေ။



မေတ္တာဖြင့် -
ဦးကောဝိဒ
နာယက ဆရာတော်၊
ကုံလုံကျောင်းတိုက်၊
ထယ်သွန်းကျေးရွာအုပ်စု၊
ပင်းတယမြို့နယ်၊
ရှမ်းပြည်နယ်တောင်ပိုင်း၊
ဖုန်း ၀၈၁ - ၅၀၄၁၁။

သာသနာ - ၂၅၅၂ - ခုနှစ်၊
၁၃၇၀ - ပြည့်နှစ်၊ တော်သလင်းလပြည့်ကျော် (၆)ရက်၊ စနေနေ့။

၂၇၀၁၇

သုတေသနစာကြည့်တိုက်
သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန
ကမ္ဘာအေး၊ ရန်ကုန်။

## ရာပြည့်မျှိုနှင့် ကံ့လုံဆရာ(တော်) ကြွရောက်လို့လာ

တရေးသူသည် ကံ့လုံကျောင်းတိုက်သို့ သွားရောက်ရန် စီစဉ်နေဆဲ အချိန်နှင့် ၂၀-၉-၂၀၀၈၊ စနေနေ့ရက်စွဲပါ ကံ့လုံကျောင်းတိုက် နာယကဆရာတော်ထံမှ ပေးစာကို တိုက်တိုက်ဆိုင်ဆိုင် ကောင်းစွာ ရရှိခဲ့သည်။

ထို့ကြောင့်၊ တရေးသူသည် ရက်ချင်းပင် စီစဉ်ကာ၊ ၂၄-၉-၀၈၊ တနင်္ဂနွေနေ့ မှ ၂၈-၉-၀၈၊ကြာသပတေးနေ့ ထိ ကံ့လုံကျောင်းတိုက်သို့ ကံ့လုံ ဆရာတော်ဘုရားကြီး၏ ရာပြည့်အကြို တစ်ဘဝ သာသနာ၊ သက်တော်ရှည် ကံ့လုံ ဆရာတော်နှင့် ကံ့လုံဆရာ တော်ကြီး ဘဒ္ဒန္တတေဇနိယ မဟာထေရ်မြတ်၏ ထေရုပ္ပတ္တိ၊ ဩဝါဒကထာနှင့် သာသနာပြု သမိုင်းမှတ်တမ်း တအုပ်များ ထပ်မံပို့ဆောင် လှူဒါန်းရင်း ရောက်ရှိခဲ့ပါသည်။ အဆိုပါ တအုပ်များသည် ကံ့လုံဆရာတော် ဘုရားကြီး သက်တော်ထင်ရှား ရှိဆဲကပင် ဤတရေးသူ ကိုယ်တိုင် ရေးသားပြုစု ထုတ်ဝေခဲ့သော တအုပ်များဖြစ်သည်။

ယခု၊ ရေးသားပြုစု ထုတ်ဝေသည့် "အံ့ဖွယ်ကိုးဂုဏ် ထေရ်ကံ့လုံ" တအုပ်အမည် ကို အဂ္ဂမဟာပဏ္ဍိတ၊ မင်္ဂလာဗိမာန်ဆရာတော်ကြီးက အမည်ရွေးချယ်ချီးမြှင့်ပေးခဲ့ခြင်း ဖြစ်သည်။ ဤတအုပ်သည် ကံ့လုံကျောင်း နာယက ဆရာတော်၏ အလိုဆန္ဒလည်း ပြည့်ဝ သွားစေ၊ ကံ့လုံဆရာတော်ကြီး၏ သီလရနံ့လည်း ကမ္ဘာအနှံ့ သင်းပျံ့မွှေးပါစေ၊ ဆရာတော်ကြီးကိုလည်း ကျေးဇူးဆပ်ပြီးသား ဖြစ်ပါစေ ဟူသော စေတနာ အရင်းခံ သဒ္ဓါတရားပေါ်မှ စတင်သန္ဓေတည် ပေါက်ဖွားလာခဲ့ခြင်းဖြစ်၏။

ကံ့လုံဆရာတော်ကြီးသည် ၃၀-၁-၂၀၀၄၊ သောကြာနေ့တွင် ဘဝနတ်ကျောင်း ပြောင်းရွှေ့တော်မူပြီးနောက်၊ ဦးစွာပထမ ထုတ်ဝေသည့် တအုပ်လည်း ဖြစ်သည်။ ဤတရေးချိန်တွင် ဆရာတော်ဘုရားကြီး၏ တစ်ဘဝစနွှာ ချုပ်ငြိမ်းခဲ့ သည်မှာ ငါးနှစ်ခန့် ရှိခဲ့ပြီ၊ ဆရာတော်ကြီးသာ ယခုထက်တိုင် အသက်ထင်ရှား ဆက်လက်ရှိနေခဲ့မည်ဆိုလျှင် သက်တော်တစ်ရာပြည့်(တစ်ရာစုပြည့်) မွေးတော်ပွဲကြီးကို ခြိမ့်ခြိမ့်သဲ ကျင်းပကြ ပေးလိမ့်မည်၊ ယခုမူ ဤ နှစ်တစ်ရာပြည့်အထိမ်းအမှတ် "အံ့ဖွယ်ကိုးဂုဏ် ထေရ်ကံ့လုံ" တအုပ်ငယ်လေးဖြင့်သာအလွမ်း ဖြေကြရတော့သည်။

နာယကဆရာတော်၏ဩဝါဒအရ ဤတအုပ်ကို တန်ဖိုး နည်းနည်း၊ တိုကျဉ်း

စုံစွာ အကုန်ပါစေလိုသည်၊ ဤနှစ် (၁၃၇၀ ပြည့်နှစ်) တောင်ကြီး တန်ဆောင် တိုင်ပွဲတော် (တန်ဆောင်မုန်းလပြည့် ၁၅ရက်၊ ဗုဒ္ဓဟူးနေ့ )ကိုလည်း မိစေလို၏။

အကြောင်းမှာ - ရှမ်းပြည်နယ်၏ ဓလေ့ထုံးစံအရ တန်ဆောင်မုန်းလပြည့်နေ့ရောက်မှသာ သံဃာတော်များ ဝါတွင်းကာလ (ဝါဆိုသီတင်းသုံးရာကာလ)မှ လွတ်မြောက်ပြီး ဝါကျွတ်ပြီဟု ဆိုကြပါသည်။ ဝါကျွတ်ခါနီးတွင် ဒေသတွင်း ဂေါစရဂါမ်ရှိ ဒကာ. ဒကာမများက ဘုရား. ကျောင်းကန် အားလုံးတို့သို့ သွားရောက်ကာ ဆရာတော်များထံ နည်းသည် - များသည် ပဓာနမထား၊ မိမိတို့ ဒေသခြံထွက် လှူဖွယ်ပစ္စည်း ဝတ္ထုများဖြင့် တက်နိုင်သလောက် ဂါရဝပြုပူဇော်ကန်တော့လေ့ ရှိကြသည်။ ကျောင်းတိုက်များမှလည်း ဒကာ. ဒကာမများ စားရေး. နေရေး . သွားလာရေး အတွက် အရေးယူ ဂရုထား ၊ ပြုစုဧည့်ခံ ကျွေးမွေးတုံ့. ပြန်စွန့်ကြဲလေ့ရှိကြသည်။ အလွန် နှစ်သက်မြတ်နိုးဖွယ်ကောင်းသည့် ယဉ်ကျေးမှု အစဉ်အလာ တစ်ခုဖြစ်သည်။ ဤစာရေးသူကလည်း ထိုအနယ်နယ်အရပ်ရပ်က ရောက်ရှိလာကြမည့် ဘုရားဖူးပရိသတ်များကို မေတ္တာထား ရည်ရွယ်၍ ထို ယဉ်ကျေးမှု ပွဲတော်အမိ အလျှင်အမြန် ကြိုးစားပေးလိုက်ရပါသည်။ သာဓုခေါ်ဆိုနိုင်ကြပါစေ။

ကံ့လုံဆရာတော်ကြီး သက်တော်ထင်ရှား ရှိခဲ့စဉ်က - သီရိစကြာရတနာကျောင်းတော်ကြီးတွင် မြန်မာပြည်အနှံ့မှ ဆရာတော်အား လာရောက်ဖူးမြော်ကြသောပရိသတ်များမှာ နေ့ရောညပါ လွန်စွာ စည်ကားလှပေသည်။ ဉယျာဉ်တော်ကြီးမှာလည်း တာဝတိံသာက နန္ဒဝန်ဉယျာဉ်ပမာ လှပဆန်းကြယ် အံ့သြဖွယ် ဖြစ်သည်။ ကံ့လုံဆရာတော်ကြီးသည် ပရိသတ်များရှေ့တွင် သီရိစကြာ ရတနာကျောင်းတော်ကြီး၊ စကြာရေကန်တော်ကြီး ၊ ပညာရှိ ဇီးကွက်သိုက်နှင့် ဉယျာဉ်တော်ကြီးတို့ကြောင့် အလွန်ပင် ပန်းရဖူးမြင်မဝ တင့်တယ်လှပေသည်။

၏ သစ်ပင်မြစ်ချောင်း၊ နို့ကောင်းနွားမ၊ ဤကာယကား၊
သူများအကျိုး၊ သယ်ပိုးအံ့ဌာ၊ သီးခါတန်သီး၊
စီးမြဲစီးလျက်၊ ဒီးဒီးယိုကျ၊ ကျိုးဆောင်ရ၏။ (နီတိ)

ယခုအခါ၊ ကံ့လုံဆရာတော်ကြီး၏ ရုပ်ကလာပ်တော်ထားရာ - စဉ့်ကျောင်းတော်ကြီးတွင်သာ ပရိသတ်များ ဝင်လာမစဲ တသဲသဲ စည်ကားနေပေသည်။ အလွန်

ဝေးလံခေါင်သီ တောကြိုးမျက်မည်း ထဲရှိ ဆရာတော်ကြီးသီတင်းသုံးရာ စန္ဒကျောင်းတော်ကြီးမှာ နတ်ဘုံ့တန်နန်းတမျှ လျှပ်စစ်မီးအလင်းရောင်များဖြင့် တပြောင်ပြောင် တရောင်ရောင် ထိန်ထိန်ညီးလျက် ရှိနေပါသည်။ ဥယျာဉ်တော်ကြီး ကြောင့်လည်း မပြန်ချင် လောက်အောင် နေချင့်စဖွယ် သာယာလှပ ဆန်းကြယ်နေ ပေသည်။ ရေ - ကျုံးကြောင့်လည်း ပို၍ အလှမှာ အယဉ်ဆင့် ဖြစ်နေပေသည်။

အချိန်ရာသီစက်ဝန်းကား မည်သူ့ကိုမျှ မျက်နှာကြီး - ငယ်မလိုက်၊ ဂုဏ်ကို ပမာနမထား။ သူ့အလုပ်သူလုပ်၍ မနားတမ်းပြောင်းလည်းနေရေ၏။ အချိန်သံပတ် နောက် အမိလျှောက်နေသည့် ခေတ်သည်ရောက်ရာခရီးပေါ် မူတည်၍ အဆင် ပြောင်း၊ အသွင်ပြောင်း၊ အသံပြောင်း သွားခဲ့ကြရပေ၏။ လောက၌ မည်သည့်အရာ မျှ ထာဝရ တည်တံ့မှုမရှိ။ လောကသားအားလုံးတို့သည် အစဉ်အမြဲ ဖြစ် - ပျက်မှု အာဏာစက် အောက်တွင် နေကြရသည်မှာ လောကဓမ္မတာပင်ဖြစ်သည်။ သတိ သံဝေဂ ယူကြရမည်။ သတိသံဝေဂ အမှန်တကယ်ဖြစ်သင့်လှကြပေသည်။

❀ လူ့သက် လူ့အိမ်၊ လူ့စည်းစိမ်ကား၊ မိုးတိမ်လျှပ်နှယ်၊
ပျံ့သောကြယ်မျှ၊ ကြာနှယ်ရေဖြောက်၊ သေမီးတောက်သို့၊
ရှုပ်ပျောက်ခန္ဓာ၊ ကွယ်ရရှာသည်၊ မှန်စွာ အနိစ္စပါတကား။

(ဥမ္မာဒန္တီပျို့)

အို - သာသနာ့ဒါယကာ, ဒါယိကာမ အပေါင်းတို့ - - -

ယခု၊ အံ့ဖွယ်ကိုးဂုဏ်ထေရ်ကံ့လှံ့ တအုပ်ဖြင့် ကံ့လှံ့ဆရာတော်ဘုရားကြီး ပြန်ကြွတော်မူလာပါပြီ။

❀ ထကြလော့၊ နိုးကြလော့၊ သတိရှိကြလော့၊
ကံ့လှံ့သာသနာကို စောင့်ရှောက်ကြကုန်လော့၊
မေ့မေ့လျော့လျော့ မရှိကြစေကုန်နှင့်။

❀ အရှည်မကြာ၊ ကိုယ်ခန္ဓာကား၊ တစ်ရာအနှစ်၊ ကိုယ်၌ဖြစ်သား၊
ပြန်စစ်နိုင်းလျှာ၊ ကျေးရူးသော်မူ၊ ကျူးကျော်ကုန်ခမ်း၊
ကမ္ဘာကျွမ်းလည်း၊ ဥဒါန်းမကျေ၊ လူပြည်နတ်ရပ်၊ ပုံတင်ထပ်လိမ့် - 
ဟူသော ဝိမုရပျို့လာအရ ကံ့လှံ့ဆရာတော် ဘုရားကြီး၏ ဩဝါဒ သာသနာသည်

ကား ကမ္ဘာတည်သရွေ့ကာလကြာမြင့်စွာ စောင့်ရှောက်နိုင်ကြ ပါစေကြောင်း၊ တည်ရှိနိုင်ကြပါစေကြောင်း၊ ဆုတောင်းမေတ္တာ ပို့သ နိဂုံးကမ္ပတ် အဆုံးသတ်လိုက်ရပေတော့ သတည်း။

တာဝန်ခံစုဆောင်းစီစဉ် ပူဇော်သူ -
ဦးအောင်မြင့်ထွန်း (B.Ag)၊
အုပ်ချုပ်မှုဒါရိုက်တာ၊ Green Group Co-op Ltd.၊
ရန်ကုန်မြို့ မြန်မာပြည်၊ ဖုန်း ၀၉ - ၈၅ - ၅၀၈၁၉။



၁၅ - ၇ - ၂၀၀၀၊ စနေနေ့၊ နေ့လည် ၃း၀၀ နာရီတွင် စာရေးသူအား လက်လက္ခဏာတော်နှင့် ခြေလက္ခဏာတော်များ ချီးမြှင့်နေစဉ်

---

သာသနာ - ၂၅၅၂ ခုနှစ်၊
ကောဇာ - ၁၃၇၀ ပြည့်နှစ်၊ သီတင်းကျွတ်လပြည့်ကျော်(၁၀)ရက်၊
ခရစ် - ၂၄ - ၁၀ - ၂၀၀၈ ခုနှစ်၊ သောကြာနေ့၊ နံနက်(၈း၃၀)နာရီ။

# ၁။ (က) အံ့ဖွယ်ကိုးဂုဏ် ထေရ်ကံ့လုံ

(၁) ကံ့လုံဆရာတော်သည် ပင်းတယမြို့၊ ကန်ထောင့်ကျောင်းဆရာတော် ဦးအာဒိစ္စ၏ အဆုံးအမကို နာယူကာ ကျောင်းရှိ ဦးဝိမလအား ကျောင်းနှင့် တကွ ဂရုဘဏ် . လဟုဘဏ် ပစ္စည်းများနှင့် မိမိပိုင် ပစ္စည်းများကို တစ်ခုမကျန် အာလယပြတ် စွန့်လွှတ် လှူဒါန်းခြင်း၊

(၂) ဂဠုန်တောင်၌ တရားအားထုတ်နေစဉ် လူဆိုး,ဓားပြများက ပစ္စည်းယူရုံတင် အားမရဘဲ ဆရာတော်အား ကြိုးဖြင့်တုပ်ကာ နှိပ်စက် ညှဉ်းပန်း လာသည် ကိုပင် သည်းခံနိုင်ခြင်း၊

(၃) ကံ့လုံဆရာတော်သည် လူဆိုးဓားပြများက ပစ္စည်းကိုသာ လုယူလို့ရမည်။ ငါကျင့်ကြံအားထုတ်တဲ့ စရဏ တရားကိုတော့ လုယူလို့ရမည် မဟုတ်ပါ။ ပတ်ဝန်းကျင်ကို ကြိုးဖြေပေးပါလို့ တကြော်ကြော် အော်ခေါ်နေသော်လည်း အကူအညီ ရမည် မဟုတ်ပါ။ မြတ်ဗုဒ္ဓ၏ အရဟံ ဂုဏ်တော်သည်သာ ရန်အောင်ကြောင်း ဖြစ်သည်။ ဝိပဿနာ ဘာဝနာသည်သာ အားကိုးစရာ အစစ် ဖြစ်သည်ဟု ယူဆမိပြီး ဂုဏ်တော်ပွားသည်၊ ဂုဏ်တော်ပွား၍ စိတ်ကြည်လင်လာသောအခါ မိမိခန္ဓာကိုယ် ကို ဝိပဿနာ ရှုမှတ် ပွားများ သဖြင့် တုပ်ထားသော ကြိုးများ အလိုလို ပြေသွားခြင်း၊



(၄) ကံ့လုံဆရာတော်သည် ဘေးမဲ့ အသားလွတ် နှင့် သစ်သီးဝလံများကိုသာ ဘုဉ်းပေးတော်မူ သောကြောင့် သစ်သီးဝလံများမှ ဒက္ခိဏာသာခါ ဘုရားနှင့်တူသော ထူးဆန်း သည့် ဘူးဘုရား၊ ပြောင်းဖူးကိုး ဆူစေတီတော်များ ရောက်ရှိ လာခြင်း၊

(၅) ဆရာတော်၏ ခန္ဓာကိုယ်မှ သင်းပျံ့မွှေးကြိုင် သော ထူးခြားသည့် အမွှေးရနံ့များထွက်လျက် ရှိခြင်း၊



(၆) ဆရာတော်၏ညာဘက် လက်မတော်တွင် နဂါးရုံ ဘုရားပုံနှင့် ဘယ်ဘက် လက်မတော်တွင်ကျိုက် ထီးရိုးပုံ ပေါ်နေခြင်း၊

(၇) ကံ့လုံဆရာတော်ကြီး၏ လက်ဖဝါးတော်တွင် တစ်ဖက်၌ ရှင်ဥပဂုတ္တ ပုံတော်နှင့် အခြားတစ် ဖက်၌ရှင်သီဝလိပုံတော် ပေါ်နေခြင်း ၊

ဘယ်ဘက်(လက်)
လက္ခဏာတော်မြတ်



ညာဘက်(လက်)
လက္ခဏာတော်မြတ်



(၈) ဆရာတော်၏ ညာဘက် ခြေဖဝါးတော်တွင် ကြာဖူးပုံနှင့် ဘယ်ဘက် ခြေဖဝါးတော်တွင် ကြာခွက်ပုံပေါ်ခြင်း၊



ဘယ်ဘက်(ခြေ)
လက္ခဏာတော်မြတ်



ညာဘက်(ခြေ)
လက္ခဏာတော်မြတ်



ခြေတွင်ပါသော ဗျည်းအက္ခရာများကို
ရေးပြထားသော
ကံ့လုံဆရာတော်ကြီး၏လက်ရေးမှု

(၂၈) ဦးအောင်မြင့်ထွန်း (B.Ag) နှင့် ဦးမြင့်အောင် (B.E, Mech)

(၉) ဆရာတော်ကြီးသည် သက်ရှိထင်ရှားရှိစဉ် ကျွပ်သိန်းပေါင်း နှစ်ထောင့် ငါးရာကျော် တန်သည့် မြန်မာမှု ပန်းတစ်ဆယ့်နှစ်မျိုးပါ ထူးခြား ဆန်းကြယ်သော သိရီစကြာရတနာ ကျောင်းတော်ကြီး၌ သီတင်းသုံး နေထိုင်ခဲ့ရသည်။ ဘဝနတ်ကျောင်း ပြောင်းရွှေ့တော်မူသောအခါ၌လည်း ဆရာတော်ကြီး ၏ ရုပ်ကလာပ်တော်သည် ကမ္ဘာပေါ်မှာ တစ်ခုတည်းသာရှိသည့် ကျပ်သိန်းပေါင်း ရှစ်ထောင့် ငါးရာကျော် တန်သော စဉ့်ကျောင်းတော်ကြီး အတွင်း၌ သီတင်းသုံး စံနေတော်မူရခြင်း၊




ဤကိုးပါးသည် ဆရာတော်ဘုရားကြီး၏ ထူးခြားဆန်းကြယ် အံ့သြဖွယ် ကောင်းသော ဂုဏ်ထူးတော်များပင် ဖြစ်ပေတော့သတည်း။

တကောင်းဆရာတော် – နန်းတော်ရှေ့ဘဒ္ဒန္တ ပဝရ

# ၁။ (ခ) ထေရ်မြတ်ကုံလုံ နဝဂုဏ်

(၁) ကုံလုံ အာစရိ၊ ထေရ်ကဝိကား၊ ရှိရှိသမျှ၊ပစ္စယကို၊ တစ်စမကျန်၊ စွန့်လွှတ်ပြန်၏၊ စိတ်သန်ပျော်ရွှင်၊ တောရပ်ဝင်၊ ဉာဏ်မြင် ရှင်းလှပါဘုရား။

(၂) ပစ္စည်းလည်းယူ၊ ညှဉ်းပန်းသူကို၊ ကြည်ဖြူမေတ္တာ၊သည်းခံပါ၊ မဟာအောင်ပွဲ ပါဘုရား။

(၃) ကုံလုံထေရ်အား၊ ကြိုးတုပ်ထားလည်း၊ ဘုရားရှင်ဂုဏ်၊စိတ်အာရုံဝယ်၊ ပွားထုံဆင်ခြင်၊ စိတ်ကြည်လင်သော်၊ဉာဏ်မြင် ဝိပဿနာ၊ ရှုပွားခါ၊ မကြာကြိုးများ ပြေသွားပါဘုရား။

(၄) ထူးထွေဆန်းပြား၊ ဘူးဘုရားနှင့်၊ စိတ်ထားကြည်နူး၊မျှော်ရည်ဖူးမို့၊ ပြောင်းဖူးကိုးဆူ၊ စေတီမူ၊နတ်လူ နိဗ္ဗာန် ကူးဖို့ပါဘုရား။

(၅) သုံးဆယ့်နှစ်ကောဋ္ဌာ၊ ကိုယ်ခန္ဓာသည်၊ ဝင်းဝါစိုပြေ၊မွှေးကြိုင်ပေ၊ ကိန်းနေ သီလ အစွမ်းပါဘုရား။

(၆) ကုံလုံထေရ်ရ၊ သမဏ၏၊ လက်ဖဝါးတော်မှ ၊ လက္ခဏာကား၊ဥပဂုတ္တ၊ ရဟန္တာ တစ်ပါး၊ပေါ်ထင်ရှား၏၊ အခြားတစ်ဖက်၊ဖဝါးလက်တွင်၊ နှစ်သက်ဖွယ်ရှိ၊ရှင်သီဝလိကို၊အဘိဝန္ဒနာ၊ ဖူးနိုင်ပါ၏၊ လွန်စွာထူးသည့်၊ ပါရမီပါဘုရား။

(၇) ကုံလုံဆရာ၊ ထေရ်မဟာ၏၊ ညာခြေအထူး ၊ ကြာအဖူးနှင့်၊ တင့်ထူးတေဇာ၊ ဘယ်ခြေမှာ၊ ကြာခွက်ပုံတော်၊ ပေါ်ခြင်းပါ ဘုရား။

(၈) ကုံလုံကဝိ၊ အာစရိကား၊ သက်ရှိထင်ရှား၊ဖူးသူများ၏၊ ထူးခြားလှဘိ၊ သိရီ စကြာ၊ရတနာကျောင်းတော်၊ ကျိန်းစက်ပျော်၍၊ ပျံတော်မူလတ်၊ ရုပ်ကလာပ်သည်၊ ထူးမြတ်သာခေါင်၊ စဉ့်ကျောင်းဆောင်ဟု၊ ရွှေရောင်စံကျောင်း၊ ရွှေအခေါင်း၌၊ လျောင်းစက်စံနေ၊ ဖူးနိုင်ပေသည်၊ ထူးထွေတည့် အံ့ဖွယ်ပါဘုရား။

(၉) ဘုရားရှင်ဂုဏ်၊ ဒီအာရုံနှင့် ၊ ပွားထုံဘာဝနာ၊ ကောင်းမြတ်သာသည့်၊တေဇာ ဘုန်းဂုဏ်၊ ထေရ်ကုံလုံကို ၊ ကြည်ယုံမြတ်နိုး၊ လက်စုံမိုး၍၊ ရှိခိုးပါ၏ဘုရား၊ ကောင်းကျိုးကျက်သရေ၊ဖြိုးလက်ဝေ၍၊ ဒီရေအလား၊ ပမာထား၊ စီးပွားဥစ္စာ တိုးစေသော်၊ နှစ်ထွေကိုယ်စိတ် ကြည်စေသော်။

နန်းတော်ရှေ့ဘဒ္ဒန္တပဝရ

# ၂။ (က) ဒုက္ခမီးပုံကြီး အငြိမ်းတိုင် ငြိမ်းပါစေ

သရီရဿ ဂုဏာနဉ္စ၊ ဒူရ မစ္စန္တ မန္တရံ၊
သရီရံ ခဏ ဝိဒ္ဓံသိ၊ ဂုဏာကပ္ပန္တ ဌာယိနော၊

(မဟာဘာရတနီတိ)

ဘုရားကစ များလှသောင်းသောင်း သတ္တဝါအပေါင်းတို့သည် ရုပ်နာမ်နှစ်ခု ပေါင်းစုထားသော ပုဂ္ဂိုလ်များ ဖြစ်ကြ၏။ ရုပ်နှင့် နာမ် နှစ်ခု ပေါင်းစု၍ ခေါ်ဆိုအပ်သော ဤခန္ဓာကိုယ်သည်ကား ခန္ဓာမစဲ တဖွဲဖွဲလျှင် အမြဲမသေ့ ဖြစ် - ပျက် တတ်ကြပေ၏။ ထိုရုပ်နှင့် နာမ်ကို မှီ၍ ဖြစ်ပေါ်လာသော သီလ . သမာဓိ . ပညာ ကောင်းစွာ ကုံလုံ ပြတ်သော ဂုဏ်တို့သည်ကား ကမ္ဘာတည်အောင် ကြာရှည်မြဲခိုင် တည်ရှိနိုင်ကြပါပေ၏။

ဤသို့၊ မဟာဘာရတနီတိ ကျမ်းလာအတိုင်း ဗုဒ္ဓဂေါတမ ပရိနိဗ္ဗာန်ဝင်စံတော်မူသွားသည်မှာ နှစ်ပေါင်း ၂၅၅၂ ခုနှစ် ကြာမြင့်ခဲ့ပြီး ဖြစ်သော်လည်း ဗုဒ္ဓဂုဏ်တော်တို့သည်ကား ကမ္ဘာတစ်လွှား၌ ပြန့်ပွားတည်ရှိနေကြကုန်၏။ သို့ဖြစ်၍ ဗုဒ္ဓသာသနာတော်သည် ကမ္ဘာ့နိုင်ငံအသီးသီးတွင် ယနေ့တိုင် ထွန်းကားနေဆဲ ဖြစ်၏။

ဗုဒ္ဓသက်တော်ထင်ရှား ရှိခဲ့စဉ်က ထင်ရှားကျော်ကြားခဲ့ကြသော - ရှင်သာရိပုတ္တရာ ၊ ရှင်မဟာမောဂ္ဂလာန် ၊ ရှင်မဟာကဿပ၊ ရှင်အာနန္ဒာ အစရှိသော မထေရ်မြတ်တို့၏ ဂုဏ်တော်တို့သည်လည်း ယနေ့တိုင်အောင်ပင် ထင်ရှားကျော်ကြားနေကြဆဲပင် ဖြစ်သည်။ ထို့အတူ ၊ ကျွန်ုပ်တို့၏ ကျေးဇူးတော်ရှင် ဖြစ်တော်မူသော ကုံလုံဆရာတော်ဘုရားကြီး ဘဒ္ဒန္တတေဇနိယသည် ရုပ်နာမ်တို့၏ ဖြစ် - ပျက်မြဲ ဓမ္မတာကို မလွန်ဆန်နိုင်သဖြင့် " သဗ္ဗေသတ္တာ မရဏ ပရိယောသာနာ" = ဆိုသည့်အတိုင်း မရဏစက်ကွင်းသို့ သက်ဆင်းလိုက်ပါတော်မူခဲ့ရသည်မှာ ယခုဤစာရေးချိန်တွင် ငါးနှစ်ကြာမြင့်ခဲ့ပြီး ဖြစ်သည်။

သို့သော်လည်း၊ တရားချစ်ခင် သူတော်စင်တို့၏ နှလုံးသားဝယ် ကုံလုံဆရာတော် ဘုရားကြီး၏ ဂုဏ်တော်အပေါင်းတို့သည် ထင်ရှားပြန့်ပွားလျက် ၊ မေ့ပျောက်

မရနိုင်ဘဲ ထပ်တလဲလဲ ဂုဏ်တော်များကိုသာ အာရုံပြုလျက် နေကြ ပေသည်။ "ရူပါဝရေတိ နမဂေါတ္တံ နဝေရတိ =" ဟု သံယုတ်ပါဠိတော်လာ သည့်အတိုင်း ကျေးဇူးတော်ရှင် ကုံလုံဆရာတော်ဘုရားကြီး တစ်ဘဝ . တစ်သံသရာ ခန္ဓာဝန်ကို ရုပ်သိမ်း၍ ချုပ်ငြိမ်းသွားတော်မူပြီးဖြစ်သော်လည်း ၊ ဆရာတော်ဘုရားကြီး၏ သီလ. သမာဓိ. ပညာ သာသနာဂုဏ် ကုံလုံပြည့်ဝတော်မူသော ဂုဏ်တော် အပေါင်းတို့သည်ကား မြန်မာပြည်တွင်းသာမက ကမ္ဘာအနှံ့တိုင်အောင် အံ့ချီးမကုန် မြတ်သောဂုဏ်တို့သည် ပြန့်ပွား ထွန်းကား ကျော်ကြားလျက် ရှိနေပေသေးသည်။

ယခုရေးသားထားသော "အံ့ဖွယ်ကိုးဂုဏ် ထေရ်ကုံလုံ" အမည်ရှိ ဤစာအုပ်သည် ဆရာတော်ကြီး၏ ဂုဏ်တော်များအနက် ရစ်သောင်းလေးထောင် အနက်ဆောင်၍ များမြောင်လှစွာသော သမုဒ္ဒရာ ရေပြင်ထက်မှ တစ်စက်တစ်ပေါက် ရေကဲ့သို့မျှသာ ထုတ်နုတ်ပြသလိုက်ခြင်း ဖြစ်ပေသည်။ ရေတစ်အိုး မိုးတစ်ပေါက် ဆိုသကဲ့သို့ စာအုပ်ငယ်လေးသည် မိုးစက်တစ်ပေါက် ပမာ သေးငယ်လှသည်ဟု ဆိုရပါသော်လည်း၊ စာအုပ်ကို ဂယနကာ စေ့စပ်သေချာ လေ့လာဖတ်ရှု နှလုံးသွင်း ကျင့်ကြံသူ အပေါင်းတို့အား ၊ ယနေ့ ကမ္ဘာလောကကြီးတွင် မျက်မြင်ဒိဋ္ဌ ကြုံတွေ့နေကြရသော - ( သောကပူလောင် နေကြရသူအပေါင်းတို့၏ လောဘမီး . ဒေါသမီး. မောဟမီး. ဇာတိမီး . ဇရာမီး . မရဏမီး . သောကမီး . ပရိဒေဝမီး. ဒုက္ခမီး . ဒေါမနဿမီး . ဥပါယာသမီး ဟုဆိုအပ်သော) တစ်ဆယ့်တစ်သီး ဒုက္ခမီးတို့မှ အမှန်တကယ်ပင် အေးငြိမ်း ချမ်းသာမှုကို ပေးစွမ်းနိုင်လိမ့်မည် ဟု ယုံကြည်မိ ပေသည်။

တစ်နည်း ဆိုရသော် - ချစ်သားအာနန္ဒာ၊ အကြင်လူတို့သည် သံဝေဂ ရစေနိုင်သော သံဝေဇနိယ လေးဌာနနှင့် ဘုရားအဆူဆူတို့ မစွန့်အပ်သည့် အဝိဇဟိတ လေးဌာန တို့သို့ ဘုရားဖူးခရီးလှည့်လှည်မှုကို ပြု၍ ကြည်ညိုစိတ်ဖြင့် သေလွန်ကြကုန်အံ့။ ထိုသူအားလုံးတို့သည် ခန္ဓာကိုယ်ပျက်စီး၍ သေလွန်ပြီးနောက် နတ်ရွာ သုဂတိသို့သာ ရောက်ကြကုန်လတ့ံ - ဟု မဟာပရိနိဗ္ဗာနသုတ် ပါဠိတော်၌လာ၏။

သို့ဖြစ်၍ သံဝေဂရစေနိုင်သော ကျေးဇူးတော်ရှင်ကုံလုံဆရာတော်ဘုရားကြီး -

(က) ဖွားမြင်တော်မူခဲ့ရာ - ရွှေချက်သိုစေတီတော်၊ တမဲ့ရွာ၊ ထယ်သွန်းကျေးရွာအုပ်စု၊ ပင်းတယမြို့နယ်၊

(၃၂) ဦးအောင်မြင့်ထွန်း (B.Ag) နှင့် ဦးမြင့်အောင် (B.E. Mech)

(ခ) အမိုးပြုတရားအားထုတ် ကျင့်ကြံတော်မူခဲ့ရာ - ကံ့ကော်ပင်ကြီး၊

(ဂ) အရိုးကြေကြေ အရေခမ်းခမ်း တရားအားထုတ်ကျင့်ကြံတော်မူခဲ့ရာ - အောင်မင်္ဂလာ လိုဏ်ဂူတော်ကြီး၊

(ဃ) ဝေနေယျ သတ္တဝါအပေါင်းတို့ကို တရား ဓမ္မစက်ဖြန့်ဝေရာ ဂဠုန်တောင်၊ ကုံလုံကျောင်းတိုက်၊

(င) သက်တော်ထင်ရှားရှိဆဲက သီတင်းသုံးတော်မူခဲ့ရာ မြန်မာမှု ဗိသုကာ ပန်းတစ်ဆယ့် နှစ်မျိုးပါ အံ့ဖွယ် သိရီစကြာ ရတနာကျောင်းတော်ကြီးနှင့်

(စ) တစ်ဘဝခန္ဓာ ရုပ်ကလာပ်တော်စံတော်မူရာ ကမ္ဘာတစ်ခွင် ထင်ရှား ကျော်ကြားလှသည့် စဥ့်ကျောင်းတော်ကြီး တို့သို့ သွားရောက်လှည့် လှည် ဖူးမြော်ကြည်ညို နိုင်ကြပါသည်။

ဤသို့ စိတ်စေတနာ သဒ္ဓါတရားထက်သန်စွာ ကြည်ညိုကြသူ အပေါင်းတို့သည် - ကုံလုံဆရာတော်ကြီး၏ ပုံတော်မှသည် ဂုဏ်တော် ဆီသို့ သံဝေဂယူ အနက် ထင်ပွားများ အာရုံပြု၍ သံသရာ မီးတောက်ပုံ ကြီးမှ အပြီးတိုင် ငြိမ်းအေး ချမ်းသာ မှုကို အမှန်တကယ်ရရှိ ခံစား စံစား နိုင်ကြပါစေကြောင်း ဆုတောင်းပတ္ထနာ ပြုရင်း နိဂုံးချုပ်လိုက်ပါသတည်း။



ဘဒ္ဒန္တပညာသိရီ ဘိဝံသ
အဂ္ဂမဟာပဏ္ဍိတ၊
အဂ္ဂမဟာဂန္ထဝါစက ပဏ္ဍိတ၊
တိပိဋက ပါဠိ - မြန်မာ အဘိဓာန်
ကျမ်းပြုအဖွဲ့ဝင်၊
မင်္ဂလာဗိမာန်ကျောင်း၊
မဟာဝိသုဒ္ဓါရုံ တိုက်သစ်၊
မန္တလေးမြို့ ဖုန်း ၀၂ - ၃၀၀၄၉။

၂၅၅၂ ခုနှစ်၊
၁၃၇၀ ပြည့်နှစ်
တော်သလင်းလဆန်း(၁၃)ရက်၊
၁၂ - ၉ - ၂၀၀၈ ခုနှစ်၊
သောကြာနေ့၊ နေ့လည်(၂)နာရီ။

# (ခ) ရာပြည့်သက်တမ်း အလွှမ်းပြေရာ မြတ်ပူဇာ

## ခန္ဓာ နှင့် ဂုဏ် ခြားနားပုံ

☼ ခန္ဓာနှင့် ဂုဏ်၊ နှစ်ခုစုံ၊ ဖြစ်ပုံခြားနားသည်။
☼ ဤခန္ဓာညစ်၊ ကိုယ်အဖြစ်၊ အပြစ်လွန်များသည်။
☼ ခန္ဓာကိုယ်မှာ၊ ခဏသာ၊ မကြာပျက်တတ်သည်။
☼ သိကြားပြဟ္မာ၊ မင်းစကြာ၊ အကာအတိဖြစ်ပါသည်။
☼ ဖြစ်လာသမျှ၊ ပျက်စီးရ၊ မုချမှန်ပေသည်။
☼ ကျင့်မြတ်အထူး၊ ဂုဏ်ကျေးဇူး၊ ချီးကျူးမကုန်ပြီ။
☼ ကမ္ဘာဆုံးတိုင်၊ မပျက်နိုင်၊ ခန့်ခိုင်ဂုဏ်ထူးမည်။
☼ ဂုဏ်ကျေးဇူးသာ၊ ဤကမ္ဘာ၊ ရှည်ကြာတည်တံ့သည်။

(ဟိတောပဒေသ၊ မိတ္တလာဘ၊ ဂါထာ ၄၉)

## ပြိုင်စံကင်းရှား လွှန်ထူးခြား

☼ ကုံလုံထေရ်မော်၊ ဆရာတော်၊ ဖူးမြော်မစဲပြီ။
☼ ကိုးဆယ့်ခြောက်ဖြာ၊ သက်တော်မှာ၊ ခန္ဓာ (နာမ်ရုပ်) ပြိုကွဲသည်။
☼ ရုပကန္ဓာ၊ ရုစရာ၊ လူ့ရွာ ကျန်သေးသည်။
☼ စဥ့်ကျောင်းဆောင်တော်၊ အံ့ဖွယ်ကျော်၊ ဖူးမြော်နိုင်ပါသည်။
☼ သံဝေဂတင်၊ ဉာဏ်ဆင်ခြင်၊ ရှုမြင်ပွားသင့်သည်။
☼ စက်ဆုပ်စရာ၊ ရုပ်ခန္ဓာ၊ ရှုပါ အို - - ယောဂီ။
☼ ရုပ်တစ်ခုသာ မရှုရာ၊ နာမ်ပါ ဖြစ် - ပျက် ရှုရမည်။
☼ ကုံလုံထေရ်မြတ် ၊ ရုပ်ကလာပ် ၊ နီးကပ် ဖူးနိုင်သည်။
☼ ကြောက်ဖွယ့် ဘုန်းတန်း၊ အံ့မခန်း ၊ ထူးဆန်းလှပေသည်။
☼ ဘုန်းတန်ခိုးကား၊ ပြိုင်စံရှား၊ ထူးခြား စုံလင်သည်။

## ပူဇော်ဦးနှိမ် ရာပြည့်ချိန်

- ☼ တန်ဖိုးနည်းစွာ၊ ရုပ်ခန္ဓာ၊ မကြာပျက်နိုင်သည်။
- ☼ ပင်းတယကုံလုံ၊ ထေရ်မြတ်ဂုဏ်၊ မွှေးထုံသင်းပျံ့သည်။
- ☼ နာမည်မသေ၊ ခန္ဓာသေ၊ ဂုဏ်တွေကျန်ရှိသည်။
- ☼ ခန္ဓာနှင့် ဂုဏ်၊ နှစ်ခုစုံ ၊ ကုံလုံထူးဆန်းသည်။
- ☼ ပူဇော်ထိုက်ရာ၊ မင်္ဂလာ၊ ပူဇာ သင့်တော့သည်။

## ကုံလုံဆရာတော်ဘုရားကြီး ပြန်ကြွလာပါပြီ

- ☼ ရာပြည့်ချိန်ခါ၊ ရောက်လို့လာ၊ သူငါ ဖူးကြမည်။
- ☼ ကိုယ်ပွားခန္ဓာ၊ ရုပ်တုမှာ၊ ကောင်းစွာပူဇော်မည်။
- ☼ ဘုန်းတော်. ဂုဏ်တော်၊ ကျေးဇူးတော် ၊ တွေးမျှော်ဖူးကြမည်။
- ☼ ရာပြည့်သက်တမ်း၊ ဂုဏ်တော်မှန်း၊ အလွမ်းဖြေကြမည်။
- ☼ ကုံလုံဘုန်းတန်း၊ အံ့မခန်းကို၊
  အလွမ်းတော်ဖြေ၊
  လွမ်းစိတ်ပြေအောင်၊
  ပန်းရေ ဆီမီး ၊ ဆွမ်း သစ်သီးကို၊
  လှူပြီး၍သာ၊ ပူဇော်ရာသည်၊
  လိုရာဆန္ဒ ပြည့်စေသော်။
  ကုံလုံထေရ်ရ မေတ္တာတော်။
  ကုံလုံကြွယ်ဝကြစေသော်။
  ပိုကာလျှံကျ ရှိစေသော်။



သာသနာ - ၂၅၅၂ ခုနှစ်၊
ကောဇာ - ၁၃၇၀ ပြည့်နှစ်၊
သီတင်းကျွတ်လပြည့် (၁၅)ရက်၊
ခရစ် - ၁၄ -၁၀ -၂၀၀၈ ခုနှစ်၊
အင်္ဂါနေ့၊ ညနေ(၅)နာရီ။

နန်းတော်ရှေ့- ဘဒ္ဒန္တ ပဝရ
တကောင်းကျောင်းတိုက်၊
၆၂လမ်း၊ ၂၂ × ၂၃လမ်းကြား၊
မန္တလေးမြို့
ဖုန်း ၀၉ -၂၀၇၃၄၀၆။

# ၃။ ရာပြည့်ဂုဏ်ရောင် တောက်ပြောင်ထင်ပေါ် ကုံလုံဆရာတော်

(က) ကုံလုံထေရော သတသဉ်၊ မုပေတိ ရညဝါသိကော၊
ဏ္ဍာဒိ ကမ္မိကော ဆေရော၊ ဂုဏာဒေါနော ပိတာ မဟော၊

| | | |
|---|---|---|
| အရညဝါသိကော | = | သီလဖြူစင်၊ ကျင့်မှုတင် နှင့်၊ လူရှင်မနီး၊ တောမြိုင်ကြီးဝယ်၊ သစ်သီးကိုစား၊ မေတ္တာပွားလျှက်၊ သစ်.ကျား. ခြင်္သေ့ ၊ အဖော်တွေ၍ ၊ ပျော်မွေ့.လျှိုမြောင်၊ ဂဠုန်တောင်တောအရပ်၌၊ မပြတ်ရှင်ပြုံး ၊ သီတင်းသုံး နေထိုင်တော်မူသော။ |
| ကုံလုံထေရော | = | စိတ်ရှိသလောက်၊ သိဒ္ဓိပေါက်၍ ၊ စိန်. ကျောက်. မြသား၊ ပတ္တမြားတို့၊ ပေါများကုံလုံ၊ ပေါပြည့်စုံ၍၊ ကုံလုံ. ကုံလုံ၊ ကိုးပါးဂုဏ်တို့နှင့်၊ ပြည့်စုံကျော်ဟည်း၊ ဆရာတော်ကြီးသည်။ |
| သတ သဉ် | = | အရညဝါသီ၊ တောရပ်မှီ၍ ၊ ကမ္ဘာပြည်တစ်ဝှမ်း၊ ဘေးမသမ်းအောင်၊ အေးချမ်းမေတ္တာ၊ ကရုဏာဖြင့်၊ ရတနာအတိ၊ ကမ္ဘာသိအောင်၊ တစ်ရာပြည့်ခေါ်၊ သက်တမ်းတော်သို့။ |
| ဥပေတိ | = | ရွှေ. ငွေရတု၊ စိန်ရတုတို့ထက်၊ နှိုင်းတုမမှီ၊ ဂုဏ်ရည်ကဲမောက်၊ တံခွန်ဆောက်ပြီး၊ ဆိုက်ရောက်၍၊ လာခဲ့လေပြီတကား။ |
| ဏ္ဍာ | = | ဗုဒ္ဓမြတ်စွာ၊ သာသနာ၏၊ ရောင်ဝါနေဝန်း၊ ပထွန်းလျှမ်းဝေ၊ ရှမ်းပြည်ဒေသ၊ ပင်းတယ၌ ။ |
| အာဒိ ကမ္မိကော | = | ဗုဒ္ဓမြတ်စွာ၊ သာသနာ၏၊ ရောင်ဝါနေဝန်း၊ ထွန်းလင်းဝေပြောင်၊ ဂဠုန်တောင်ဟု၊ ရွှေရောင်လွှမ်းသည့်၊ ရှမ်းပြည်ဒေသ၊ ပင်းတယဝယ်၊ ပထမ၌၊ ပထမဦးဆုံး၊ |

သာသနာပြု၊ ပုဂ္ဂိုလ်ကြီးပါပေတည်း။

| | | |
|---|---|---|
| ထေရော | = | ကမ္ဘာ့တိုင်းခွင်၊ သမိုင်းဝင်၍၊ ဂုဏ်လွှင်ရောင်ဖိတ်၊ ရှမ်းတောင်ထိပ်ဝယ်၊ အောင်ဘိသိက်ဖြန်း၊ အောင်စခန်းပြည့်စုံ၊ ကံ့လုံဆရာတော် ဘုရားကြီးသည်။ |
| နော | = | ရှမ်းပြည်ပင်းတယ၊ ကျော်စောလှသည့်၊ တောရအရညဝါသီ၊ လဇ္ဇီသူမွန်၊ သီလဝန်ဟု၊ ထူးချွန်ထင်ပေါ်တပည့်ပေါက်တို့၏။ |
| ဂုဏဒေါ | = | အရညဝါသီ၊ ဂုဏ်ရည်ပျံ့မွှေး၊ အရေအသွေး၊ တက်ပစေဟု၊ ကျက် သရေမင်္ဂလာ၊ အစဉ်သာ၍၊ ဂုဏ်ဝါရောင်ဓာတ်၊ ပေးဝေတတ်သော။ |
| ပိတာမဟော | = | ကမ္ဘာအစ၊ ပြဟ္မာကလျှင်၊ မဟာသမတနွယ်ရိုး၊ ကမ္ဘာစိုးခဲ့သည့်၊ မဟာမျိုးမဟာနွယ်၊ စင်ကြယ်ပဝင်း၊ ပြဟ္မာမင်းကြီးအသွင်၊ သာသနာဝင်၊ ကမ္ဘာတွင်မည့်၊ ဆရာရှင် .ကျေးဇူးရှင်၊ မထေရ်မြတ်ကြီး၊ ဖြစ်ပါတော့သည် အရှင်ဘုရား။ ။ |

(ခ) ထေရသ ဝိဇာတကာလော၊ ဏ္ဍဒါနိ သတိမံ ဂတော၊
မဟာမဟံ မယံ ကုမ္မ၊ ထေရဂုဏာ နသာရိတံ၊

| | | |
|---|---|---|
| ထေရသ | = | ပြည်ထောင်စုဖွား၊ တိုင်းရင်းသားတို့၊ အားထားမှီခို၊ ကြည်ညိုပူဇော်၊ ကမ္ဘာကျော်သည့်၊ ဆရာတော်၊ ဘဒ္ဒန္တတေဇနိယ၊ အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မဇောတိက၊ သာသနာ့ထိပ်ခေါင်တင်၊ ကျေးဇူးရှင်ကံ့လုံဆရာတော် ဘုရားကြီး၏။ |
| ဝိဇာတကာလော = | | ရှမ်းပြည်တောင်ပိုင်း၊ ပင်းတယမြို့နယ်၊ ထယ်သွန်းကျေးရွာအုပ်စု၊ တမဲရွာတွင် ၊ ခမည်းတော်ဦးထူး၊ မယ်တော်ဒေါ်ထွေးမိ၊ မိဘနှစ်ပါးတို့မှ၊ ပေါက်ဖွားခဲ့ရာ၊ ချိန်အခါသည်။ |
| ဒါနိ | = | ၁၃၇၀ပြည့်နှစ်၊ တန်ခူးလဆန်းလေးရက်၊ ရောက်လာယခုအခါ၌။ |

သတိမံ = တစ်ဇုခေတ်. တစ်ခေတ်၊ တစ်နှစ် . နှစ်ဖြင့်၊ စင်စစ်ရွှေ့ပြောင်း၊ နှစ်ပေါင်းတစ်ရာပြည့်၊ သက်တမ်းသို့။

ဂတော = သာသနာအတွက်၊ အဖက်ဖက်မှ၊ ဆောင်ရွက်တော်မူ၊ ဆေးမကူဘဲ၊ အေးအေးလူလူ၊ နိဗ္ဗူနန်းရောက်၊ ဆိုက်ရောက်ခဲ့လေပြီတကား။

တသ္မာ = ထိုသို့လျှင် ၊ သာသနာတစ်ခေတ်၊ သမ္ဘာသစ်၍၊ တစ်ရာနှစ် သက်တမ်းသို့၊ တက်လှမ်းရောက်ရှိလာပြီ၊ ဖြစ်ပါသောကြောင့်။

မယံ = ထေရ်ရှင့်ဂုဏ်ရည်၊ စုံအညီကို၊ ယုံကြည်လေးမြတ်၊ သဒ္ဓါတတ်ဖြင့်၊ မပြတ်ပူဇော်၊ တပည့်တော်တို့သည်။

ထေရဂုဏာနုသာရိတံ = မြင့်မိုရ်တောင်ဦး၊ မကကျူးသည့်၊ ကျေးဇူးတော်သခင်၊ မြတ်ထေရ်ရှင်ကို ၊ အစဉ်မှန်းဆ၊ လွှမ်းမဝဘဲ၊ မပြတ်ခဏ. ခဏ၊ အမှတ်ရအောက်မေ့ရာဖြစ်သော။

မဟာမဟံ = ရွှေ. ငွေရတု၊ စိန်ရတုတို့ထက်၊ နှိုင်းတုမမှီ၊ ဂုဏ်ရည်ကဲသာ၊ ရတနာအတိ၊ ကမ္ဘာသိအောင်၊ တစ်ရာပြည့်ခေါ်၊ ပူဇော်ပွဲတော်ကြီးကို။

ကုမ္မ = ထေရ်ရှင်ဘုန်းမြတ်၊ ရုပ်ကလာပ်ကို၊ မပြတ်ကော်ရော်၊ ပူဇော်ပြုလုပ်ကြပါကုန်၏။

ကုမ္မ = ကမ္ဘာတွင် သာသနာဝင်၊ တစ်ခေတ်ဆန်းစေဖို့၊ မဖြစ်စဖူး ဖြစ်ပေါ်၊ သာသနာတော်၊ အရောင်တင်၍၊ အောင်မြင်စွာ၊ ပြုလုပ်ခဲ့ကြပါကုန်သည် အရှင်ဘုရား။

(ဂ) မဟီတုလျ မဟာသီလော၊ မဟာမေရု သမာဓိကော၊
ဝဇိရ ပညော ထေရောနဋ္ဌော၊ ကိတ္တိသဒ္ဒေါဝ သေသကော၊

မဟီတုလျ မဟာသီလော = မဟာပထဝီ၊ ဤမြေအထု၊ နှိုးယှဉ်ပြုလောက် သည့်၊ စတုပါရိ၊ သုဒ္ဓိလေးစုံ၊ သီလဂုဏ်ရှိတော်မူပေထသော။

မဟာမေရု သမာဓိကော = လေးကျွန်းဇဟို၊ တောင်မြင့်မိုရ်သို့၊ နှိုင်းဆိုသင့်လျှော်၊ သမာဓိတော်လည်း၊ ရှိတော်မူပေထသော။

(၃၈) ဦးအောင်မြင့်ထွန်း (B.Ag) နှင့် ဦးမြင့်အောင် (B.E, Mech)

| | | |
|---|---|---|
| ဝဇီရပဉ္ဉော | = | သိကြားလက်နက်၊ ဝရဇိန်စက်ကဲ့သို့၊ ထက်မြတ်ရင့်သန်၊ ပညာဉာဏ်ကြီးမားတော်မူ ပေထသော။ |
| ထေရော | = | ရှမ်းပြည်တောင်ပိုင်း၊ ပင်းတယမြို့က၊ ဂဠုန်တောင်၌၊ ဂုဏ်ရောင် ကျော်ဟည်း၊ ကုံလုံဆရာတော်ဘုရားကြီးသည်။ |
| နဋ္ဌော | = | ကောင်းကင်နေလ၊ ကြွေကာကြသို့၊ ကမ္ဘာ့အလယ်၊ ပျောက်ကွယ်ခဲ့လေပြီတကား။ |
| ကိတ္တိသဒ္ဒေါ | = | ကုံလုံ့ကုံလုံ၊ ကမ္ဘာတုန်အောင်၊ မြတ်ဂုဏ်ကျော်ဟည်း၊ ဂဠုန်တောင်ဆရာတော်ကြီးဟူ၍၊ အံ့ချီးမကုန်၊ မြတ်သော ဂုဏ်တော်မျှသာလျှင်။ |
| သေသကော | = | လူရှင်နတ်ဖျား၊ တ. သောအားဖြင့်၊ ပြောကြား မသွေ၊ ကျန်ရစ်ခဲ့လေပြီတကား။ |
| သေသကော | = | ကပ္ပဌာယီ၊ ကမ္ဘာတည်အောင်၊ နာမည်ဂုဏ်သတင်း၊ ရှင်လူခပင်းတို့၊ တ. ရင်းပြောကြား၊ မေ့မသွားဘဲ၊ ခေတ်စားသောအနေ၊ ကျန်ရစ်ခဲ့လေပြီတကား။ |
| အဟော | = | ခန္ဓာရုပ်နာမ်၊ ဖြစ်ပျက်မြန်၍၊ နိဗ္ဗာန်မရသေးသမျှ၊ ဘဝတွေ မနိုင်မြဲဘဲ၊ ယိုင်လဲသေဆုံး ကြရဦးမည်၊ အမှန်ပါတကား။ |
| အဟော | = | မသေရာမှန်၊ ပြည်နိဗ္ဗာန်၊ ထက်စခန်းဆီသို့၊ အရိယာမဂ်လမ်းဖြင့်၊ မတက်လှမ်းနိုင်သေးသမျှ၊ ဘဝတွေ အခြေမမြဲဘဲ၊ တစ်သေတည်း သေနေကြရဦးမည် အမှန်ပါတကား။ ။ |

သာသနာ - ၂၅၅၂ ခုနှစ်၊
ကောဇာ - ၁၃၇၀ ပြည့်နှစ်၊
တော်သလင်းလဆန်း(၁၃)ရက်၊
ခရစ် - ၂၂-၁၀-၂၀၀၈ ခုနှစ်၊ ဗုဒ္ဓဟူးနေ့၊
ညနေ(၅)နာရီ။

ဘဒ္ဒန္တပညာသိရီဘိဝံသ
အဂ္ဂမဟာပဏ္ဍိတ၊
မင်္ဂလာဝိမာန်ကျောင်း၊
မန္တလေးမြို့။

# ထေရုပ္ပတ္တိ အကျဉ်း

## ၁။ ဒသက ဆယ်ပါး - ဘာဝနာပွား

## (၁) ဖွားမြင်တော်မူခြင်း - မန္ဒဒသကအခွယ်

(က) မူလမဟာတိုင်၊ မူလရာသီဇာတာ၊ နဝင်းဇာတာ၊ အထွန်းတိုင်

| | |
|---|---|
| ကလိယုဂ်နှစ် | - ၅၀၂၁ - ခုနှစ်၊ |
| သာသနာနှစ် | - ၂၄၅၁ - ခုနှစ်၊ |
| မြန်မာသက္ကရာဇ် | - ၁၂၆၉ - ခုနှစ်၊ နှောင်းတန်ခူးလဆန်း (၄) ရက်၊ |
| ခရစ်နှစ် | - ၁၉၀၈ - ခုနှစ်၊ ဧပြီလ (၄) ရက်၊ စနေနေ့၊ ညနေ (၆း၀၀) နာရီအချိန်၊ တမဲကျေးရွာ၊ ထယ်သွန်းကျေးရွာအုပ်စု၊ ပင်းတယမြို့နယ်၊ ရှမ်းပြည်နယ် တောင်ပိုင်းတွင် မွေးဖွားသန္ဓေစင်တော်မူသည်။ |
| အရော့လောင်ဂျီတွဒ် | - ၉၆ - ဒီဂရီ၃၇ - မိနစ်၊ |
| မြောက်လတ္တီတွဒ် | - ၂၀ - ဒီဂရီ၃၇ - မိနစ်၊ (±) ၃ - ဒီဂရီ၃၂ - မိနစ်၊ |



မူလမဟာတိုင်



မူလရာသီဇာတာ



နဝင်းဇာတာ



အထွန်းတိုင်



ဒွိစက္က၊ စက်ဝိုင်းနှစ်လုံး ဇာတာ ( ရာသီစက်၊ နဝင်းစက် )

ဖွားမြင်သည်မှ ဆယ်နှစ်သားအရွယ်ထိ၊ အလွန်နုနယ်သောအရွယ်သည် မန္ဒဒသက အရွယ်ဖြစ်သည်။ ကုသိုလ်၊ အကုသိုလ်ကို ပိုင်ပိုင်နိုင်နိုင် ခွဲခွဲခြားခြား မသိတတ်သေးပါ။ အရာရာတွင် မိဘနှင့် မိဘကဲ့ သို့သော ဆွေမျိုးလူကြီးများက ပြုပြင်သလို ခံယူနေကြရသည့်အရွယ်ဖြစ်သည်။ မိမိ၏ ကိုယ်စွမ်း၊ ဉာဏ်စွမ်းကို ပီပီပြင်ပြင် အသုံးမချနိုင်သေးသောအရွယ်လည်းဖြစ်သည်။

## ( ၂) ရှင်အဖြစ်သို့ရောက်ခြင်း - ခိဍ္ဍာ ဒသက အရွယ်

ဆယ်နှစ်သားမှ အသက်နှစ်ဆယ်အရွယ်ထိ၊ ခန္ဓာကိုယ်အတွင်းမှ အသွေး၊ အသား တွေ အလွန်တိုးတက်လာပါပြီ။ ကုသိုလ် - အကုသိုလ်ကို ပိုင်ပိုင်နိုင်နိုင် ခွဲခြားသိတတ်ကာစ ပင်ရှိသေးသည်။ သွေးသားတွေ များစွာလှုပ်ရှား ကစားပျော်ပါး နေသည်။ ကစားနေသော ကြောင့်ပင် အချိန်ကုန်သွားသည်။ ဆယ်ကျော်သက် အရွယ်က ကြွကြွမြူးမြူး ကြည်နူးမဆုံး အပျော်ဆုံးအရွယ်ဖြစ်ပါသည်။

ဆရာတော်လောင်းလျာသည် အသက်တစ်ဆယ့်သုံးနှစ်အရွယ် ကောဇာ ၁၂၈၂ ခုနှစ်သို့ ရောက်သော် တောင်ကြားကြီးရွာမှ - ရှင်ဒါယကာ ဦးအောင်နှင့်၊ ဒါယိကာမ ဒေါ်ပိုတို့၏ ပစ္စယာနုဂ္ဂဟ ကိုခံယူကာ၊ ရှင်သာမဏေအဖြစ်သို့ ရောက်ရှိတော်မူခဲ့ပြီး၊ ဘွဲ့အမည်မှာ - ရှင်တေဇနိယ ဖြစ်သည်။ ဘုရားနီကျောင်း ဆရာတော်၏ စီစဉ်ပေးချက်အရ မန္တလေးမြို့ အသောကာရာမကျောင်းတိုက်၊ ကံသာကျောင်းတွင် ရှင်သာမဏေ လေးဝါရသည့်အထိ ပညာသင်ကြားခဲ့သည်၊ ယခုဘဝ ကံကောင်း

ထောက်မ၍၊ ဝတ်ရုံခွင့်ရသော သင်္ကန်းကို မြတ်နိုး၏။ တန်ဖိုးထား၏။ လေးစား၏။ တန်ဖိုးထားမြတ်နိုးသလောက် အခြားသော သင်္ကန်းဝတ်များကလည်း တန်ဖိုးထား၊ လေးစား၊ မြတ်နိုးစေချင်သောဆန္ဒ ရှိသည်။ သင်္ကန်းဝတ်ပုဂ္ဂိုလ်တိုင်းလည်း တန်ဖိုး ရှိစေချင်သည်။ ကျက်သရေ ရှိစေချင်သည်။ သိက္ခာ ရှိစေချင်သည်။ မြင့်မြတ်စေချင်သည်။ ဤသို့သော ပုဂ္ဂိုလ်မြတ်တစ်ပါးသာတည်း။

ဆရာတော်သည် ငယ်ဆရာတော် ဘဒ္ဒန္တ ဂန္ဓမာထံ ဆည်းကပ်ခဲ့မှုကြောင့် ပန်းချီ၊ ပန်းပု၊ ဆေး၊ အင်း၊ မန္တန် စသော ပညာရပ်များ ကိုလည်း ထူးချွန်စွာ သင်ယူခဲ့သည်။ဆရာတော် ဘဒ္ဒန္တ ကိတ္တိထံတွင် တိုင်းရင်းဆေးပညာကို တတ်မြောက်ခဲ့သည်။ စနေသား ပီသစွာ သတ္တိ၊ ဇွဲတ္တိ ရှိပြီး၊ စိတ်မြန် - ကိုယ်မြန်၊ သွက်သွက်လက်လက်ရှိသောကြောင့် ဆရာသမားများ၏ ချစ်ခင်အားကိုးခြင်းကို အထူးခံခဲ့ရသူ တစ်ဦးဖြစ်သည်။

## (၃) ရဟန်းအဖြစ်သို့ရောက်ခြင်း - ငွေ့ ဒသကအရွယ်

အသက်နှစ်ဆယ်မှ အသက်သုံးဆယ်အရွယ်ထိ၊ မိမိကိုယ်မိမိ အလုကြည့်နေသော အရွယ်ဖြစ်သည်။ အသွေး၊ အသား အရောင်အဆင်း လှပပြည့်ဖြိုးနေကြပါပြီ။ မှန်ကြည့် လိုက်၊ သနပ်ခါးလိမ်းလိုက်၊ ပန်းပန်လိုက်၊ အဝတ်အစားသစ်တွေလဲလိုက် လုပ်နေ တတ်သည်။ကုသိုလ်၊ အကုသိုလ်ကို ပိုင်ပိုင်နိုင်နိုင် ခွဲခြားသိတတ်နေပါပြီ။ ငါလိုလူဇမ္ဗူမှာ ရှိသေးရဲ့လား ဟု အတ္တ အလွန်ကြီးနေတတ်သည်။ နှစ်ဆယ်ကျော်မမတို့အရွယ်ကား အလုပြင်ကောင်းတုန်း လှမာန်ဝင့်ထယ်၊ လှသွေးကြွယ် သည့် အလှအပဆုံး အရွယ်ပေတကား။

ကုံလုံဆရာတော်သည်ကား အသက်(၂၀)ပြည့်အရွယ်တွင် ရဟန်းခံရန် မန္တလေးမြို့မှ ရွာသို့ ပြန်ကြွလာသည်။ ရဟန်းဒါယကာများမှာ - တောင်ကြားကြီးရွာနေ ပဥ္စင်း ဘကြွေ၊ ဒါယိကာမ ဒေါ်ဆွေ တို့က ကြီးမှူး၍၊ တမဲရွာနေ ဦးဘိုးနီ၊ ဒေါ်လန်း၊ ဒေါ်အမာတို့၏ ပစ္စယာနုဂ္ဂဟဖြင့် ဆရာတော် လောင်းလျာသည် မြင့်မြတ်သော ရဟန်းဘဝကိုရရှိတော်မူခဲ့သည်။

(၄၂)  ဦးအောင်မြင့်ထွန်း (B.Ag) နှင့် ဦးမြင့်အောင် (B.E, Mech)

ဆရာတော်၏ရဟန်းရက်ချုပ်မှုရင်းကို ဖော်ပြရလျှင် -
**တိသရဏ၊ အပဲဝန္ဒာမိ၊ ဗုဒ္ဓသာသနံ စိရံ တိဋ္ဌတု။**



အာသီသပြု၍ယခုအခါတွင် ဘုရားရှင်သာသနာ သန်္ဒျာတွက်စစ် သက္ကရာဇ် ၅၀၀၀ - ရှိသည့်အနက်တွင်၊ သာသနာနှစ် ၂၄၇၁ - ခုနှစ်၊ ကောဇာသက္ကရာဇ် ၁၂၈၉ - ခုနှစ်၊ ဝါဆို လဆန်း ၄ - ရက်နေ့၊ စနေနေ့ (အသက် ၁၉ - နှစ်၊ ၆ - လ ပြည့်သောနေ့) နေတက် သုံးချက်တီး အချိန်တွင်၊ ပင်းတယမြို့နယ်၊ထယ်သွန်းတိုက်၊ဘုရားနီကျောင်း၊ ခဏ္ဍသိမ်တော် အတွင်း ၌၊ ယခုဘော်တွင်းနယ်၊ ငွေတောင် ကျောင်း (ခွေးကုပ်ကျောင်း) ပအိုဝ်ဆရာတော် ဘဒ္ဒန္တကိတ္တိ သက်တော်၇၂၊ ဝါတော်၄၉ - ဝါကို ဥပဇ္ဈာယ်ပြု၍ -

❋ သက်တော်၅၄၊ ဝါတော် ၃၂ - ဝါရရှိသောအင်းဝန်းကျောင်းဆရာတော်ကို လက်ယာ ကမ္မဝါဆရာ၊
❋ သက်တော် ၄၀၊ ဝါတော် ၂၀ - ဝါရရှိသော ဘဒ္ဒကျောင်း ဆရာတော်ကို လက်ဝဲ ကမ္မဝါဆရာပြု၍၊

ကာရကသံဃာတော် ၂၁ - ပါးနှင့်တကွ သိက္ခာတော်တင်ပြီး၊ မြင့်မြတ်သောရဟန်း အဖြစ်သို့ အောင်မြင်စွာ ရောက်ရှိခဲ့သည်။ **ဘွဲ့အမည် ခေါ်စရာကား ဦးတေဇနိယ မည်တွင် ပါသည်၊** သက်တော်၊ ဝါတော် ၁၂၀ - ရှည်စေသော်။

## (က)   စာပေပရိယတ္တိသင်ကြား ဆည်းပူးတော်မူခြင်း

ဆရာတော်လောင်းလျာသည် ကောဇာ ၁၂၉၂ မှ ၁၂၉၆ ထိ ပွေးလှမြို့ ကျောက်တောကျောင်း ဆရာတော်ထံတွင် ငါးဝါခန့်နှင့် ကောဇာ ၁၂၉၇တွင် ပွေးလှမြို့ ရေဖြူကျောင်း(ခေါ်) မြို့အေးကျောင်း၌ပရိယတ္တိ၊ ပဋိပတ္တိများ ဆက်လက်သင်ယူလေ့လာခဲ့သည်။ ကောဇာ ၁၂၉၈ နှင့် ၁၂၉၉ ခုနှစ်များတွင် ကလောမြို့နယ်၊ သဲကုန်းကျေးရွာ၊ သဲကုန်းကျောင်း၌ နှစ်ဝါခန့် သီတင်းသုံးခဲ့သည်။

## (ခ)   ဘဒ္ဒန္တစိတ္တ နှင့် ဘဒ္ဒန္တအာသဘ အား ကျောင်းထိုင်နိုင်ရန် စီစဉ်ပေးခြင်း

ရဟန်းဝါနှစ်ဝါရရှိချိန်တွင်၊ ပွေးလှ - ကျောက်တောကျောင်း ဆရာတော် ပျံလွန်တော် မူသဖြင့်၊ တောင်ငူမြို့ အင်းယားကြီးကျောင်းနေ ရဟန်းခုနစ်ဝါရှိသည့် ဘဒ္ဒန္တစိတ္တအား ပင့်လျှောက်၍ အဆိုပါကျောင်းတွင် ကျောင်းထိုင်နိုင်ရန် စီစဉ်ပေးခဲ့ပါသည်။

ထို့နောက် ဆရာတော်သည် မန္တလေးမြို့ ဘုရားကြီးတိုက်၊ မော်လမြိုင်ကျောင်းတွင် ရဟန်းနှစ်ဝါရရှိသည်အထိ၊ ပရိယတ္တိစာပေများ သင်ယူနေစဉ်၊ မွေးရပ်မြေ ဘုရားနီကျောင်း မှ ငယ်ဆရာရင်း ဘဒ္ဒန္တဂန္ဓမာသည် ၉၆ - ပါး ရောဂါဝေဒနာဖြင့် ပျံလွန်တော်မူကြောင်း၊ ပင့်လျှောက်သဖြင့် နောက်တစ်ကြိမ် ပြန်ကြွခဲ့ရပြန်ပါသည်။ ဒေသအတွင်းရှိ ဒါယကာ၊ ဒါယိကာမအပေါင်းတို့က ဆရာတော်အား ယုံကြည်အားထားစွာ ဘုရားနီကျောင်းကို ဆက်လက်ထိန်းသိမ်းစောင့်ရှောက်ပေးပါရန် အပ်နှံကြသော်လည်း လက်ခံတော်မမူဘဲ ထယ်သွန်းကျေးရွာအုပ်စု၊ ပတ္တမြားကျောင်းမှ ခန်းနေဆရာတော် ဘဒ္ဒန္တအာသဘအား ပင့်လျှောက်၍၊ အဆိုပါကျောင်းတွင် ကျောင်းထိုင်နိုင်ရန် စီစဉ်ပေးခဲ့ပြန်ပါသည်။

# (၄) သတ္တဝါဝေနေယျတို့အား မေတ္တာစိတ်သန်၍ သစ္စာအဓိဋ္ဌာန်ပြုခြင်း - ဗလ ဒသကအရွယ်

အသက်သုံးဆယ်မှ အသက်လေးဆယ်အရွယ်ထိ၊ ခွန်အားများစွာ တိုးပွားလာပြီဖြစ်၍၊ မည်သူ့ကိုမျှ ဘာမထိ၊ မလေးစား။ ကုသိုလ်လုပ်ဖို့ အချို့ကား သတိရနေကြပြီး၊ အချို့ကား လုံးဝသတိမရကြသေး။ မိမိကိုယ်မိမိ အလွန်အထင်ကြီးတတ်သောအရွယ် ဖြစ်သည်။ သုံးဆယ်ကျော်စ ကမ္ဘာ့ဟဲဗီးဝိတ်ချန်ပီယံကြီးများ၊ ကမ္ဘာကျော်ဘောလုံးသမားကြီးများအစွမ်းပြနေကြသည်ကား သာဓကပေတည်း။

ကုံလုံဆရာတော်သည် ကောဇာ ၁၃၀၀ ပြည့်နှစ်မှ ၁၃၀၃ ခုနှစ်ထိ ထယ်သွန်းကျေးရွာအုပ်စု၊ ကုန်းသာ ယာရွာ ဘုရားအနီးသို့ ပြောင်းရွှေ့ကာ ဝါးကျောင်းဆောက်လုပ်ပြီး၊ ဘဒ္ဒန္တမာလာနှင့်အတူ သုံးဝါခန့် သီတင်းသုံး နေထိုင် ခဲ့ပေသည်။ ထိုစဉ်တွင် ဘုရားနီကျောင်းဆရာတော် ဘဒ္ဒန္တအာသဘ ပျံလွန် တော်မူသောကြောင့်၊ မဖြစ်မနေ အခြေအနေအရ ကျောင်းထိုင် ဆရာတော်၏ တာဝန်ကိုယူ၍ (၁၅)ဝါခန့် သီတင်းသုံးခဲ့သည်။ ထိုသို့ ထိန်းသိမ်းစောင့်ရှောက် ခဲ့ရသည့် အချိန်မှစ၍၊ "အကျွန်ုပ်သည် အသက်ရှင် နေထိုင်သမျှ ကာလပတ်လုံး၊ သူတစ်ပါး၏ အသွေး၊ အသားများကို လုံးဝစားသောက်ခြင်း မပြုတော့ဘဲ ရှောင်ကြဉ်ပါမည်" ဟု မြတ်စွာဘုရားထံ လှူဒါန်း အဓိဋ္ဌာန်ပြုခဲ့လေသည်။ ယင်းအဓိဋ္ဌာန် သစ္စာအတိုင်း ကတိတည်ကြည်သောကြောင့် ယခုလိုအောင်မြင်မှုရှိသည်ဟု မကြာခဏ တစ်ဖွဖွအမိန့်ရှိခဲ့ပါသည်။

ဆရာတော်သည် တစ်နေ့တစ်ခြား၊ တရားဘာဝနာ အားထုတ်လိုသော ဆန္ဒများပြင်းပြစွာ ပေါ်ပေါက်လာနေသော်လည်း မည်ကဲ့သို့စတင်၍ တရားကျင့်ကြံရမည်ကို အစ ရှာဖွေ၍ မရနိုင်အောင် ဖြစ်နေခဲ့ရသည်။ သံဃာ့ဝေယျာဝစ္စ၊ အမျိုးဘာသာ သာသနာကိစ္စ များဖြင့် အချိန်များ ကုန်လွန်စေခဲ့သည်။ တစ်ဖက်မှလည်း ပန်းချီရေး၊ ပန်းချီဆွဲ၊ မဏ္ဍပ်ဆင်၊ ပြာသာဒ်ဆောက်၊ ဆေးပေး၊ ဆေးဖော်၊ အင်္ဂါယမိုထိုးအလုပ်များကို ဝါသနာအလျောက်ပြုလုပ်လျက်ရှိနေသည်။



ကန်ထောင့်ကျောင်းဆရာတော်၊
ဘဒ္ဒန္တအာဒိစ္စပုံတော်

တစ်နေ့သောအခါ၊ ပင်းတယမြို့ ကန်ထောင့်ကျောင်း ဆရာတော် ဘဒ္ဒန္တ အာဒိစ္စ အား သွားရောက်ဖူးမြော် ကန်တော့ ရာ၊ ဆရာတော်က မိန့်ကြား သည်မှာ "ယခုကိုယ်တော်ပြု လုပ်နေ သောအလုပ်များသည် ဘုရားကြိုက် မဟုတ်၊ ရဟန်းသံဃာ တော်များပြုလုပ် ရမည့်အလုပ်ကိစ္စလည်း မဟုတ်၊ မိမိ အတွက်လည်း ထိထိရောက်ရောက် အကျိုး မဖြစ်ထွန်းနိုင်၊ တရားဓမ္မကိုသာ ရှာဖွေကျင့်ကြံ အားထုတ်ပါလော့"ဟု နှိုးဆော်တိုက်တွန်း အကြံပြုလေသည်။

ဆရာတော်၏ စိတ်တွင်မူ ယခုပြုလုပ်နေရသော အလုပ်များသည် စိတ်ပါဝင်စား၍ လုပ်နေရခြင်းမဟုတ်ဘဲ၊ မလွဲ - မရှောင်သာ၍သာ လုပ်နေရခြင်း ဖြစ်သည်။ မူလကပင် တရားအားထုတ်လိုသော အာသီသ ပြင်းပြနေသော ကုံလုံဆရာတော်လောင်းလျာသည် "ဆရာတော်အာဒိစ္စ၏နှိုးဆော်၊ အကြံပြုမှု များကြောင့် မီးကျီးခဲကို လေပြင်းတိုက်ခတ်သည့် ပမာ ရဲရဲတောက်ဖြစ်ပေါ်လာသည့် စိတ်ဆန္ဒအတိုင်း စတင်တရားရှုမှတ်လေတော့သည်။"

## (၅) ဆဋ္ဌသင်္ဂါယနာ ကမ္ဘာ့ဦးထိုးရန် ကိုယ်စားလှယ်အဖြစ် ရွေးချယ်ခံ -ပညာ ဒသကအရွယ်

အသက်လေးဆယ်မှအသက်ငါးဆယ်အရွယ်ထိ၊ ဉာဏ်ပညာပွင့်သောအရွယ် ဖြစ် သည်။ ဘဝတစ်လျှောက်လုံးတွင် ဉာဏ်မီးအတောက်ဆုံး အရွယ်ဖြစ်သည်။

မီးရောင်၊ လရောင်၊ နေအရောင်ထက်ဉာဏ်ရောင်လွှမ်းမိုးသောအရွယ်ဖြစ်ပါသည်။ အရာရာကိုစဉ်းစားချင့်ချိန်ပြီး တွေးခေါ်မြော်မြင်တတ်သောဉာဏ်ပညာ အရင့်ကျက်ဆုံးအရွယ်ဖြစ်ပါသည်။

ကုံလုံဆရာတော် တရားရှုမှတ်နေဆဲကာလ ကောဇာ ၁၃၁၆ - ၁၃၁၈ ခုနှစ်တွင် ပင်းတယမြို့နယ် သံယကိုယ်စားလှယ်အဖြစ် ဆဋ္ဌသင်္ဂါယနာတင်တော်မူပါရန် ပင့်ဖိတ်ခြင်း ခံရလေသော ကြောင့် မြင်းကျော်ကျောင်း ဆရာတော်ကြီးနှင့်အတူ၊ ရန်ကုန်မြို့ ကမ္ဘာအေးကုန်းမြေရှိ မဟာပါသာဏ လိုဏ်ဂူတော်ကြီးသို့ ကြွမြန်းခဲ့ရလေသည်။

## (က)ပစ္စည်းကိုစွန့်၊ ကျောင်းကိုစွန့်၊ ဘဝကိုပင်စွန့်၍တရား ရှာမည်

ရှင်တော်ဗုဒ္ဓက - "ဘဝသံသရာ စရီးတာကြီးက ရှည်လွန်းလှသည်၊ ဤခရီးရှည် ကာလကြီးအတွင်းမှ တစ်ခါမဟုတ်တစ်ခါ၊ တစ်ကွေ့မဟုတ်တစ်ကွေ့ တွေကြ၊ ဆုံကြ၊ ကွဲလိုက်ကြနှင့် အမိ၊ အဖ၊ ညီ အစ်ကို မောင်နှမ ဆွေမျိုးသားချင်း မတော်စပ်ဘူးသူဟူ၍၊ မရှိသလောက်ပင် ဖြစ်တော့သည်၊ တွေကြ၊ ကြုံကြ၊ ဆုံကြတုန်းမှာ - ပြုံးရ၊ ရွှင်ရ၊ ကြည်နူးရသော်လည်း ကွဲကြ၊ ကွာကြ ဝေးကွာကြရလျှင် ဆွေးရ၊ ဒေးရ၊ ငိုရှိုက်ကြရသည်၊ ဆွေးခဲ့ ရပေါင်းလည်းများပြီ၊ ဝေးခဲ့ရ ပေါင်းလည်းများပြီ၊ ငိုကြွေးခဲ့ရပေါင်းလည်းများပြီ၊ သတိဖြစ်ဖို့ သင့်ချေပြီ၊ ငြီးငွေ့သင့်လှပေပြီ" ဟုစဉ်းစားမိကာ -

ကုံလုံဆရာတော်လောင်းလျာသည် သာသနာ ၂၅၀၀ - ပြည့်နှစ်၊ ကောဇာ သက္ကရာဇ် ၁၃၁၈ - ခုနှစ်၊ နယုန်လဆန်း(၁၃) ရက်နေ့တွင် လူ့လောကီရေးရာ ကိစ္စရပ်များကိုငြီးငွေ့တော်မူသဖြင့် လူသူမနီးသည့်တောအရပ်သို့ထွက်တော်မူပြီး၊ တရားဘာဝနာကိုသာ အားထုတ်လိုသဖြင့် ကျောင်းရှိ ဦးပဥ္စင်း ဘဒ္ဒန္တ ဝိမလ ကိုယ်တော်အား ကျောင်းကိုလွှဲအပ် အုပ်ချုပ်စေခဲ့သည်။ ရဟန်း သံဃာသည် မိမိကိုယ်ပိုင်ပစ္စည်း ဥစ္စာရှိသမျှ အကုန်စွန့်၍၊ တောထွက်ပြီး တရားအားထုတ်

ခြင်းသည် ရဟန်းတော်၏ သီလအထူးစင်ကြယ်မှုကို များစွာ အထောက်အကူ ဖြစ်စေပါသည်၊ ယခုအခါ အဆိုပါနေ့သို့ ရောက်တိုင်း ဆရာတော်ကြီး၏ ဒါယကာ၊ ဒါယိကာမများက နယုန်လဆန်း (၁၃)ရက်နေ့ကို မူလ သာသနာပြုရာ အောင်ပွဲ နေ့အဖြစ် ကျင်းပလျက်ရှိကြပါသည်၊

## (ခ) ကိုယ့်အားကိုယ်ကိုး ကိုယ့်ကျိုးကိုယ်ရှာ

ကံ့လုံဆရာတော်လောင်းလျာသည် ဘုရားနီကျေးရွာမှ ကျွဲကျောင်းသား ဘိုးအောင် သော့ကို အောင်ဓာတ်ဖမ်းပြီး တောထွက်ခဲ့သည်။ သက်န်းသုံးထည်ဖြင့် ဘုရားနီကျောင်းအနောက်ဖက်တောင်တန်း ဂတာထဲရှိ ဘော်နင်းဂူသို့ဝင်ခဲ့သည်။

ဆရာတော်ကြီး ဘော်နင်းဂူတွင် တရားအားထုတ်စဉ်၊ ညအခါ - ဂူတွင်းက အလင်း ရောင်များ ဖြာထွက်နေသည်။ ထိုမှတစ်ဆင့် နှစ်ဖာလုံခန့်ဝေးသော ကျားတွင်းဂူ (ခေါ်) ယမ်းချောင် (ခေါ်) အောင်မင်္ဂလာဂူသို့ ရွှေ့ပြောင်း တရားအား ထုတ်ပြန်ရာ၊ ကျားများ၊ ကျားသစ်များက ဆရာတော်အား လာရောက် ဦးခိုက် ကြကြောင်း၊ ဆရာတော်ကြီး ကလည်း မေတ္တာဓာတ် အထူးပို့သပေးလွှတ်မှုကြောင့် အလွန်ကြောက်မက်ဖွယ်ကောင်းသော၊ တကယ့်အဟိတ် တိရစ္ဆာန်ရိုင်းများပင် ကြောင်ကလေးများသဖွယ် သိမ်မွေ့ယဉ်ပါးကာ ပူဇော်သက္ကာရပြုပြီးပြန်ကြကြောင်း မိန့်ကြားခဲ့လေသည်။ ဆရာတော်ကြီး၏ မေတ္တာ၊ ကရုဏာတို့ကား ကြီးမားလှပေစွ။ အံ့ဩဖွယ် ကောင်းလှပါပေသည်။

ကျားတွင်းဂူ (ခေါ်) ယမ်းချောင် (ခေါ်) အောင်မင်္ဂလာဂူတွင် တရားအားထုတ် နေစဉ်၊ ဂဠုန်တောင်စောင့်နတ်များက ဂဠုန်တောင်တွင် လာရောက် သာသနာပြု ပါရန် အကြိမ်ကြိမ် လျှောက်ထားမှုကြောင့် ဂဠုန်တောင်သို့ တစ်ဖန် ပြောင်းရွှေ့ တရားအားထုတ်ပြန်သည်။

# (၆) ပျော်ရာမှာ မနေ တော်ရာမှာနေ - ဟာနိ ဒသကအရွယ်



ကောဇာ ၁၃၁၉ ခုနှစ်တွင် ဆရာတော်ကြီး ဂဋ္ဌုန်တောင်သို့ စတင်ရောက်ရှိချိန်၌ တောတောင် ထူထပ်ပြီးအလွန်ကြီးမားသောကံ့ကော်ပင်ကြီးများ၊ ပိန္နဲပင်၊ သရက် ပင်၊ အသီးအနံ ပင်များ စုံလင်စွာ ပေါက်ရောက် လျက် ရှိနေသည်။ အလွန် အိုမင်း ပျက်စီး ယိုယွင်းနေ သော ဆုတောင်းပြည့် စေတီ (ယခု အခါ ရွှေပွင့်လင်း စေတီ ဟု ခေါ်၍ ပြုပြင်ပြီး ဖြစ်သည်) တစ်ဆူသာ ရှိလေသည်။ ရွှေပွင့်လင်း (ဆုတောင်းပြည့်)ကျောင်းတွင်(၁၈)ဝါခန့်သီတင်း သုံးတော်မူခဲ့ပါသည်။

သာသနာ ၂၅၁၁ ခု၊ ကောဇာ ၁၃၂၉ ခု၊ ခရစ် ၁၉၆၇ခု တောထွက်ပြီးခါစ သက်တော် (၆၀)၊ သိက္ခာ ဝါတော် (၄၀)

ဆရာတော်က “မခွဲချင်ပေမယ့်၊ (ခွဲမှ အကျိုးရှိမယ်ဆိုရင်) ခွဲ၍ နေကြရတယ်၊ မချစ်သူတွေနဲ့ အတူမနေချင်ပေမယ့် (အကျိုးရှိမယ်ဆိုရင်) အတူနေကြရတယ်၊ ပျော်ရာ မနေရ၊ တော်ရာ နေရမယ်ဆိုတဲ့ ရှေးထုံးစံကြီး ရှိတယ်မဟုတ်လား၊ ၊ ဘုန်းကြီးသည် - ကျောင်းနှင့် လောကီကိစ္စများ စိတ်ကုန်ခမ်းပြီးဖြစ်၍ စွန့်လွှတ်ပြီး ဖြစ်သည်၊ ကျောင်းကို သာ မဟုတ်သေး၊ ယခုအခါ ဆွမ်းဘုဉ်းပေးခြင်း အမှုကိုပင် မပြုတော့ဘူး၊ ကျောင်းကို လည်း ဘဒ္ဒန္တ ဝိမလအား လွှဲအပ်ခဲ့ပြီး ဖြစ်၍၊ ဦးပဥ္စင်းနှင့် သာသနာကို သာ အစွန့်ရှည်တည်တံ့ အောင် လှူဒါန်းစောင့် ရှောက်ကြပါ ဒါယကာတို့”။

ထိုစဉ်အခါက၊ ဂဋ္ဌုန်တောင်သည် လူဆိုး လူမိုက်များ ပုန်းကွယ် ခိုအောင်းရာ နေရာ ဒေသတစ်ခု ဖြစ်သည့်အလျောက် ဆရာတော်အား လာရောက် လှူဒါန်းထား

သည့် ပစ္စည်း များကို လူဆိုးများက လာယူကြသည်။ ဆရာတော်ကြီးက ၎င်းပစ္စည်းများကို ယူချင်သည့်လူ ယူ၊ ခွင့်လွှတ်စွန့်ပယ်ထားပြီးဖြစ်သည်။ လူဆိုးများအားလည်း အလှူခံပုဂ္ဂိုလ်ဟုသတ်မှတ်ကာ ပေးလှူခဲ့သည်။ ဤသည် ကိုပင် လူဆိုးများက ကျေနပ်မှုမရှိသေး။ လူဆိုးများ အလွန် လောဘတက်လာပြီး တစ်ဆင့်တက်ကာ ဆရာတော်ကြီး၏ ခန္ဓာကိုယ်ကို ကြိုးများတုပ် နှောင်၊ ရိုက်နှက် နှိပ်စက်သည်အထိ ပြုလုပ်လာကြသည်။ ဝိပါတ်ကြမ္မာ မလွတ်သာတည်း၊ ဝဋ်မှာအမြဲ ငရဲမှာအပ ဝဋ်ကြွေးရှိ၍သာ ခံရသည်၊ သူတို့မှာ သနားစရာကောင်းလှသည်။

"ဦးပဉ္စင်းဆီမှာ ကျန်တဲ့ ပစ္စည်းကတော့ တရားပဲဖြစ်တယ်၊ တရားကိုတော့ လုယူလို့ မရဘူး၊ တောင်းယူလို့ မရဘူး၊ မိမိကိုယ်တိုင် ကျင့်ကြံ - အားထုတ်မှသာ ရနိုင်တယ်၊ ကိုယ်စားအားထုတ် ပေးလို့လည်း၊ မရနိုင်ဘူး" ဟု မိန့်ကြားခဲ့လေသည်။ ဆရာတော်ကြီးက "ဤပစ္စည်းများကြောင့် ဒုက္ခတွေ့ရသည်၊ ဤခန္ဓာကိုယ်ကြီးရ၍ ဒုက္ခရောက်ရသည်၊ ကြိုးဖြေပေးမည့်သူကလည်း မရှိပြီ၊ တဖြည်းဖြည်း လက်တွေ့နင့်ယှဉ်သော တရားသံဝေဂများ ပိုမိုရရှိလာသဖြင့် အဓိဋ္ဌာန်ပြုကာ တရားဘာဝနာ ရှုမှတ် ပွားများနေလိုက်သည်၊ မကြာမီ၊ ဖြေပေးမည့်သူမရှိဘဲ ကြိုးများ အလို - အလျောက် သူ့ဖာသာ ပြေကုန်ခဲ့လေသည်၊"

နံနက်မိုးသောက် အလင်းရောက်သော် သစ်သီးလှူသော ဒါယကာများ ရောက်လာသောအခါတွင် - ဆရာတော်ကြီးကဒါယကာများအား "စိတ်မကောင်း မဖြစ်ကြနှင့်၊ အတိတ်ဘဝက ဝဋ်ကြွေးရှိလို့ ခံရတာ၊ ပြုသူအသစ် ခံရသူအဟောင်း ဖြစ်တယ်၊ လူဆိုးများအားလည်း အပြစ်မယူကြလေနှင့်၊ အထူးမေတ္တာပို့သကြ၊ လူ့ဘဝဆိုတာ ခဏတာသာဖြစ်သည်၊ ထို ခဏလေးအတွင်းမှာပင် အိုခြင်း၊ နာခြင်း၊ သေခြင်း တရားကို ကြုံတွေ့ကြရအုံးမယ်၊ မည်သူ မျှမလွန်ဆန်နိုင်ကြဘူး၊ ဒါကြောင့် လူ့ဘဝရခိုက် မအို၊ မနာ၊ မသေပါသည့် ပရမတ္ထ နိဗ္ဗာန်ကို ရအောင် ရောက်အောင် ကြိုးစားကြ၊ ကျင့်ကြံအားထုတ်ကြ၊ ဒါမှသာ လူ့ဘဝရတာအကျိုး ရှိမယ်၊ အကျိုးရှိအောင် လုပ်ကြ၊ မှတ်ထားကြ၊"

ဆရာတော်ကြီးက ဆက်လက် မိန့်ကြားသည်မှာ - "ဘုန်းကြီးသည် မည်သူ

**ကိုမျှနစ်နာအောင်မိမိကမပြောခဲ့။"** သို့သော်မိမိဖာသာတိုးတက်အောင်အလုပ်လုပ်သောကြောင့် တိုးတက်၍ နေသည်ကို မနာလိုသော ပုဂ္ဂိုလ်များက သူတစ်ပါး အထင်လွဲ အောင် ပြောကြ၊ ဟောကြ သည်။ အမျိုးမျိုး အထင်လွဲ၊ အမြင်လွဲခံခဲ့ရ၏။ မိမိကားသည်းခံနေခဲ့၏။ **"အက္ကောဓေန ဇိနေ ကောဓံ"** အမျက်ထွက်သူကို အမျက်မထား၊ မေတ္တာပွားခြင်းဖြင့် အောင် နိုင်မှုရအောင်၊ ပြေလည်မှု ရအောင် ဆောင်ရွက်ခဲ့ခြင်းကြောင့် ဆရာတော် ဆောင်ရွက်သမျှ အောင်မြင်ခဲ့ သည်ချည်းဖြစ်ပါ၏။ မြတ်စွာဘုရားရှင်သည်ပင် ပရိနိဗ္ဗာန်စံဝင် သည် အထိ (မာရ်နတ်နှင့် ဒေဝဒတ်တို့၏ နှောင့်ယှက်ခြင်းကို) ခံခဲ့ရကြောင်း သည်းခံခြင်းကို လက်ကိုင်ထားရမည်။ အထူး သည်း ခံရမည်။ **"သည်းခံကျိုးရှိ – တိုး၏ကုသိုလ်"။**

**"ထိုကဲ့သို့ ကြံသောအခါ သည်းခံ တတ်တဲ့သူအတွက် ပါရမီဆယ်ပါးတွင် ခန္တီပါရမီ ကုသိုလ် အကြီးစားတစ်မျိုးကို ရရှိပါသည်၊ ထိုသို့ ခန္တီပါရမီရပုံကို သတိပြုမိသောအခါ၊ သူတို့မှာ ဖြစ်သော ကြံသာသည် မိမိတွင် အလွန်အဖိုးတန် သော ကုသိုလ်ကို ရနိုင်ရန် အကြောင်း ဖြစ်ပါတကား"** ဆရာတော်ကြီးကား **"ယထာဝါဒီ တထာကာရီ"** ဟူသော ဘုရားဟောပါဠိတော်နှင့် အညီ ပြောသလိုလုပ်၍လုပ်သလို ပြောတော်မူပါသည်။


သက်တော် (၆၀) ၊ သိက္ခာဝါတော်(၄၀)
ရွှေပွင့်လင်းကျောင်း

အသက်ငါးဆယ်မှ အသက်ခြောက်ဆယ် အရွယ်ထိ၊ ကုသိုလ်ကောင်းမှုများကို ပိုင်ပိုင် နိုင်နိုင်ပီပီပြင်ပြင် လုပ်သင့်သည်။ ဂေါတမ ဘုရားရှင်၏ သာသနာတော် မြတ်ကြီး တိုးတက်ကြီးပွားအောင် စစ်မှန်သော ကုသိုလ် စိတ်ဖြင့် လုပ်ဆောင် ရန် လှုပ်ရှားသွားလာနိုင်သော အရွယ်ဖြစ် ၏။ **ဓိဋ္ဌ. ရတိ. ဝဏ္ဏ. ဗလ. ပညာ** ဆုတ်ယုတ်သော အရွယ်ဖြစ်၏။

# (က)ဂဠုန်တောင်ဟု အမည်တွင်လာရခြင်းအကြောင်း

ယခုအခါညောင်ရွှေမြို့ (ရှေးအခါက - တာရာပြည်) မင်းကြီး၏သားတော် ကုမ္ဘာဘယမင်းသားသည် သထုံမြို့ ၎င်း၏ဇနီး သထုံမင်းကြီး၏ သမီးတော်ထံက ပြည်တော် အပြန် ညောင်ရွှေမြို့၏မြောက်ဖက် ပေါရိသာဒ်ဘုရား အနီးသို့ရောက်သော်၊ တောကစား ခြင်းကို ဝါသနာပါ၍ ဟဲဟိုး နဓါးပတ်တောင်သို့ ထွက်လာ၏။ ထိုတောင်၌ သီလ၊ သမာဓိ၊ ပညာ၊ အမြော် - အမြင်နှင့် ပြည့်စုံသော ရသေ့တစ်ပါး သည် သီတင်းသုံးနေ၏။ ထိုရသေ့ ကျောင်းအနီး၌ ကုန်းနဂါးတစ်ကောင်သည် ပတ္တမြားမျက်ရှင်ကို ခံတွင်းတွင် ငုံ၍ နေ၏။ တစ်နေ့သ၌ ဂဠုန်သည် နဂါးကိုမြင်၍ စားအံ့သောငှာ၊ ခါးကိုလည်းကောင်း၊ ဦးခေါင်းကို လည်းကောင်း ကြိမ်ဖန်များစွာ သုတ်လေ၏။ ထိုသို့ကြိမ်ဖန်များစွာ သုတ်ပါသော်လည်း မရသဖြင့် နဂါးတွင် အကြောင်းထူးရှိချေမည်၊ ဥပါယ်တမျဉ်ဖြင့် ငါစုံစမ်းအံ့ဟုကြံ၍၊ လူအသွင် ဖန်ဆင်းပြီးသော်ရသေ့ထံတော်တွင် မေး၏။ ရသေ့သည် ဂဠုန်မင်းမှန်းမသိ၍ ဤသို့ ပြောမိ၏။

"အသင်လုလင်၊ ဂဠုန်သည် အဘယ်မှာ သုတ်၍ ရနိုင်အံ့နည်း၊ ဂဠုန်သည် ပညာ နည်းပါး၍ ဦးခေါင်းနှင့် ခါးကို သာသုတ်ချေသည်၊ နဂါး၌ ပတ္တမြားမျက်ရှင်ငုံလျက်ရှိချေ သည်၊ ထိုတန်ခိုးကြောင့် ဂဠုန်က မည်သို့ပင်သုတ်သော်လည်း မရနိုင်ချေ၊ အကယ်၍ ပတ္တမြားမျက်ရှင် ငုံထားမှန်းသိပါမူကား၊ ဦးခေါင်းကို စောက်ထိုးထားကာ၊ အမြီးကို ကိုင်၍ ခါချသော် ပတ္တမြားသည် နဂါးခံတွင်းမှ ထွက်ကျလတ္တံ့၊ သို့မှသာ ထိုနဂါးကို ရနိုင်ပေမည်" ဟုဆိုလေ၏။ ဂဠုန်သည် ရသေ့ ပြောသောစကားကို မှတ်သား၍၊ ရသေ့ကျောင်းမှ ထွက်ခွါ လာပြီး၊ ရသေ့ညွှန်ကြား လိုက်သည့်အတိုင်း၊ ဂဠုန်သည် အာကာသကောင်းကင်မှ ပြင်းထန် စွာသော အဟုန်ဖြင့် နဂါးကိုသုတ်၏။ ပြီးလျှင် အမြီးကိုကိုင်၍မြေပြင်၌ပုတ်လေသော်ပတ္တမြား မျက်ရှင် သည် နဂါးခံတွင်းမှ လွတ်ကျသဖြင့် နဂါးကိုအလွယ်တကူရလေ၏။

ဂဠုန်သည် နဂါးကိုရသော် - ဟဲ့ နဂါး၊ သင်သည် ငါ၏အစာဖြစ်ချေပြီဟု ကြိမ်းမောင်းနေစဉ်၊ နဂါးက အဝေးမှလာနေသော ကုမ္ဘာဘယမင်းသားကို လက်စွဲ

တော် ဒူးလေး နှင့် တကွမြင်လေ့ရာ - အသင်လူသား ကျွန်ုပ်အား ကယ်မ စောင့်ရှောက်တော်မူပါ။ ကျွန်ုပ် အသက်ဘေးမှ ချမ်းသာလျှင် သင်မင်းသားအား ကြီးစွာသော ကျေးဇူးဆပ်ခြင်းကို ပြုပါမည် ဟု အနူးအညွတ်တောင်းပန်လေ သောအခါ၊ ကုမ္မာဘယမင်းသားသည် ကောင်းပြီဟု ဝန်ခံ၍၊ လက်စွဲတော်ဒူးလေးဖြင့် ဂဠုန်ကို ခွင်းလေသော် ချက်ချင်းမြားထိမှန်လေ၏။

ထိုအခါ ဂဠုန်သည် မြားဒဏ်ရာဖြင့် သေအံ့သည်ကို သိပြီး၊ ငါစားရ တော့မည့်ဆဲဆဲ နဂါးကိုကယ်ရန်၊ ငါ့ကိုလေးမြားဖြင့်ပစ်သောသင့်အား၊ ကျွဲကျေ သော်လည်း၊ ဥဒါန်းမကျေ၊ သင်သွားရာ လမ်းဦးဝကနေ၍၊ ရန်မူနိုင် သူဖြစ်ပါစေ သတည်းဟု အမိဋ္ဌာန်ပြီးသော် သေလေ၏။ မြားမှန်သေဆုံးသွားသော ဂဠုန်မင်းသေ ဆုံးရာတောင်သည် "ယနေ့ ဆရာတော်ကြီး၊ တရားအားထုတ်သာသနာပြုနေသည့် ဂဠုန်တောင်ပင် ဖြစ်လေတော့သည်၊"

ဂဠုန်တောင်သည် စိမ်းစို ညိုမှိုင်း အုံ့ဆိုင်း၍၊ လူတို့သုံးဆောင်ဖွယ် ပိန္နဲ၊ မာလကာ၊ ငှက်ပျော၊ သရက်တို့ဖြင့် ဝေဆာ၊ သီး - ပွင့်လျက်၊ ကျေးငှက် - သာရကာ အပေါင်း၊ တစ်ပင်မှ တစ်ပင်သို့ ကူးလူး - ပျော်ရွှင်၊ မြူးတူး၊ နတ်သီချင်းသံကဲ့သို့ သန့်ရှင်းချိုသာ တစာစာနှင့် ပျော်ရွှင်ဖွယ်ရာတောင်တန်းသာဖြစ်သောကြောင့် သွား၊ လာ၊ နေသူတို့၏ နှလုံးကို ရွှင်ပြုံး၊ ပျော်မွေ့စေနိုင်သဖြင့်၊ မခွဲ - မခွာရက်နိုင် လောက် အောင်ပင် သာယာလှပလေသည်။

၁။ ဂဠုန်မင်းသေသော် - ပင့်ကူဖြစ်သည်။
ပင့်ကူသေသော် - သစ်ပင်တွင် ဘီလူးကြီးဖြစ်နေသည်။

၂။ ကုမ္မာဘယမင်းသားက -

- ဂဠုန်ကိုလေးမြားဖြင့် ပစ်ခွင်းသေစေသည်။
- ပင့်ကူကိုလေးမြားဖြင့် ပစ်ခွင်းရာ နားရင်းမှန်၍ သေစေသည်။
- ပင့်ကူကိုရသဖြင့် ပင့်ကူမြို့ထိုမှတစ်ဆင့် ပင်းတယမြို့ဖြစ်လာသည်။

၃။ ငွေတောင်ပြည် နတ်မင်းကြီး၏ သမီးတော် ခုနစ်ပါးသည် နေ့စဉ် ပင်းတယမြို့ နာဂမိဠ္ဌာန် ပုန်းတလုတ်ကန်တွင် ပျော်ရွှင်မြူးတူး ရေကစား လေ့ရှိသည်။ တစ်နေ့တွင်၊ ရေကစားလွန်၍ ငွေတောင်ပြည်သို့ မပြန်နိုင်ဘဲ တောင်ထိပ်ပေါ်ရှိ၊ တောင်ဥမင်လိုဏ်ဂူတွင် အိပ်စက်အနားယူကြစဉ်၊ ဂင်္ဂါနဒီမှ ကူးပြောင်းလာသော ပင့်ကူက အမြှေး - အမျှင်တို့ဖြင့် အထပ်များစွာ ပိတ်ဝန်းရံသည်။

၄။ ကုမ္မာဘယမင်းသားက ငွေတောင်ပြည်နတ်မင်းကြီး၏ သမီးတော်ခုနစ်ပါးကို ထိုအန္တရာယ်ဆိုးမှ လွတ်ကင်းအောင် ကယ်ထုတ်ကယ်ဆယ်နိုင်ခဲ့သောကြောင့် နတ်သမီးတို့၏ကတိအတိုင်း၊ အငယ်ဆုံးညီမ ရှင်မိယာကို မင်းသားအား အပ်နှင်းခြင်း ခံရသည်။

၅။ ကုမ္မာဘယမင်းသားသည် ရှင်မိယာနှင့်အတူ တာရာပြည်သို့ ပြန်လာရာ - လမ်းခရီး ညောင်ပင်ကြီးတစ်ပင်အောက်အရောက်တွင် ခရီးပင်ပန်း နွမ်းနယ်လာပြီ ဖြစ်သောကြောင့် ခေတ္တနားနေကြစဉ် နှစ်ဦးစလုံး အိပ်ပျော်သွားခဲ့ကြ၏။ ထိုစဉ် ယခင်ကပင် ရန်ငြိုးထားခဲ့သော ပင့်ကူဘဝမှပြောင်းလဲလာသည့် ဘီလူးကြီးသည် မင်းသား၏ လက်နက်ကိုရယူကာ အလွန်ဝေးလှသောနေရာ (ဝေးလှ - ယခုအခေါ် ပွေးလှမြို့) သို့ပို့ဆောင်ထားလိုက်ပြီး၊ မင်းသားနှင့် ရှင်မိယာတို့ အား သံကွန်ချာဖြင့် အုပ်ထား လိုက်၏။ "အသင်မင်းသား၏ လက်နက်ဖြင့် ငါအသက် ထွက်ခဲ့ရ သည်မှာ နစ်ကြိမ်ရှိပါပြီ၊ ယခု သင်တို့သည် ငါ့လက်ဝယ်၌ အသက်ဆုံးရှုံးရပေတော့အံ့" ဟုကြိမ်းမောင်းလေသည်။ ဤကဲ့သို့ မင်းသားနှင့် ရှင်မိယာတို့ သံကွန်ချာထဲတွင် "မိုက်မဲ" စွာ နေခဲ့ရသဖြင့် ထိုအရပ်ကို မိုက်မဲဟု ခေါ်တွင်လာခဲ့ရာမှ ယခုအခါ ကာလ ရွေ့လျော လာ၍ တမဲရွာ (ထယ်သွန်း ကျေးရွာအုပ်စု ၊ ပင်းတယမြို့နယ် )ဟု အမည် တွင်လာ လေသည်။

၆။ ရသေ့နေသော ကျောင်းနှင့်ဘုရားများသည်၊ ပင်းတယမြို့နှင့် တစ်မိုင်ခန့် အကွာတွင် တောရကျောင်း၊ တောရရွာဟု ယခုတိုင် ရှိနေပါသေးသည်။ အဆိုပါ တောရကျောင်းအနီးတွင် လှပသောညောင်ပင်ကြီးရှိသဖြင့် ညောင်ပင်လှဟုလည်း ခေါ်ကြ၏။

၇။ နဂါးရေကစားခဲ့သည့်အိုင်သည် ယခု ဂဠုန်တောင်ကြားနှင့် နစ်ဖာလုံခန့် အကွာတွင် နွေ့.မိုး.ဆောင်း ရေအမြဲရှိနေပြီး၊ ပေ - ၃၀၀ ခန့်အကျယ်ရှိသော ရေအိုင်ကြီးဖြစ်လေသည်။ ယခုအခါ နဂါးနီကန်၊ မြင်းကျော်ကန် ဟုခေါ်ကြသည်။ အဆိုပါရေကန်ကို နတ်မယ်လျ၊ နတ်မယ်မြည်းအစ်မနစ်ဖော်က စောင့်ရှောက်လျက်ရှိကြပြီး၊ ယောကျ်ားများသာ ရေဆင်းချိုးခြင်းကို လက်ခံသည်။ အမျိုးသမီးများကို လုံးဝလက်မခံပါ။ နွေရာသီတွင် ထိုကန်မှရေကို ထယ်သွန်းကျေးရွာမှ ခပ်ယူသုံးစွဲကြရပါသည်။

၈။ အကျယ်ကိုသိလိုပါက စာရေးဆရာမကြီး ဒေါ်ဒဂုန်ခင်ခင်လေး စုဆောင်းရေးသား သော ရွှေဥမင်သမိုင်းနှင့် ပင်းတယရာဇဝင်၊ သီလဝရေးသားသော ပင်းတယနယ်မြေမှ ကုမ္ဘာဘယ၊ ရှင်မိယာ သမိုင်းပုံဝတ္ထုစာအုပ်များကို ရှာဖွေဖတ်ရှုနိုင်ပါသည်။

## (၇) ထူးဆန်းသော အသီးအနှံများ ရောက်ရှိလာခြင်း -ပဿာရ ဒသကအငှယ်

### (က) ဘူးဘုရား ဆရာတော်ထံကြွလာခြင်း

ဘူးဘုရားရောက်ရှိလာပုံမှာ - ပင်းတယမြို့နယ်၊ပန်းအိုးကွဲကျေးရွာ ပလောင် တောင်မှ ပလောင်လူမျိုး ဦးဝဏ္ဏသည် နစ်စဉ် ဘူးသီး စိုက်ပျိုး ခြင်းဖြင့် အသက်မွေးဝမ်းကျောင်းပြုခဲ့ရာ စားမကုန် . ရောင်းမကုန် ပင် ဘူးသီးများ ရရှိခဲ့ပေသည်။ သာသနာ ၂၅၀၀ - ပြည့်နှစ်တွင် စိုက်သော ဘူးပင်များမှ အသီးများမဖြစ်ထွန်းဘဲ၊ သီးကင်းဘဝ မှာပင် ကြွေကျ ပျက်စီး ကုန်လေသည်။ ထိုဘူးပင်များအနက်မှ ဘူးပင်တစ်ပင်သည် ထူးထူးခြားခြား သစ်ပင်တစ်ပင်လို နွယ်တက်လာပြီး အသီးတစ်လုံးသာ သီးလေသည်၊ ထိုဘူးသီး၏ ပုံသဏ္ဍာန်မှာ ထူးခြား၍ ကြောက်စရာကောင်းသောလူပုံဖြစ်နေသည်၊ ထိုအသီးသည် သစ်ပင်ပေါ်မှာပင် ခြောက်သွေ့သွားခဲ့သည်၊

တစ်နေ့တွင် ဦးဝဏ္ဏအိမ်သို့ ပင်းတယမြို့နယ်၊ အင်လုံရွာမှ ဒေါ်ကြုံ ဆိုသူ အရောင်းအဝယ်ကိစ္စနှင့် ရောက်ရှိလာပြီး၊ ထိုဘူးသီးကိုမြင်ရာ သူမအား ပေးရန် တောင်းလေသည်။ ဦးဝဏ္ဏကလည်း မူလကပင် အိမ်တွင်ရှိ နေခြင်းကို ကြောက်လန့်နေရာ လွယ်ကူစွာပင် ပေးလိုက်၏။ ဒေါ်ကြုံက ဘူးသီးခြောက်ကြီးအား ထင်းပုံပေါ်သို့ တင်ထားစဉ်၊ ကလေးများက ဘောလုံး အဖြစ်ယူ၍ ဆော့ကစား ကြသည်။ ဒေါ်ကြုံက ကလေးများအား စိတ်ဆိုးကာ ကြိမ်းမောင်းပြီး၊ ထိုဘူးသီး ခြောက်ကို ဘုရားစင်ပေါ်တင်ထား လိုက်လေသည်။ **ထိုနေ့မှစ၍ ဒေါ်ကြုံ၏ စီးပွားရေး သည် တစ်မုဟုတ်ချင်း ထူးခြားစွာ တိုးတက်လာသည်။**

တစ်နေ့တွင် ဦးဇော်မင်းက ဒေါ်ကြုံအိမ်သို့ရောက်သော် - **ဒက္ခိဏ သာခါရုပ်ပွားတော်မြတ်နှင့် ဆင်တူသဖြင့်၊** ဘူးသီးခြောက်ကို ဒေါ်ကြုံ တစ်အိမ်ထဲတွင် ပူဇော်ထားပါက ဘယ်သူမှမသိနိုင်၊ မမြင်နိုင်ကြဘူး။ ကုံလုံ ဆရာတော်ထံ သွားရောက် လှူဒါန်းပါက လူအများဖူးမြော် ကြည်ညိုနိုင်ကြမည်၊ ပိုအကျိုးရှိမည်ဟု အကြံပေးချက်အရ၊ ဦးဇော်မင်းက တစ်ဆင့် ကုံလုံဆရာတော် အား ကပ်လှူပေးပါရန် လှူဒါန်းလိုက်လေသည်။ ဦးဇော်မင်းက ဘူးသီးခြောက် ကို ဆရာတော်ကြီးအား ဆက်ကပ်လျှင် ဆရာတော်ကြီးက -

**"ငါ၏အာရုံတွင် ပေါ်လာ သောဘုရားသုံး ဆူအနက်၊ ကောင်းကင်က ကြွရောက်လာ သော ဘုရား တစ်ဆူ(ကိုယ်စားတော်)မှာ ဤဘူးသီးခြောက်ပင်ဖြစ်ရမည်"** ဟု အတိတ်ကောက်၍ကိုးကွယ်ထားရာ၊ ထိုနေ့မှာပင် ဘူးဘုရား တင်ရန် ကလာပ် နှင့် ဖန်ကျောင်းဆောင် ဒကာများ ပေါ်လာပြီး ဘူးဘုရားဟု အမည် တွင်လေတော့သည်။ ကောဇာ ၁၃၃၇ မှ ၁၃၄၃ ထိ ဂဠုန်တောင်၊ ဘူးဘုရားတွင် ကုံလုံဆရာတော်ကြီးဝါဆို၏။



## ( ခ ) ဘူးငန်းဆရာတော်ထံ ရောက်ရှိလာခြင်း

ဦးဇော်မင်းကပင် ထပ်မံ၍ ဘူးငန်းကို လာရောက် ဆက်ကပ်လှူဒါန်းသဖြင့် အလှူခံ ရရှိတော်မူပါသည်။

## ( ဂ ) ပြောင်းဖူး ကိုးဆူစေတီဆရာတော်ထံ ကြွလာခြင်း

ဆရာတော်ကြီး၏ ဒါယကာများက ထူးခြားစွာဖူးလာသော ပြောင်းဖူးကိုးဖူး (အလယ်တစ်ဖူးကို ကျန်အဖူးငယ်ရှစ်ခုက ဝန်းရံထား သည်မှာ စေတီကြီးတစ်ဆူကို စေတီငယ်များဝန်းရံထားသည့် ပုံသဏ္ဌာန် ရှိသည်) ကိုလည်းလာရောက် ဆက်ကပ်လှူဒါန်းကြပြန်သဖြင့် အလှူခံရရှိ တော်မူပါသည်။

## (ဃ) ပင်းတယကုံလုံ ထေရ်မြတ်ဂုဏ် သင်းထုံ မွှေးပျံ့သည်

ကုံလုံဆရာတော်ကြီး၏ ခန္ဓာကိုယ်မှ မွှေးပျံ့သောရနံ့များ ထွက်ပေါ်နေ ခြင်းသည် လည်း စေတီဘုရား တည်ထားပြုလုပ် ကိုးကွယ်ပူဇော်ခြင်း၏ အကျိုးဖြစ်လိမ့်မည် ဟု စာရေးသူက ယူဆမိပါသည်။

အကြောင်းမှာ - ကဿပမြတ်စွာဘုရား လက်ထက်တော်ဝယ် တရားဏာသီပြည်၌ ကုဋေရှစ်ဆယ်ကြွယ်ဝသော သူဌေး နှင့် ကုဋေရှစ်ဆယ် ကြွယ်ဝသော သူဌေး သမီးတို့ ထိမ်းမြားလက်ထပ်၍ သူဌေးသားအိမ်သို့ ဝင်လျှင် ရေးအခါက ရှုံ့ညွန်တွေကို ပစ္စေကဗုဒ္ဓါအရှင်မြတ်၏သပိတ်၌ ထည့်လှူခဲ့ဘူးသော အကုသိုလ်ကံကြောင့် မစင်နံ့ကဲ့သို့ မကောင်းသော အနံ့တွေ သူဌေးသမီးကိုယ်ခန္ဓာမှ ထွက်နေကြောင်းသိရ၍ အိမ်မှနှင်ထုတ်လိုက်လေ၏။ အလားတူပင် ဆိုအပ်ပြီး မကောင်းမှုကံကြောင့် ခုနစ်ကြိမ်အထိ လင်ယောက်ျားတို့၏ စွန့်ပယ်မှုကို ခံရ၏။

ကဿပမြတ်စွာဘုရားသည် ပရိနိဗ္ဗာန်ဝင်စံတော်မူသဖြင့် အဖိုးတစ်သိန်း

ထိုက်သော ရွှေအုတ်တို့ဖြင့် တစ်ယူဇနာမြင့်သော ရွှေစေတီတော်ကြီးကို တည်နေကြပါသည်။

ထိုသို့ တည်ရာအခါ၌၊ ကိုယ်ခန္ဓာမှအပုပ်နံ့တွေ ထွက်နေသော သူဌေးသမီး သည် သတိသံဝေဂရရှိကာ "ငါ့အား အသက်ရှင်နေခြင်းဟာ ဘာမျှ အကျိုးမရှိ" ဟုကြံစည်၍မိမိ၌ဝတ်ဆင်ထားသောတန်ဆာများကိုထုခွဲဖျက်ဆီးရောင်းချ၍ အဖိုး တစ်သိန်းထိုက်တန်သော ထု.လက်လေးသစ်၊ အနံတစ်ထွာ၊ အလျား တစ်တောင်ရှိသည့်ရွှေအုတ်ကိုပြုစေ၍ကြာရှစ်လက်နှင့်တကွ ယူဆောင်ပြီး၊ စေတီတော်ကြီး တည်ရာအရပ်သို့ သွားရောက်၍ ပန်းရံသမားတို့ကို ပြောဆိုသည်မှာ - "ဤရွှေအုတ်ကို လိုနေသောနေရာဌာန၌ အသုံးပြုကြပါကုန်" ဟု ပြောသည်။

ထိုအခါ၊ "ချစ်သမီး ယခု သင်ရောက်လာခြင်းဟာ ကောင်းသောလာခြင်း ဖြစ်တယ်၊ သင်ကိုယ်တိုင်ပဲတက်ပြီး၊ ဆီနှင့် ဆေးဒန်း မြင်းသီလာကို ရောစပ်ဖွဲ့၍ ရွှေအုတ်ကိုစီထားပါလေ" ဟုဆိုသည့်အတိုင်း၊ ရွှေအုတ်နှင့်တကွကြာရှစ်လက်တို့ကို စေတီတော် ကြီးအား ကပ်လှူရှိခိုးပြီးလျှင် "ဖြစ်လေရာ ဘဝတိုင်း. ဘဝတိုင်း၌ ဤကုသိုလ်ကြောင့် ခန္ဓာကိုယ်မှ စန္ဒကူးနံ့ကဲ့သို့ မွှေးကြိုင်လှိုင်ပါစေ၊ ခံတွင်းမှလည်း ကြာနံ့ကဲ့သို့ ပျံ့နှံ့မွှေးကြိုင်လှိုင်ပါစေ" ဟု ဤသို့ဆုကိုတောင်းပါ၏။ တောင်းတဲ့ဆု အတိုင်းပင် အပုပ်နံ့တွေကင်းရှင်းပြီးကိုယ်ခန္ဓာမှစန္ဒကူးနံ့ကဲ့သို့ခံတွင်းမှကြာနံ့ကဲ့သို့ တသင်းသင်း မွှေးကြိုင်ပါသည်။

မှတ်ချက်။ ကမ္မဝိပါကော အစိန္တေယျောလို့ ဘုရားဟောတော်မူတဲ့အတိုင်း ကံတရားရဲ့အကျိုးကိုမကြံစည်အပ်၊ မကြံစည်နိုင်၊ အံ့သြဖွယ် ဆန်းကျယ်လှ၏။

## (င) စေတီတော်ကို ရွှေအုတ်လှူရ မြတ်ဒါန ကြာနံ့ စန္ဒကူးနံ့ သင်းပျံ့ပျံ့ရ

ထိုအခါ၊ ပထမသူဌေးသားက နက္ခတ်ပွဲသဘင်သို့ ပျော်ရွှင်သွားလာလိုသဖြင့် သူဌေးသမီးကို အခေါ်ခိုင်းရာတွင် သူဌေးသမီးက သူ့ရဲ့တန်ဆာများကို စေတီတော်အားလှူလိုက် သဖြင့် ဘာမျှမရှိတော့ကြောင်းပြော၍မလိုက်ဘဲ

နေရာ "**ဘာမျှမရှိတော့သော်လည်းလာခဲ့ပါ**" ဟုတစ်ဖန်ခေါ်လွှတ်သဖြင့် သူဌေးသား အိမ်သို့ လိုက်သွားသည်။ ထိုအခါ **အိမ်သို့ဝင် သည်နှင့်တစ်ပြိုင်နက် တစ်အိမ်လုံးမှာ စန္ဒကူးနံ့ ကြာနံ့တွေ မွှေးကြိုင်လှိုင်၍သွား၏။**

ဤသို့ဖြစ်လာရပုံကို သူဌေးသားကမေး၍အကျိုး - အကြောင်း ပြန်ပြောင်းပြောဆိုကာ အတူတကွ ပျော်ရွှင်စွာ နေထိုင်ကြပြန်ကုန်၏။ ရှင်းလင်းခဲ့သည့်အတိုင်း**ကဿပမြတ်စွာဘုရား၏ဥဒ္ဒိဿစေတီတော်ကို**သက်တော်ထင်ရှား မဟုတ်ဘဲလျှက် ရွှေအုတ်နှင့် ကြာရှစ်လက်လှူ၍ တောင်းသောဆုအတိုင်း ပြည့်စုံရပေသည်။

❁ **သဒ္ဓါ,သီလ, ပြည့်ဝ စုံညီ၊ ဆုတောင်းတတ်မှရ, ရလေသည်၊**

**နောက်နောင်ဖြစ်ရေး,မျှော်တွေးကြံစည်၊ကုသိုလ်ပြု - တောင်းဆုဆိုရမည်၊**

**အသက် ခြောက်ဆယ်မှ အသက်ခုနစ်ဆယ် အရွယ်ထိ၊** ရှေ့သို့ ကုန်းနေ သော အရွယ် ဖြစ်ပါသည်။ "**ဖိုးကြီးအို ခါးကုန်းကုန်း မသေပါနဲ့အုံး၊ နောက်နှစ်ခါ တန်ဆောင် မုန်း ပွဲကြည့် ပါအုံး**" ဟု စာချိုးရသောအရွယ် ဖြစ်ပါသည်။ ထိုစာချိုးရသော အသက် ခြောက်ဆယ်ကျော်အရွယ်များသည် သံဝေဂယူပြီး တရားဘာဝနာ ပွားများ သင့်ပါ သည်။ သို့ဖြစ်ပါ၍ **ဘုရားရှင်များသည် သက်တမ်းကို ငါးပုံ,ပုံ၍ လေးပုံမျှသာ နေရိုးထုံးစံရှိပါသည်၊** ဂေါတမဘုရားရှင်သည် သက်တော် ရှစ်ဆယ်မှာ ပရိနိဗ္ဗာန်စံ သည်။



သာသနာ ၂၅၂၁ခု၊
ကောဇာ ၁၃၃၉ခု၊
ခရစ် ၁၉၇၇ခု၊
သက်တော် (၇၀)
သိက္ခာဝါတော်(၅၀)
ဘူးဘုရား
ကျောင်းဆောင်

ပွင့်တော်မူ လတ္တံ့သောအရိမေတ္တေယျ ဘုရားရှင်သည် တစ်သိန်းတန်းမှာ ပွင့်တော်မူ မည်ဖြစ်၍သက်တော်ရှစ်သောင်းမှာ ပရိနိဗ္ဗာန်စံ မည် ဖြစ်ပါသည်။ အိုမင်းကုန်းကွ အလုပ် မလုပ်နိုင်သော ဘုရား ဟူ၍မရှိပါ။

# ( ၈) ၀တ် ဒသကအဌယ်

## (က) ပါရမီကျောင်း(လှိုင်ကော်)

ကောဇာ ၁၃၄၄ မှ ၁၃၅၀ ထိ ဂဠုန်တောင်၊ ပါရမီကျောင်း (လှိုင်ကော်) တွင် ကံ့လုံဆရာတော်ကြီး ဝါဆို သီတင်းသုံးတော်မူသည်။

အသက်ခုနစ်ဆယ်မှ ရှစ်ဆယ်အရွယ်ထိ၊ ထွန်ကုံးဖျားကဲ့သို့ကောက်ကွေးနေပါပြီ။အဖိုးကြီးသရုပ်ပို၍ပီပြင်လာပြီ။ ရှေ့တိုးလျှင်လည်းသေတော့မည်ဖြစ်၍ အချိန်တိုင်းမှာ တရားဘာဝနာ ပွားများသင့်သော အရွယ်ဖြစ်သည်။ ပုတီးကိုချပြီး မြေးကိုမ.ချီနေရမည့်အရွယ် မဟုတ်တော့ပေ၊ အသက်ငါးဆယ်မှ ရှစ်ဆယ်အတွင်း နှစ်ပေါင်းသုံးဆယ်ခန့် သာသနာ့ကိစ္စများပီပြင်စွာ လုပ်သင့်သည်။ လူ့ပြည် အနှစ် (၅၀)ကား တာဝတိံသာနတ်သက်ဖြင့် ရေတွက်ပါလျှင် အချိန် တစ်နေ့တာ = ၁၂- နာရီ ခန့်သာရှိပါသည်။ အသက်(၈၀)အရွယ်ကား (၁၉း၁၂) နာရီမျှသာကြာ၏။ အလွန်တိုတောင်းသော လူ့အသက်(၈၀)ကိုတာဝတိံသာ နတ်သက်ဖြင့် ချင့်တွက်ပြီး သံဝေဂယူတတ်ကြရန် တင်ပြအပ်ပါသည်။

## (ခ) နိစ္စဓုဝ သာသနာပြုဆောင်ရွက်ချက်များ

ကံ့လုံဆရာတော်ကြီး၏နိစ္စဓုဝသာသနာပြုဆောင်ရွက်ချက်များမှာ -

| | | | | |
|---|---|---|---|---|
| နံနက် | - | ၂း၃၀ နာရီ | = | ဝေနေယျသတ္တဝါများကို မေတ္တာပြန်းထ၏။ |
| နံနက် | - | ၂း၃၀ နာရီမှ ၅း၀၀ နာရီထိ | = | တရားဘာဝနာ ရှုမှတ်အားထုတ်သည်။ ပဌာနိ ကသိုဏ်း ရှုသည်။ |
| နံနက် | - | ၅း၀၀ နာရီမှ ၆း၀၀ နာရီထိ | = | အရဏ်ဆွမ်း၊ သစ်သီး၊ ခဲဖွယ် ဘုဥ်းပေး၏။ |
| နံနက် | - | ၆း၀၀ နာရီမှ ၆း၃၀နာရီထိ | = | ခေတ္တအနားယူသည်။ |

(၆၀) ဦးဟောင်မြင့်ထွန်း (B.Ag) နှင့် ဦးမြင့်အောင် (B.I . Mech)

| | | | | |
|---|---|---|---|---|
| နံနက် | - | ၆း၃၀နာရီမှ<br>၈း၃၀နာရီထိ | = | လာရောက်ဖူးမြော်သော ဒေ့ဒါယကာ၊ ဒါယိကာမများကို တရားချီးမြှင့် သည်။ သာသနာရေးရာကိစ္စလျှောက်ထားချက်များကို ဩဝါဒပေးသည်။ |
| နံနက် | - | ၈း၃၀နာရီမှ<br>၉း၃၀နာရီထိ | = | ရေသပ္ပာယ်သည်။ |
| နံနက် | - | ၉း၃၀နာရီမှ<br>၁၀း၃၀နာရီထိ | = | ဧည့်သည်များရှိလျှင်ခေတ္တအဖူးမြော်ခံသည်။ |
| နံနက် | - | ၁၀း၃၀နာရီမှ<br>၁၁း၃၀နာရီထိ | = | နံနက်နေ့ဆွမ်း၊ သစ်သီး ခဲဖွယ်ဘုဉ်းပေးသည်။ |
| နံနက်<br>နေ့လည် | -<br>- | ၁၁း၃၀နာရီမှ<br>၁၂း၃၀နာရီထိ | = | ခေတ္တအနားယူသည်။ |
| နေ့လည်<br>ညနေ | -<br>- | ၁၂း၃၀နာရီမှ<br>၅း၀၀နာရီထိ | = | တရားဘာဝနာရှုမှတ်အားထုတ်သည်၊ ဧည့်ဒယကာ. ဒါယိကာမများကို တရားချီးမြှင့်သည်၊ သာသနာရေး ကိစ္စ လျှောက်ထားချက်များကို ဩဝါဒပေးသည်။ |
| ညနေ<br>ည | -<br>- | ၅း၀၀နာရီမှ<br>၇း၀၀နာရီထိ | = | စင်္ကြံလျှောက်သည်၊ တစ်ခါတစ်ရံ သာသနာပြုဆောင်ရွက်နေကြသောနေရာ အသီးသီးသို့ကားဖြင့်ကြွရောက်၍အနီးကပ် ဩဝါဒပေးသည်။ |
| ည<br>ည | -<br>- | ၇း၀၀နာရီမှ<br>၉း၀၀နာရီထိ | = | အနီးနေဦးပဉ္စင်းများက ဝတ်ဖြည့်ကြသည်။ |
| ည | - | ၉း၀၀နာရီတွင် | = | အမှတ်သတိဖြင့် ကျိန်းစက်အနားယူသည်။ |

# (၉) မောဟာမူ ဒသကအရွယ်

အသက်ရှစ်ဆယ်မှ ကိုးဆယ်အရွယ်ထိ၊ မေ့တတ်နေပါပြီ။ အသက်အရွယ်အိုမင်းရင့် ရော်နေပြီဖြစ်၍ ခါးကိုပင် ကောင်းကောင်း ဆန့်မထားနိုင်တော့။ ခါးကုန်းနေပါပြီ။ ကုသိုလ် ကောင်းမှုလုပ်ရန် စိတ်သွားတိုင်း ကိုယ်မပါနိုင်တော့ပြီ။ လှုပ်လှုပ်ရှားရှားပင် မလုပ်နိုင် တော့ပေ။ အရွယ်ဆယ်ပါးတွင် အမေ့တတ်ဆုံးအရွယ်ဖြစ်ပါသည်။

## (က) ဦးကြည်မောင်ကျောင်းတွင် ဝါဆိုခြင်း

ကောဇာ ၁၃၅၁ မှ ၁၃၅၃ ထိ ဂဠုန်တောင် ၊ ဦးကြည်မောင်ကျောင်းတွင် ကုံလုံဆရာတော်ကြီး ဝါဆိုသီတင်းသုံးတော်မူသည်။

## (ခ) ဆက်ကပ်ပူဇော် ဘွဲ့တံဆိပ်တော်

သာသနာနှစ် ၂၅၃၅ - ခုနှစ်၊ ကောဇာသက္ကရာဇ် ၁၃၅၃ - ခုနှစ်၊ တန်ဆောင်မုန်း လပြည့် ၁၅ - ရက်၊ ခရစ်နှစ် ၁၉၉၁ - ခုနှစ်၊ နိုဝင်ဘာလ ၂၀ - ရက်၊ ကြာသပတေးနေ့တွင် ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့(ယခု နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ)က အမိန့်ကြော်ငြာစာအမှတ် ၄၆/၉၁ ဖြင့်၊ သာသနာတော်ဆိုင်ရာဘွဲ့တံဆိပ်တော်များ ဆက်ကပ်လှူဒါန်းခြင်း အမိန့်ကို ထုတ်ပြန်ခဲ့ပါသည်။

သာသနာနှစ် ၂၅၃၅ - ခုနှစ်၊ ကောဇာသက္ကရာဇ် ၁၃၅၃ - ခုနှစ်၊ တပေါင်းလပြည့်၊ ခရစ်နှစ် ၁၉၉၂ - ခုနှစ်၊ မတ်လ ၁၈ - ရက်၊ ဗုဒ္ဓဟူးနေ့တွင် ရန်ကုန်မြို့ သီရိမင်္ဂလာ ကမ္ဘာအေး ကုန်းမြေ မဟာပါသာဏလိုဏ်ဂူတော်ကြီး တွင် အဘိဓဇ မဟာရဋ္ဌဂုရု၊ အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မဇောတိက၊ အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီးများနှင့်အတူ ကုံလုံ ဆရာ

(၆၂) ဦးအောင်မြင့်ထွန်း (B.Ag) နှင့် ဦးမြင့်အောင် (B.E. Mech)

သာသနာ ၂၅၃၁ ခု၊
ကောဇာ ၁၃၄၉ ခု၊
ခရစ် ၁၉၈၇ ခု၊
သက်တော် (၈၀)၊
သိက္ခာဝါတော်(၆၀)၊
ဝက် ဒသကအရွယ်
ပါရမီကျောင်း၊(လှိုင်ကော်)၊
ဂန္ဓြန်တောင်၊ကဲ့လုံကျောင်း။





သက်တော်(၉၃)နှစ်၊
သိက္ခာဝါ(၇၃)ဝါ။
သယန ဒသကအရွယ်
ဦးစံငြိမ်းကျောင်း၊(ရန်ကုန်)၊
ဂန္ဓြန်တောင်၊ကဲ့လုံကျောင်း။



သာသနာ၂၅၃၆ ခု၊ကောဇာ
၁၃၅၄ ခု ၊ ခရစ် ၁၉၉၂ ခု၊
သက်တော် (၈၅)၊ သိက္ခာ
ဝါတော်(၆၅)၊မောဟမူဒသက
အရွယ် ၊ဦးစံငြိမ်းကျောင်း
(ရန်ကုန်)၊ ဂန္ဓြန်တောင် ၊
ကဲ့လုံကျောင်းတိုက်။

တော်ဘုရားကြီးအား အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မ ဇောတိက ဘွဲ့တံဆိပ်တော်ကို နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ (ယခု နိုင်ငံတော် အေးချမ်းသာယာ ရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ) ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက ဆက်ကပ် လှူဒါန်း ခဲ့၏။

အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မဇောတိက ဘွဲ့တံဆိပ်တော်၏အဓိပ္ပာယ်မှာ -

| | | |
|---|---|---|
| အဘိ | = | ထူးကဲသာလွန်သော၊ |
| ဓဇ | = | အလံတံခွန်သဖွယ်ဖြစ်သော၊ |
| အဂ္ဂ | = | အမြတ်ဆုံးဖြစ်သော၊ |
| မဟာ | = | ကြီးကျယ်မြင့်မြတ်သော၊ |
| သဒ္ဓမ္မ | = | ဘုရားဟောတရားတော်တို့ကို၊ |
| ဇောတိက | = | ထွန်းလင်းတောက်ပအောင် ပြုလုပ်တတ်သော |

ပုဂ္ဂိုလ်ဟု ဆိုလိုသည်။ သာသနာပြုလုပ်ငန်းကို စွမ်းစွမ်းတမံ သူမတူအောင် ထူးချွန်စွာ ဆောင်ရွက် နိုင်သော ပုဂ္ဂိုလ်များအား ဤထိပ်တန်း ဘွဲ့တံဆိပ်တော်ကို လှူဒါန်းဆက်ကပ်ခြင်းဖြစ်သည်။

ကံ့လုံဆရာတော်ဘုရားကြီး ဘွဲ့တံဆိပ်တော်ရပြီးခါစက မိန့်တော်မူသည်မှာ - "ဆရာ့ ဆရာတော်များလည်း ဘွဲ့တံဆိပ်တော်ကို အားပါးတရလက်ခံလိုကြသည် မဟုတ်ချေ၊ အများနှင့် မဆန့်ကျင့်လို၍သာ လက်ခံတော်မူကြခြင်းဖြစ်သည်၊ ဘုန်းကြီးက ဒီ အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မဇောတိက ဘွဲ့တံဆိပ်တော်ရအောင် ပြုလုပ်နေခြင်း မဟုတ်ပါဘူး၊

ဘုရားသာသနာတော်အတွက် ဘုရားရှင်၏ အလိုတော် ကျ ဖြစ်နိုင်သမျှ ဖြစ်အောင် သာသနာတော်ကို ပြုပြင်၊ မွမ်းမံ၊ထိန်းသိမ်း စောင့်ရှောက်နေခြင်းသာ ဖြစ်ပါတယ်၊ ဘုန်းကြီးအတွက် ဒီ အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မဇောတိက ဘွဲ့တံဆိပ်တော်ရတာ လမ်းဆုံးပြီ မမှတ်ကြပါနှင့်၊ သာသနာတော် အတွက်လုပ် နေကြအလုပ်တွေကို မသေသေးသရွေ့ လုပ်မြဲဆက်လက် လုပ်ဆောင် နေဦးမည်သာ ဖြစ်ပါတယ်" ဟု မိန့်မြွက်တော်မူသည်မှာ အထူးပင် ကြည်ညို လေးစားဖွယ်ရာ မှတ်သားလောက်ပါပေသည်။

ဆရာတော်ကြီးသည် ဗုဒ္ဓသာသနာတော်အပေါ်၌ မကြည်ညိုသူတို့ ကြည်ညို လာကြစေရန်၊ ကြည်ညိုပြီးသူတို့လည်း ခိုင်မြဲစွာ ပိုမိုတိုးတက်ကြည်ညိုလာကြစေရန် လက်တွေ့ကျင့်သုံးနေထိုင်ခြင်း၊ ဟောပြောခြင်း၊ လမ်းညွှန်ဆုံးမဩဝါဒပေးခြင်းတို့ကို မနားမနေ ဆောင်ရွက်တော်မူသည့်အတွက် ဤဘွဲ့တံဆိပ်တော်ကို နိုင်ငံတော် အစိုးရက ဆက်ကပ် လှူဒါန်းခြင်းဖြစ်သည်။

ဆရာတော်ဘုရားကြီး၏ ဝိသိဋ္ဌ ဗုဒ္ဓ သာသန ဂုဏ်ကရဂုဏ်၊ ဝိသိဋ္ဌ ဗုဒ္ဓသာသန ဟိတစရဂုဏ်၊ ဝိသိဋ္ဌ ဗုဒ္ဓသာသနာန ရက္ခိ တဂုဏ်၊ ဝိသိဋ္ဌ မဟာနာယက ဂုဏ်၊ ဝိသိဋ္ဌ လဋ္ဌိပေသလ သိက္ခာကာမ ဝိနယဂရုက သံသာရဘီရုကဂုဏ်၊ သီလဂုဏ် သမာဓိ ဂုဏ်၊ ပညာဂုဏ်၊ ခမာဂုဏ်၊ ဇာဂရိယဂုဏ်၊ ဉာဏ်ဂုဏ် စသော ဂုဏ်ကျေးဇူးတော်များ ဖော်ကျူး၍ပင် ကုန်အံ့ မထင်ပါ။

## (ဂ) နိုင်ငံခြားသားများပင် ဝမ်းသာအားရ လျှောက်ထားကြ

၁၉၉၂ - ခုနှစ်၊ နိဝင်ဘာလတွင် မြန်မာပြည်သို့ ပထမဦးဆုံး ရောက်ရှိလာသော Orbit မျက်စိအထူးကုလေယာဉ်မှ ဒေါက်တာ အိုလီတာဟွတ်နှင့် အဖွဲ့က မြန်မာပြည် တွင် ပထမဦးဆုံးဆေးကုသမှုများ ခံယူသူ ကံ့လုံဆရာတော်ကြီး၏ညာဖက်မျက်စိမှ တိမ်ကိုခွဲ ထုတ်ပြီး မျက်ကြည်လွှာထည့်သွင်းရာ အောင်မြင်မှု ရရှိခဲ့ပါသည်။ အဆိုပါ Orbit အဖွဲ့က မြန်မာနိုင်ငံသူ နိုင်ငံသားများအတွက် ၎င်းတို့ပါရှိလာသော ဆေးများ၊ ဆေးရုံ သုံးပစ္စည်းများ၊ ကိရိယာများ နည်းပညာ များကိုပါ ပေးလှူခဲ့သဖြင့် ယခုထက်တိုင် ဆက်လက်၍ မျက်ကြည်လွှာ ထည့်သွင်းကာ မျက်စိကုသပေးနိုင် နေခြင်းဖြစ်ပါသည်။ ၎င်း Orbit အဖွဲ့က ယခုထက် ကြီးမား သော လေယာဉ်ဖြင့် ကမ္ဘာ့အနှံ့မျက်စိကုသပေးနိုင်ရန် ဆုတောင်း မေတ္တာပို့သ ပေးပါ။ မေတ္တာခံယူနေ ပါမည် ဟု ဆရာတော်ကြီးအား လျှောက် ထားခဲ့ရာ၊ ယခု ဆန္ဒပြည့်ဝသွားပြီဖြစ်၍ ဝမ်းသာကြောင်း အကြောင်းကြားတဖြင့် လျှောက်ထားလာခဲ့ပါသည်။

ကံ့လုံဆရာတော်ကြီးကို ယုံကြည်အားကိုး၍ တောင်ကိုရီးယား သမ္မတ နိုင်ငံက လူအမည် ( MR LEE CHUM BAI ) ရဟန်းဘွဲ့တော် IA KONG

နိုင်ငံကူးလက်မှတ်အမှတ် GBO-113467. မွေးရက် 05.JAN.1952 နေရပ်လိပ်စာ OAK SU OAM TEMPLE, NO.118-1, Z DONG YOUNG JU, YOUNG CITY, REPUBLIC OF KOREA ကလည်း ပင်းတယမြို့နယ်၊ ဂဠုန်တောင်၊ ကံ့လုံကျောင်း တိုက်တွင် ဗုဒ္ဓတရားတော်မြတ်ကို လာရောက် ရှုမှတ် အားထုတ်သွားခဲ့ပါသည်။

ဆရာတော်ကြီး ထံမှောက် လာရောက်ဖူး မြော်သူတိုင်းကို၊ သားသတ်လွတ်ဘေးမဲ့ ထမင်းဟင်း လျာ များ ဖြင့် ဧည့်ဝတ်ပြု ကျွေး မွေး ဧည့်ခံလေ့ရှိပါသည်။ ဝေနေယျ သတ္တဝါများ စိတ်ချမ်း သာ၊ ကိုယ်ကျန်းမာစေရန်နှင့် လိုရာဆန္ဒတစ်လုံးတဝတည်းပြည့်စုံစေလိုကြောင်းဆရာတော်ကြီးက နေ့ - ညမပြတ် မေတ္တာပို့သ လျက် ရှိနေပေသည်၊

## (ဃ) ဦးစံငြိမ်းကျောင်း(ရန်ကုန်)တွင် ဝါဆိုခြင်း

ကောဇာ ၁၃၅၄ နှင့် ၁၃၅၅ တွင် ဂဠုန်တောင် ၊ ဦးစံငြိမ်းကျောင်း(ရန်ကုန်)၌ ကံ့လုံဆရာတော်ကြီး ဝါဆိုသီတင်းသုံးတော်မူသည်။

## (င) ကံ့လုံဆရာတော် နှင့် မဇ္ဈိမဒေသ

၁။ ကံ့လုံ ဆရာတော်ကြီးသည် ကောဇာသက္ကရာဇ် ၁၃၅၄ - ခုနှစ်၊ တန်ခူး လပြည့်ကျော် ၁၂ - ရက်၊ (၁၉၉၂ - ခုနှစ်၊ ဧပြီလ)တွင်၊ ထိုင်း (ယိုးဒယား) နိုင်ငံ၊ ဘန်ကောက်မြို့သို့ လည်းကောင်း၊

၂။ နိုင်ငံတော်အစိုးရအဖွဲ့၏ စီစဉ်ပေးမှုဖြင့် ကောဇာသက္ကရာဇ် ၁၃၅၄ - ခုနှစ်၊ ကြသိုလပြည့်ကျော် ၁၄ - ရက်၊ (၂၁ - ၁ - ၉၃၊ ကြာသပတေးနေ့) တွင် ထိုင်း (ယိုးဒယား) နိုင်ငံ ၊ ဘန်ကောက်မြို့သို့လည်းကောင်း၊ ထို မှတစ်ဆင့် စင်ကာပူနိုင်ငံ၊ အိန္ဒိယနိုင်ငံတို့သို့ ဆက်လက်ကြွချီတော်မူသည်။ ဘုရားပွင့်ထွန်းတော်မူခဲ့ရာ ဗုဒ္ဓဂယာ၊ သံဝေဇနိယလေးဌာန၊ အဝိဇဟိတ လေးဌာန၊ ရာဇဂြိုဟ်မြို့ ( ၇ - ၃ - ၉၃ )၊ တာရာဏသီမြို့များသို့လည်းကောင်း ရောက်ရှိသာသနာပြုခဲ့သည်။

## ☼ သံဝေဇနီယ လေးဌာန

(၁) မြတ်စွာဘုရား ဖွားတော်မူရာ လုမ္ဗိနီဥယျာဉ်၊

(၂) သဗ္ဗညုတ ရွှေဉာဏ်တော်ကို ရတော်မူ၍ ဘုရားအဖြစ်သို့ ရောက်တော်မူရာ ဗုဒ္ဓဂယာ မဟာဗောဓိပင်၊

(၃) ပဉ္စဝဂ္ဂီငါးဦးတို့အား မြတ်စွာဘုရား တရားဦး ဓမ္မစကြာ ဟောမြွက်ရာ မိဂဒါဝုန်နှင့်

(၄) မြတ်စွာဘုရား ပရိနိဗ္ဗာန် စံလွန်တော်မူရာ မလ္လာမင်းတို့၏ ကုသိနာရုံ အင်ကြင်းရုံ တို့ဖြစ်ကြသည်။

## ☼ အဝိဇဟိတ လေးဌာန

(၁) မဟာဗောဓိ ရွှေပလ္လင်တော်၊

(၂) ဣသိပတန မိဂဒါဝုန်တော၊

(၃) သာဝတ္ထိပြည် ဇေတဝန်ကျောင်း အမြဲ သီတင်းသုံးတော်မူရာ ဂန္ဓကုဋီတိုက် အတွင်း ညောင်စောင်းတော် ခြေကျရာဌာန နှင့်

(၄) တာဝတိံသာနတ်ပြည်မှ မြတ်စွာဘုရားဆင်းသက်တော်မူ၍ ခြေချတော်မူရာ သင်္ကဿနဂိုရ်ပြည် တို့ဖြစ်ကြပါသည်။

ချစ်သား အာနန္ဒာ၊ အကြင်လူတို့သည် ဘုရားဖူးခရီး လှည့်လည်မှုကိုပြု၍ ကြည်ညို စိတ်ဖြင့် သေလွန်ကုန်၏။ ထိုလူအားလုံးတို့သည် ဤခန္ဓာကိုယ်ပျက်စီး၍ သေလွန်ပြီးနောက် နတ်ရွာသုဂတိသို့ ရောက်ကြကုန်လတ္တံ့။

## (စ) အမေရိကန်နှင့်ဝက်ာပူသို့သာသနာပြုကြွချီတော်မူခြင်း

၁။ ကုံလုံ ဆရာတော်ကြီးသည် မျက်စိကျန်းမာရေး ဆေးစစ်ခံယူရန် ဒေါက်တာစံအေး ၏ ပင့်လျှောက်ချက်အရ ကောဇာ ၁၃၅၆ ခုနှစ် ၊ ဝါဆိုလဆန်း (၃)ရက် (၁၀ - ၇ - ၉၄) တွင် မြန်မာနိုင်ငံ ရန်ကုန်မြို့မှ ထွက်ခွာ၍ အမေရိကန်နိုင်ငံ၊ လော့(စ်)အိန်ဂျလိ(စ်)မြို့တွင် တစ်ဝါကပ်တော်မူခဲ့ပါသည်။ ၁၃၅၆ - ခုနှစ်၊ သီတင်း

ကျွတ်လပြည့်ကျော် (၅) ရက်(၂၄ - ၁၀ - ၉၄၊ တနင်္လာနေ့) တွင်မြန်မာ နိုင်ငံ၊ ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိ ခဲ့သည်။

၂။   စင်္ကာပူနိုင်ငံက ဒါယိကာမ ဒေါ်စန်းစန်းဝင်း၏ ပင့်လျှောက် ချက်အရ၊ ကောဇာသက္ကရာဇ်၁၃၅၇ - ခုနှစ်၊ပြာသိုလပြည့်ကျော်၃ - ရက်(၇ - ၁ - ၉၆၊တနင်္ဂနွေနေ့) တွင် စင်္ကာပူနိုင်ငံသို့ကြွချီတော်မူသည်။

ထိုမှတစ်ဆင့် (၁၅ - ၁ - ၉၆၊ တနင်္လာနေ့) တွင် မလေးရှားနိုင်ငံသို့ ဆက်လက် ကြွချီတော်မူရာ ကွာလာလမ်ပူမြို့( KUALA LUMPUR )၊ ပီနန်မြို့ (PENANG) များသို့သွားရောက်သာသနာပြုခဲ့ပါသည်။

# (၁၁) သယန ဒသကအရွယ်

အသက်ကိုးဆယ်မှ တစ်ရာအရွယ်ထိ၊ အအိပ်များသောအရွယ်ဖြစ်သည်။ အသက်အရွယ် အလွန်ကြီးရင့်နေပြီဖြစ်၍မိမိကိုယ်တိုင် ဘာကိုမျှမလုပ်နိုင်တော့ပေ။ အိပ်ရာထဲမှာ သာအမြဲလဲနေတော့သည်။ သတိတရားလည်းမမှန်တော့ချေ။ အရာရာ အခြားသူ တစ်ပါးကိုသာ မှီခိုနေကြရသဖြင့် ကုသိုလ်ကောင်းမှု မလုပ်နိုင်တော့ပေ။ ဉာဏ်ပညာလေးလံထိုင်းမှိုင်းနေပြီး၊ ဇရာတရားများကအလွန်ညှဉ်းပန်းနှိပ်စက်နေ၏။

အချုပ်ဆိုရသော် - အသက်တစ်နှစ်မှ လေးဆယ်နှစ်အထိနှင့် အသက်ရှစ်ဆယ်နှစ်မှ တစ်ရာကြား ကာလများသည် ကုသိုလ်ကောင်းမှု ပြုလုပ်ရေးအတွက် ကောင်းစွာဆောင်ရွက် လုပ်ကိုင်သွား လာနိုင်ခြင်းမရှိပေ။ ယေဘုယျ ဆိုခြင်းဖြစ်၏။ ပုံသေနည်းဖြင့် မတွက်သင့်ပေ။ အရွယ်ငယ်ငယ်နှင့် ကုသိုလ် ကောင်းမှုများ လုပ်ဆောင် နေသူ ရှိသကဲ့ သို့ အရွယ်ကြီးသော်လည်း ကုသိုလ်မေ့ နေသူများ ရှိတတ်၏။

## (က)   ဦးစံငြိမ်းကျောင်း(ရန်ကုန်)တွင် ဝါဆိုခြင်း

ကောဇာ သက္ကရာဇ် ၁၃၅၇ ခုနှစ်မှ ၁၃၆၃ ခုနှစ်ထိ ဂဠုန်တောင်၊ ဦးစံငြိမ်းကျောင်း(ရန်ကုန်) ၌ ကုံလုံဆရာတော်ကြီး ဝါဆိုသီတင်းသုံး ကာ ဒကာ.ဒကာမများကိုတရားဟောလမ်းညွှန်ပြသတော်မူသည်။

### (ခ) သိရီစကြာ ရတနာကျောင်းတော်ကြီး တွင် ဝါဆိုခြင်း

သာသနာ ၂၅၄၆ - ခုနှစ်၊ ကောဇာသက္ကရာဇ် ၁၃၆၄ - ခုနှစ်၊ နယုန်လပြည့် (၂၅ - ၆ - ၂၀၀၂)၊ အင်္ဂါနေ့၊ သိက္ခာဝါ (၇၅)ဝါအရောက်တွင် သိရီစကြာရတနာ ကျောင်းတော်ကြီးသို့ ပြောင်း ရွှေ့သီတင်းသုံးတော်မူခဲ့ရာ၊ သက်တော် (၉၆)နှစ်၊ သိက္ခာဝါ (၇၆)ဝါအရောက်၊ ဘဝနတ် ကျောင်းပြောင်းရွှေ့သည် အထိဖြစ်ပါသည်။

### (ဂ) ပဋ္ဌာန်းဆက်ပေလော

ကုံလုံဆရာတော်ကြီးအား ယုံကြည်ကြသူများက ရင်ဘတ်အလယ်တွင် မြဘုရား ပုံသဏ္ဌာန်တော်နှင့် လည်ဂုတ်တွင် အရဟံ အမှတ်အသား ပုံသဏ္ဌာန် ပါရှိသောကြောင့် ဘဝဟောင်းက ကျွန်စစ်သားမင်း လူပြန်ဖြစ်လာသည် ဟုလည်းကောင်း၊ စကြာတောင်ရှိ ဘုန်းကြီးလုံး (ရုပ်ကလာပ်) အားဘဝဟောင်း က လုံးလက်ဖယ် ဖြစ်ခဲ့ဘူး သည်ဟု လည်းကောင်း၊ ယခင်ဘဝက ညောင်ဦးဖီး သည် ယခုဘဝ တွင် (ရွှေဥဒေါင်းတောင် ဆရာတော်)ဖြစ်လာသည်ဟု လည်း ကောင်း၊ ယခင် ဘဝက ထွေရှုးသည် ယခုဘဝတွင် ပွေးလှမြို့နယ် ဝက်လူးကန်ကျေး ရွာက ဦးပဥ္စင်းထွေးဖြစ်နိုင်ကြောင်းကိုလည်းကောင်း ယူဆပြောဆိုနေကြပေသည်။

## ၂။ (၁) ဆရာတော်ဘုရားကြီး၏ ကြည်ညိုဖွယ်ရာ ဂုဏ်အဖြာဖြာ

ကျေးဇူးတော်ရှင် ကုံလုံဆရာတော်ဘုရားကြီးသည် -

(က) သီလ. သမာဓိ. ပညာ သိက္ခာသုံးပါးနှင့် ပြည့်စုံတော်မူခြင်း၊

(ခ) သာသနာ့ပြုစိတ်ဓာတ် အပြည့်အဝ ရှိခြင်း၊

(ဂ) ဆွမ်း. သင်္ကန်း. ကျောင်း. ဆေး ပစ္စည်း လေးပါးတို့ကို သုံးစွဲရာ၌ ဝိနည်းတော် နှင့်အညီရှိသေလေးစားစွာ သုံးစွဲတော်မူခြင်း၊

(ဃ) တပည့် ရဟန်း. သာမဏေများကို လိမ္မာယဉ်ကျေးမှုရှိစေရန် သွန်သင် ဆုံးမ ဩဝါဒ ပေးတော်မူခြင်း၊

( င ) ဒါယကာ. ဒါယိကာမများကို ဘာသာရေး ဗဟုသုတ ပြည့်ဝစေရန် တရားဓမ္မ ဟောပြောပြသတော်မူခြင်း၊

( စ ) တပည့်ကြီးများအား ပါဠိ. အဋ္ဌကထာ. ဋီကာ. ယောဇနာ. ဂဏ္ဌိ အစရှိသည့် ကျမ်းကြီးများကို အာစရိယမုဋ္ဌိ ရရှိအောင် စနစ်တကျ သင်ပြပေးတော်မူခြင်း၊

( ဆ ) ပရိယတ္တိ. ပဋိပတ္တိ နှစ်ဖက်စွယ်စုံသော ပုဂ္ဂိုလ်ထူးဖြစ်ခြင်း၊

( ဇ ) ဟန်ဆောင်မှု မရှိ၊ ပွင့်ပွင့်လင်းလင်း ပြောဆိုလေ့ရှိခြင်း၊

( ဈ ) ပကတိရိုးသားစွာ နေထိုင်ပြီး၊ မိမိကြောင့် သူတစ်ပါး နှစ်နာစေမည့် အလုပ် အပြော အဆို၊ အပြုအမူကို သတိကြီးစွာထား၍ အထူးရှောင်ရှားတော်မူခြင်း၊

( ည ) သက်တော်ကြီးရင့်မှုကို ငဲ့ညှာတော်မမူဘဲ သာသနာရေး လုပ်ငန်းများကိုသာ အချိန်ပြည့် အထူးဦးစားပေး၍ ဆောင်ရွက်တော်မူခြင်း၊

( ဋ ) အောက်လမ်းနည်းဖြင့် ပြုစားခံနေရသော ဝေနေယျသတ္တဝါများသည် ဆရာတော်ကြီးရေချိုးတော်မူပြီးသော ရေများကို ယုံကြည်စွာ သောက်သုံး ပါက ခံစားနေရသော ရောဂါဝေဒနာများ သက်သာပျောက်ကင်းကြခြင်း၊

( ဌ ) မည်သည့်အရပ်ဒေသတွင် နေသူဖြစ်ပါစေ ၊ ဘေးမဲ့ သားလွှတ်စား၍ ဆရာ တော်ဘုရားကြီးအား ပင့်ဆောင်ပြီး သစ်သီးဆွမ်းကပ်ပါက ဓာတ်ဖြင့် ကြွ၍ ဆွမ်းဘုဉ်းပေးကြောင်း၊ ဆရာတော်ကြီးကြွလာကြောင်းကိုလည်း အနံ့ တစ်ခုခုပေး၍ အသိပေးတတ်ကြောင်း၊ အစဉ် ဘေးမဲ့ စားသုံးသူများဖြစ်ပါက ပိုမိုထူးခြားစွာ သိနိုင်ခြင်း၊

( ဍ ) ဆရာတော်ကြီးအား တိုင်တည် သစ္စာ. အဓိဋ္ဌာန်ပြုပြီး လုပ်ငန်းကိစ္စများ ဆောင်ရွက်ပါက ထူးခြားစွာ အောင်မြင်ကြခြင်း၊

( ဎ ) မြင်ရ. မမြင်ရ ပုဂ္ဂိုလ်ထူး ပုဂ္ဂိုလ်မြတ်တို့၏ စောင့်ရှောက်မှုကို ခံရခြင်း စသော ဂုဏ်အပေါင်းနှင့် ပြည့်စုံတော်မူပါပေသည်။

သိဒ္ဓိပေါက်အောင်မြင်နေသော ဆရာတော်ကြီး တစ်ပါးဖြစ် သည် ဟုလည်း ပြောဆိုနေကြပေသည်။ စာရေးသူ၏ဉာဏ်ဖြင့်မှုလိုက်မမီ၍ မသိရှိနိုင်ပါ။

ဆက်လက်၍၊ သိဒ္ဓိဆယ်မျိုးရှိရာ - ဗဟုသုတဖြစ်ဖွယ်

တင်ပြလိုပေသည်။

| | | | |
|---|---|---|---|
| ( ၁ ) | အာယုသိဒ္ဓိ | = | အသက်ရာထောင်မကနေနိုင်ခြင်း၊ |
| ( ၂ ) | ယောဗ္ဗနသိဒ္ဓိ | = | အဆင်းပုံပန်း အရွယ်အမြဲနုပျိုနေခြင်း၊ |
| ( ၃ ) | အာရောဂျသိဒ္ဓိ | = | ရောဂါကင်းရှင်း.ကျန်းမာခြင်းဂုဏ်နှင့် ပြည့်စုံခြင်း၊ |
| ( ၄ ) | ကာယသိဒ္ဓိ | = | ဓား.လှံ စသော လက်နက်အမျိုးမျိုးတို့ဖြင့် ထိုးမဖောက်နိုင်ခြင်း၊ |
| ( ၅ ) | ပီယသိဒ္ဓိ | = | မြင်မြင်သမျှပုဂ္ဂိုလ်များကကြည်ညိုလေးစားကြခြင်း၊ |
| ( ၆ ) | ဓနသိဒ္ဓိ | = | ငွေကြေး.ဓနဉစ္စာပစ္စည်းပြည့်စုံပေါများခြင်း၊ |
| ( ၇ ) | ပထဝီသိဒ္ဓိ | = | ကမ္ဘာမြေပြင်ပေါ်ရှိအရာဝတ္ထုအားလုံးတို့ကို စိုးပိုင်နိုင်ခြင်း၊ |
| ( ၈ ) | ဥဒကသိဒ္ဓိ | = | ရေပြင်ကိုမြေပြင်ကဲ့သို့ သွားလာနိုင်ခြင်း. မေတ္တာရေစင်ပတ်ဖျန်းထိသည်နှင့် ကျန်းမာနိုင်ခြင်း၊ |
| ( ၉ ) | အာကာသသိဒ္ဓိ | = | ကောင်းကင်ကိုပျံနိုင်ခြင်း၊ |
| (၁၀) | ဣဒ္ဓိဝိဓသိဒ္ဓိ | = | တန်ခိုးဖန်ဆင်းနိုင်ခြင်းတို့ဟူ၍ဖြစ်ပါသည်။ |








သက်တော် (၉၆) နှစ်၊ သိက္ခာတော် (၇၆)ဝါ၊
သံယနဒသကာအရွယ် ကုံလုံဆရာတော်ဘုရားကြီး

## (၂) ကုံလုံဆရာတော်ဘုရားကြီး၏ ဝါဆိုစဉ် အခြေပြဇယား နှင့်

| စဉ် | ဝါဆိုစဉ် | သာသနာ | ကောဇာ | ခရစ် | သက်တော် | ဝါဆိုရာဒေသ |
|---|---|---|---|---|---|---|
| ၁။ | | ၂၄၅၁ | ၁၂၆၉ | ၁၉၀၀ | မွေးဖွားသည် | |
| ၂။ | | ၂၄၆၄ | ၁၂၈၂ | ၁၉၂၀ | ၁၃ နှစ် | |
| ၃။ | (၁)ဝါမှ | ၂၄၇၂ | ၁၂၉၀ | ၁၉၂၈ | ၁၉.၆ နှစ် | မန္တလေး |
| | (၂)ဝါထိ | ၁၄၇၃ | ၁၂၉၁ | ၁၉၂၉ | ၂၂ နှစ် | ဟော်လမြိုင်ကျောင်း |
| ၄။ | (၃)ဝါမှ | ၂၄၇၄ | ၁၂၉၂ | ၁၉၃၀ | ၂၃ နှစ် | မွေးလှ |
| | (၇)ဝါထိ | ၂၄၇၈ | ၁၂၉၆ | ၁၉၃၄ | ၂၇ နှစ် | ကျောက်တောကျောင်း |
| ၅။ | (၈)ဝါ | ၂၄၇၉ | ၁၂၉၇ | ၁၉၃၅ | ၂၈ နှစ် | မွေးလှမြို့အေး(ဝါ) ရေမြို့ကျောင်း |
| ၆။ | (၉)ဝါမှ | ၂၄၈၀ | ၁၂၉၈ | ၁၉၃၆ | ၂၉ နှစ် | ကလောမြို့နယ် |
| | (၁၀)ဝါထိ | ၂၄၈၁ | ၁၂၉၉ | ၁၉၃၇ | ၃၀ နှစ် | သဲကုန်းကျောင်း |
| ၇။ | (၁၁)ဝါမှ | ၂၄၈၂ | ၁၃၀၀ | ၁၉၃၈ | ၃၁ နှစ် | ကန်းသာ |
| | (၁၄)ဝါထိ | ၂၄၈၅ | ၁၃၀၃ | ၁၉၄၁ | ၃၄ နှစ် | ဝါးတဲကျောင်း |
| ၈။ | (၁၅)ဝါမှ | ၂၄၈၆ | ၁၃၀၄ | ၁၉၄၂ | ၃၅ နှစ် | ဘုရားနီရွာ |
| | (၂၉)ဝါထိ | ၂၅၀၀ | ၁၃၁၈ | ၁၉၅၆ | ၄၉ နှစ် | ဘုရားနီကျောင်း |
| ၉။ | (၃၀)ဝါမှ | ၂၅၀၁ | ၁၃၁၉ | ၁၉၅၇ | ၅၀ နှစ် | ဂျွန်တောင် |
| | (၄၇)ဝါထိ | ၂၅၁၈ | ၁၃၃၆ | ၁၉၇၄ | ၆၇ နှစ် | ရွှေပွင့်လင်းကျောင်း |
| ၁၀။ | (၄၈)ဝါမှ | ၂၅၁၉ | ၁၃၃၇ | ၁၉၇၅ | ၆၈ နှစ် | ဂျွန်တောင် |
| | (၅၄)ဝါထိ | ၂၅၂၅ | ၁၃၄၃ | ၁၉၈၁ | ၇၄ နှစ် | ဘုံဘုရားကျောင်း |

# တစ်ဘဝ ခန္ဓာ သာသနာမှတ်တမ်း အကျဉ်း

| ရောက်ရှိနေသည့်အရွယ် | သာသနာပြုဆောင်ရွက်ချက်များ |
|---|---|
| မန္ဒ ဒသကအရွယ် | ဖွားမြင်သည်မှ တစ်ဆယ့်သုံးနှစ်အရွယ်ထိ လူ့ဘဝအမည် မောင်ထွန်းသာဖြစ်သည်။ |
| ခိဍ္ဍ ဒသကအရွယ် | ဦးအောင်နှင့် ဒေါ်ပို တို့၏ ပစ္စယာ နုဂ္ဂဟဖြင့် ရှင်သာမဏေဖြစ်သည်။ |
| အသက် ၁၃ နှစ် ၁၉ နှစ် ၆ လ | ရှင်သာမဏေလေးဝါရသည်ထိ ပညာဆည်းပူးသည်။ ဦးဘိုနီ + ဒေါ်လန်း နှင့် ဒေါ်အမာ တို့၏ ပစ္စယာ နုဂ္ဂဟဖြင့် ငွေတောင်ကျောင်းဆရာတော်ကို ဥပဇ္ဈာယ်ပြု ရဟန်းဖြစ်သည်။ |
| ဝဏ္ဏ ဒသကအရွယ် | မန္တလေးမြို့၊ ပွေးလှမြို့တို့တွင် ပရိယတ္တိ၊ ပဋိပတ္တိ ပညာရပ်များ ဆည်းပူးလေ့လာသည်။ ဘဒ္ဒန္တစိတ္တ နှင့် ဘဒ္ဒန္တအာသဘ အား ကျောင်းထိုင်နိုင်ရန် စီစဉ်ပေးသည်။ |
| ဝဏ္ဏ ဒသကအရွယ် | တရားအားထုတ်လိုသော အာသီသ အလွန်ပြင်းပြနေသည်။ ဒါယကာ, ဒါယိကာမတို့ အား ဗုဒ္ဓလမ်းစဉ်နှင့် အညီ တရားဟောကာ လမ်းညွှန်ပြသသည်။ |
| ဝဏ္ဏ ဒသကအရွယ် | အရည ဝါသီ တောရဆောက်တည်၍ ပဋိပတ်ကျင့်စဉ်များကို ကျင့်ကြံပြီး ဒါယကာ, ဒါယိကာမတို့အား တရားဟောကာ လမ်းညွှန်ပြသသည်။ |
| ဗလ ဒသကအရွယ် ပညာ ဒသကအရွယ် | သတ္တဝါဝေနေ ယျတို့အား မေတ္တာထား၍ တစ်သက်ပန် ဘေးမဲ့ သားလွတ်စားသုံးရန် အဓိဋ္ဌာန် ပြုသည်၊ အဓိဋ္ဌာန်ပြုသည့်အတိုင်း လည်း အမှန်တကယ် ကျင့်ကြံသည်။ |
| ပညာ ဒသကအရွယ် အသက် ၄၇ နှစ် | ဆဋ္ဌသင်္ဂါယနာ ဓမ္မသဘင်ကြီးတွင် ပင်းတယမြို့နယ်၏ သံဃကိုယ်စားလှယ်ဖြစ်သည်။ ပစ္စည်း၊ ကျောင်း နှင့် ဘဝ ကိုပင်စွန့်၍ အောင်မင်္ဂလာဂူတွင် တရားအားထုတ်သည်။ |
| ဟာနိ ဒသကအရွယ် ပဗ္ဘာရ ဒသကအရွယ် | ဂဠုန်တောင်သို့ပြောင်းရွှေ့၍ ကျင့်ကြံ တရားအားထုတ်သည်။ ဆရာတော်ကြီး၏ မေတ္တာဓာတ်ကြောင့် အဟိတ်တိရစ္ဆာန် ကျားများပင် လာရောက်မေတ္တာခံယူကြသည်။ |
| ပဗ္ဘာရ ဒသကအရွယ် ဝင်္က ဒသကအရွယ် | ဘုံဘုရား၊ ဘုံနန်းနှင့် ပြောင်းပူးကိုးဆူစေတီ စသည့် ထူးဆန်းသော အသီးအနှံများ ကြွရောက်တော်မူလာကြသည်။ ဆရာတော်ကြီး တစ်နေ့တခြား ထင်ရှားလာသည်။ |

| စဉ် | ဝါဆိုစဉ် | သာသနာ | ကောဇာ | ခုနှစ် | သက်တော် | ဝါဆိုရာဒေသ |
|---|---|---|---|---|---|---|
| ၁၁။ | (၅၅)ဝါမှ | ၂၅၂၆ | ၁၃၄၄ | ၁၉၈၂ | ၇၅နှစ် | ဂျွန်တောင် |
| | (၆၁)ဝါထိ | ၂၅၃၂ | ၁၃၅၀ | ၁၉၈၈ | ၈၁နှစ် | ပါရမီကျောင်း |
| ၁၂။ | (၆၂)ဝါမှ | ၂၅၃၃ | ၁၃၅၁ | ၁၉၈၉ | ၈၂နှစ် | ဂျွန်တောင် |
| | (၆၄)ဝါထိ | ၂၅၃၅ | ၁၃၅၃ | ၁၉၉၁ | ၈၄နှစ် | ဦးကြည်ဟောင်ကျောင်း |
| ၁၃။ | (၆၅)ဝါမှ | ၂၅၃၆ | ၁၃၅၄ | ၁၉၉၂ | ၈၅နှစ် | ဂျွန်တောင် |
| | (၆၆)ဝါထိ | ၂၅၃၇ | ၁၃၅၅ | ၁၉၉၃ | ၈၆နှစ် | ဦးခံငြိမ်းကျောင်း |
| ၁၄။ | (၆၇)ဝါ | ၂၅၃၈ | ၁၃၅၆ | ၁၉၉၄ | ၈၇နှစ် | အမေရိကန်နိုင်ငံ လော့စ်အိန်ဂျလိ(စ်)မြို့ |
| ၁၅။ | (၆၈)ဝါမှ | ၂၅၃၉ | ၁၃၅၇ | ၁၉၉၅ | ၈၈နှစ် | ဂျွန်တောင် |
| | (၇၄)ဝါထိ | ၂၅၄၅ | ၁၃၆၃ | ၂၀၀၁ | ၉၄နှစ် | ဦးခံငြိမ်းကျောင်း |
| ၁၆။ | (၇၅)ဝါမှ | ၂၅၄၆ | ၁၃၆၄ | ၂၀၀၂ | ၉၅နှစ် | ဂျွန်တောင် |
| | ပျံလွန်သည်ထိ | ၂၅၄၇ | ၁၃၆၅ | ၂၀၀၃ | ၉၆နှစ် | သီရိပကြာရတနာကျောင်း |

❁ မိမိဘဝက နေမထူး သေမထူးပါ။

❁ မိမိဘဝက ကုသိုလ်လည်း မလိုပါ၊ အကုသိုလ်လည်း မလိုပါ။

❁ မိမိကိုအကြောင်းပြုပြီး သြဝါဒခံယူသူတွေ အကျိုးပေးဖြစ်ထွန်းတာကိုပဲ လိုတယ်။

သည်းခံ - ကျိုးရှိ၊ တိုး၏ - ကုသိုလ်၊ ဆုံးဘဝ၊ သုံး ရအောင် မဂ်ဖိုလ်။

| ရောက်ရှိနေသည့်အရွယ် | သာသနာပြုဆောင်ရွက်ချက်များ |
| --- | --- |
| ဝင်္က ဒသကအရွယ်<br>မောဟမူ ဒသကအရွယ် | ဂျူနိတောင်၊ ပါရမီကျောင်း၊ လှိုင်ကော်တွင် ဝါဆို၍ သာသနာပြုတော်မူသည်။ သိန္ဓိယေါက်အောင်မြင်နေသော ဆရာတော်ကြီးတစ်ပါးဟု ပြောဆိုနေကြပေသည်။ |
| မောဟမူဒသကအရွယ်<br>အသက်ဂ၄ နှစ် | ဦးကြည်မောင်၊ ဦးစံငြိမ်းကျောင်း တို့တွင် ဝါဆိုသည်။ ပြည်ထောင်စုမြန်မာနိုင်ငံတော် အစိုးရအဖွဲ့၏ အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဘွဲ့ ဆက်ကပ်ခြင်းခံရသည်။ |
| မောဟမူဒသကအရွယ် | ဘဒ္ဒ တောင်တော်တွင် သာသနာပြုတော်မူသည်။ ပြည်တော်အေး စေတီသစ်ကြီး တည်ထားကိုးကွယ်တော်မူသည်။ ဘုရားပွင့်ရာ မဇ္ဈိမ ဒေသသို့ ကြွတော်မူသည်။ |
| မောဟမူဒသကအရွယ် | အမေရိကန်နိုင်ငံသို့ကြွရောက် သာသနာပြုသည်။ ဆရာတော်ကြီး၏ မေတ္တာစာတ် ကြောင့် နိုင်ငံခြားသားများ အောင်မြင်မှုရရှိသဖြင့် ဝမ်းသာစွာ လာလျှောက်ကြသည်။ |
| သယန ဒသကအရွယ် | ပြည်တော်ငြိမ်းချမ်းရေးဆုတောင်းပြည့် နှင့် သိရိမင်္ဂလာသိဒ္ဓိ အောင်မြေ စေတီတော် တည်ထားသည်။ ကံ့လုံသာသနာ့ ဗိမာန်တော် ဆောက်၍ ရေအလှူတော်ပြုသည်။ |
| သယန ဒသကအရွယ် | ၈ ၆ ၀ ၀ (၈ ပ ဓာတ်ရှင်) စေတီတော်သစ်များ တည်ထားကိုးကွယ်သည်။ သဲကုန်း မူလတန်းကျောင်းအား အလယ်တန်းကျောင်းအဖြစ် မြှင့်တင်၍ နှစ်ထပ် စာသင်ဆောင် နှစ်ထပ် ကွန်ပျူတာဆောင်နှင့် ဆရာ, ဆရာမများ နေဆောင်တို့ကိုပန်းအလှဥယျာဉ်နှင့် တကွ ဆောက်လုပ်လှူဒါန်းသည်။ သိရိဝကြာ ရတနာ ကျောင်း တော်ကြီး ဆောက်လုပ် သည်။ မဟာသိရိမင်္ဂလာ မြတ်စွာဘုရား တည်ထားကိုးကွယ်ရန် စီစဉ်တော်မူခဲ့သည်။ ရုပ်ကလာပ်တော်ထားတော်မူရန် စဉ့်ကျောင်း တော်ကြီး ကိုလည်း ဆောက်လုပ်ရန် ဩဝါဒ ပေးတော်မူခဲ့သည်။ |

ကြံစည်သမျှ၊ အောင်လိုက၊ သီလပြည့်ပါစေ။
သီလရှိ၊ သမာဓိရ၊ သူ့နောက်က၊ ဉာဏ်ပွင့်လင်းပေ။

# ၁။  မဟာသီဝ ရဟန္တာ မထေရ်မြတ်ကြီးနှင့် ကူတော်မူသော ကံ့လုံ့ဆရာတော်ဘုရားကြီး

ဤအကြောင်းအရာကို သိသာရန် မဟာသီဝရဟန္တာ မထေရ်မြတ်၏ ဝတ္ထုအကျဉ်း ကို ထုတ်နုတ်ပြဦးအံ့။ မဟာသီဝရဟန္တာ မထေရ်မြတ်ကြီးသည် ( ၁၈ ) ရပ်သော ဂိုဏ်းသံဃာ တော်တို့အား ပရိယတ်ကျမ်းဂန်တို့ကို နေ့စဉ်မှန်မှန် ပို့ချပေးတော်မူခဲ့၏။ မထေရ်မြတ်ကြီး၏ အဆုံးအမဩဝါဒကို လိုက်နာ၍ ရဟန္တာ ဖြစ်ကြသော သံဃာတော်အပေါင်းမှာ သုံးသောင်း မျှရှိကြ၏။

ထိုရဟန်းများထဲတွင် ပါဝင်သော ပိဋကပါတိကမထေရ် ရဟန္တာ အရှင်မြတ်ကြီးက မိမိ၏ဆရာ မဟာသီဝမထေရ်ကြီးမှာ ရဟန္တာမဖြစ်သေး။ ပုထုဇဉ်ဘဝမှာ သာရှိသေး၍ သတိ ပေးဦးမည်ဟုအကြံရ ကာ ချက်ချင်းပင် ကောင်းကင်ခရီးဖြင့် ကြွသွားပြီး မဟာသီဝမထေရ်မြတ်ကြီး၏ထံမှောက်သို့ ဆိုက်ရောက်ခဲ့လေ၏။

ထိုအခါမထေရ်မြတ်ကြီးက "ဘာကိစ္စ လာသလဲ" ဟုမေးသော အခါ အနုမောဒနာ တရားတစ်ပုဒ်သင်ယူလို၍ လာခဲ့ပါကြောင်း လျှောက်ထား ရာ "အချိန်တိုင်းမှာ အမေးပုစ္ဆာ ပြဿနာ မေးမြန်းမည့် သူများ ထင်ရှားရှိနေ၍ အနုမောဒနာ တရား သင်ကြားပေးစရာ အချိန်အခါ မရှိပါ" ဟု မထေရ်ကြီးကမိန့်၏။

ထိုအခါ တပည့်ရဟန်းက "မရဏစဏမ္ပိ နလဘိဿထ ဘန္တေ" ဒီလိုဆို လျှင် "အရှင်ဘုရားမှာ သေဖို့အချိန်တောင် မရှိတော့ဘူးလား၊ အရှင်ဘုရားသည် နောက်မှီ ခုံကြီး နှင့်တူပါသည်၊ သူတစ်ပါးတို့၏မှီရာသာဖြစ်၍ မိမိကိုယ်တိုင်၏ မှီရာကား မဖြစ်ဟော့ပါ၊ အရှင်ဘုရားထံမှ အနုမောဒနာတရားကိုလည်း မလိုချင် တော့ပါ" ဟုလျှောက်ထားပြီးလျှင် ကောင်းကင်ခရီးဖြင့် အပြီးပြန်ကြွသွားလေ၏။

ထိုအခါ မထေရ်ကြီးမှာ ဤရဟန်းလာခြင်းသည် တသင်လို၍ မဟုတ်ပေ၊ ငါ့အား သတိပေးလို၍ ဖြစ်ပေသည်ဟု သိရှိပြီး သံဝေဂတရား ဖြစ်ပွားကာ တရား အားထုတ်ရန် ကျောင်းမှ ထွက်ခဲ့လေ၏။

ငါကဲ့သို့သော ပရိယတ်တတတ်ပုဂ္ဂိုလ်ကြီးမှာ အရဟတ္တဖိုလ်ရဖို့ရန် ခဲယဉ်း

မည် မဟုတ်ပေ၊ နှစ်ရက် သုံးရက်မျှ တရားအားထုတ်လျှင် ရဟန္တာ စင်စစ်ဧကန်ဖြစ်ရမည်ဟု ယူဆမိသောကြောင့် တပည့်များအားလည်း မပြောကြားမိခဲ့ပါ၊ ရွာအနီးလိုဏ်ဂူအရပ်၌ နေပြီးလျှင် ဝါဆိုလဆန်း ( ၁၃ )ရက်နေ့မှစ၍ တရားအားထုတ်ရာဝါဆိုလပြည့်နေ့မှာလည်း တရားထူးမရရှိဘဲ ဖြစ်နေတော့၏။

ထိုအခါ၊ မထေရ်မြတ်ကြီးကစဉ်းစားမိသည်မှာ "ငါ့မှာ နှစ်ရက် သုံးရက်ကြာတရားအားထုတ်ပါလျှင် ရဟန္တာစင်စစ်အမှန်ဖြစ်ရမည်ဟု ယူဆမိခဲ့သော်လည်း ယခုဘာ တရားမျှမရသေးပါတကား၊ အင်း - ရှိစေဦးတော့၊ ဤဝါတွင်း သုံးလလောက်ကိုသုံးရက် မျှလောက် သဘောထားပြီး တရားအားထုတ်တော့မည်၊ ဝါကျွတ်လျှင် သိရောပေါ့"ဟု နှလုံးသွင်းပြီးလျှင် ထိုအရပ်၌ဝါကပ်ကာရဟန်းတရားအားထုတ်ပြန်၏။

❁ ဝါကျွတ်လေတိုင်း မျက်ရည်ဝိုင်း

ဝါကျွတ်သော်လည်း မဂ်ဖိုလ်မရနိုင်သောကြောင့် တစ်ဖန်ကြံမိသည်မှာသြော် - ငါဟာ နှစ်ရက်သုံးရက်မျှဖြင့် ရဟန္တာဖြစ်ရမည်ထင်မြင်လျက် လာခဲ့သည်မှာသုံးလကြာခဲ့ပါ သော်လည်း ရဟန်းကိစ္စမပြီးနိုင်သေးပါ။ ဝါကျွတ်လာပါပေါ့တကား၊ ငါ၏သီတင်းသုံး ဖော်များကတော့ ရဟန္တာအဖြစ်ဖြင့် ပဝါရဏာပြုကြတော့မည်၊ ဤသို့ကြံစည် စဉ်းစား တွေးတော ငေးမောနေစဉ် မဟာသီဝမထေရ်ကြီး၏မျက်လုံးတော်အစုံမှ မျက်ရည်ပေါက်တို့သည်တစ်ဖျောက်ဖျောက်မိုးရေပေါက်ကဲ့သို့အောက်ကျကာ ယိုစီးထွက်လာကြတော့၏။

ထို့နောက်၊ အိပ်ရာသို့ဝင်သောအခါများ၌ ခြေဆေးခြင်း၊ လဲလျောင်းခြင်းကိစ္စများကြောင့် တရားထူးမရနိုင်ဟုယူဆကာ အိပ်ရာကုဋင်ကို ခေါက်သိမ်းထားလိုက်လေ၏။ ထိုအခါမှစ၍ မအိပ်တော့ဘဲ ထိုင်လိုက်၊ ရပ်လိုက်၊ သွားလိုက် ဣရိယာပုတ် သုံးပါးဖြင့်သာ မနေမနား တရားအားထုတ်လေ၏။ ( ၂၉ )နှစ် ကြာပါ သော်လည်းတရားထူးမရနိုင်ရှာပါပေ၊ ( ၂၉ )နှစ်တိုင် ပဝါရဏာနေ့ ရောက်တိုင်း. ရောက်တိုင်း၊ မျက်ရည်ယိုစီး ငိုပွဲကြီးဆင်ခဲ့ရ ရှာလေ၏။

အနှစ်သုံးဆယ်မြောက် ပဝါရဏာနေ့ရောက်သော်လည်း မဂ်ဖိုလ်မရသေး

၍ ကြံတွေးစဉ်းစားမိသည်မှာ "ဩော် - ငါ့မှာ တရားအားထုတ် လာခဲ့သည်မှာ အနှစ်သုံးဆယ် ကြာခဲ့ပါပြီ၊ သို့သော်လည်း ရဟန္တာမဖြစ်နိုင်သေးပါ။ အမှန်စင်စစ် ငါ့မှာဒီဘဝ မဂ်ဖိုလ် မရနိုင်တော့ပါတကား၊ ငါ၏ရောင်းရင်းသီတင်းသုံးဖော်များနှင့် ရဟန္တာအဖြစ်ဖြင့် ဝိသုဒ္ဓိပဝါရဏာ မပြုနိုင်တော့ပါတကား" ဟုစဉ်းစားတွေးတောရင်း သည်းထန် စွာဝမ်းနည်းမှုဖြစ်ပေါ်လာကာ ဖြေမဆည်နိုင် မျက်ရည်ဖြိုင်ဖြိုင် ကျရပြန်လေ၏။

⊛ ငိုကြွေးတိုင်းသာ မဂ်, ဖိုလ် ရမည်ဆိုလျှင်

ထိုအချိန်တွင်၊ နတ်သမီးတစ်ယောက်က သတိပေးလိုသဖြင့် မနီးမဝေး၌ ငိုလျှက် ရပ်တည်နေ၏။ ထိုအခါ မဟာသီဝမထေရ်ကြီးက "သည်မှာလာငိုနေ တာ ဘယ်သူလဲ" ဟုမေးရာ နတ်သမီးက "တပည့်တော်မ နတ်သမီးပါဘုရား" ဟု လျှောက် ထား၏။ မထေရ် ကြီးက "ဟဲ့ - နတ်သမီး၊ ဘာကြောင့်ငို နေပါ သလဲ" ဟုမေးရာ နတ်သမီးက "အရှင်ဘုရား ငိုနေသည်ကိုမြင်ရ၍ တပည့်တော်လည်းပဲ ငိုလျှင်မဂ်ဖိုလ်ရနိုင်သည်ဟု ထင်မိ၍ မဂ်ဖိုလ် နှစ်ခု၊ သုံးခုလောက်ရနိုင်မလားလို့ ငိုနေမိပါသည်ဘုရား" ဟုနတ်သမီးကလျှောက်လေ၏။

ထိုအခါ မထေရ်ကြီးမှာ သတိတရားရလာပြီးလျှင် မိမိကိုယ်ကို ဤသို့ ဆုံးမလေ၏။ "အို - အမောင်မဟာသီဝ၊ ကြည့်စမ်း၊ နတ်သမီးကသော်မှ သင့်ကိုလှောင်ပြောင်ပျက်ရယ် ပြုနေပြီတကား၊ သင်၏ယခုလိုအမူအကျင့်သည် သင်နှင့်သင့်လျော်ပါမည်လော၊ မသင့်တော်ချေပြီ" ဟုမိမိကိုယ်ကိုဆုံးမရာ ဝမ်းနည်းမှုများကိုပယ်ဖျောက်၍ ဝိပဿနာတရားများကိုအစဉ်အတိုင်းပွားများအားထုတ်ကာ မကြာမြင့်မီပင် အာသဝေါတရားကုန်ခမ်း၍ ရဟန္တာ စင်စစ်ဧကန်ဖြစ်လေတော့သည်။

ရဟန္တာဖြစ်ပြီးသောအခါ၊ အနှစ်သုံးဆယ်လုံးလုံး မအိပ်စက်ခဲ့ရသော မဟာသီဝ မထေရ်မြတ်ကြီးသည် ငါခေတ္တအိပ်စက်တော့မည်ဟု ကြံစည်ကာ ကျောင်းခန်းကိုရှင်း၊ ကုလားထိုင်ကိုခင်း၍ ရေအိုးနားတွင် ခြေထောက်ကို ဆေးမည် ဟုကြံစည်ပြီး၊ စောင်းတန်းဦး ပျဉ်ချပ်၌ထိုင်နေလေ၏။

မဟာသီဝမထေရ်ကြီး၏ တပည့်ဟောင်းများဖြစ်ကြသော ရဟန္တာသုံးသောင်း တို့သည် စုပေါင်းရောက်ရှိလာကြပြီးလျှင် "ငါဦးစွာဆေးမည်" ဟု အလု

အယက် သူ့ထက်ငါ ဦးအောင် ခြေဆေးပါရစေကြောင်း ခွင့်တောင်းကြလေ၏။ ထိုအခါမထေရ်ကြီးက အနှစ်သုံးဆယ်တိုင်တိုင် မဆေးခဲ့ရသော ငါ့ခြေထောက်များကို ငါကိုယ်တိုင် ရေဆေးမည်ဟု ခွင့်မပေးပဲ နေခဲ့လေ၏။

တာဝတိံသာ ဣန္ဒာသေဌ်နှင်း သိကြားမင်းသည် မဟာသီဝ မထေရ်မြတ်ကြီး ရဟန္တာဖြစ်ကြောင်း သတင်းကောင်းကြားသိရသဖြင့် သုဇာမည်သော နတ်မိဖုရား ကိုခေါ်ကာ ငါ သိကြားမင်းကိုယ်တိုင် မထေရ်ကြီး၏ ခြေထောက်ကို ရေဆေး ပေး မည်ဟု ကြံစည်၍ သံယာတော်တို့၏ကြား၌ ဘွားကနဲပေါ်လာလေ၏။ ရဟန္တာပေါင်းသုံးသောင်းတို့ကြားတွင် သိကြားမင်း သွားမရပဲ ရှိခဲ့ရာ သုဇာ နတ်မိဖုရားကို ရှေ့ကထားပြီးလျှင် အရှင်ဘုရားတို့မာတုဂါမ ဒါယိကာမကြီးပါဘုရား၊ ဖယ်ပေးတော်မူကြပါဟု တောင်းပန်ပြီးလျှင် မထေရ် မြတ်ခြေတော်ရင်းရောက်၍ ခြေထောက်တော်တို့ကိုရေဆေးပေးလိုကြောင်း လျှောက်ထားလေ၏။

ထိုအခါ၊ မဟာသီဝမထေရ်ကြီးက သိကြားမင်းအား ပြောသည်မှာ - "ကောသိယ နွယ်ဖွား အို - သိကြား ငါ၏ခြေထောက်များကို ရေမဆေးရသည်မှာ နှစ်ပေါင်းသုံးဆယ်ကြာ ခဲ့ပေပြီ၊ နတ်သိကြားတို့မှာ ပကတိသဘောအားဖြင့် လူသားတို့၏ခန္ဓာကိုယ်အနံ့မည်သည် စက်ဆုတ်ဖွယ်ရှိ၏၊ ယူဇနာတစ်ရာဝေးကွာသော်လည်း လူသားတို့ခန္ဓာကိုယ်ပုပ်အနံ့သည် နတ်သိကြားတို့အား လည်ပင်း၌ ဆွဲချိတ်ထားသော ခွေးသေကောင်ပုပ်ကဲ့သို့ ပုပ်စော်နံ၏၊ ထို့ကြောင့် ငါသာလျှင် ငါ့ခြေထောက်များကို ကိုယ်တိုင်ရေဆေးပါအံ့" ဟု မထေရ်ကြီးက ပြော၏။

ထိုအခါ၊ သိကြားမင်းက အရှင်ဘုရား လူသားတို့၏ ရနံ့မည်သည်ကား မထင်ရှား တော့ပါ။ သို့ရာတွင် အရှင်ဘုရားတို့၏ သီလရနံ့တော်သည် နတ်ပြည် ခြောက်ထပ်မက အထက်ဘဝဂ်တိုင် ပျံ့လှိုင်မွှေးကြိုင်လှပါသည်ဘုရား၊ သီလ ဂန္ဓတော အညော ဥတ္တရိ စာရတော ဂန္ဓော နာမ နတ္ထိ ဘန္တေ = သီလရနံ့ထက် သာလွန်သောရနံ့မည်သည် မရှိပါ ဘုရား၊ အရှင်ဘုရားတို့၏ သီလရနံ့ကြောင့်၊ တပည့်တော် သိကြားကိုယ်တိုင် မနေနိုင်ဘဲ အရှင်ဘုရား၏ မျက်မှောက်၌ ဆိုက်ရောက်လာရပါပြီဘုရား - ဟုလျှောက်ထားပြီးလျှင် ဘယ်ဘက်လက်ဖြင့် ခြေမျက်စိ

အစပ်ကိုကိုင်၍၊ လက်ယာလက်ဖြင့် ခြေဖမိုးအပြင်ကို ဖြူစင်အောင် သုတ်သင် ဆေးကြောပေးပါသည်။

မထေရ်မြတ်ကြီး၏ ခြေထောက်တော်တို့သည်ကား ကလေးသူငယ်၏ ခြေထောက် ကဲ့သို့ နူးညံ့ဖြူဖွေးကာ မွှေးကြိုင်နေတော့၏၊ သိကြားမင်းသည် မဟာသီဝရဟန္တာအရှင်မြတ်ကြီး၏ခြေထောက်တော်အစုံတို့ကိုမြူမှုန်မျှ မကျန်ရအောင် ဆေးကြောသုတ်သင်၍ လက်အုပ်ချီမိုးရှိခိုးပြီးလျှင်၊ နတ်ပြည်သို့ ပြန်သွားလေသတည်း။

**ဒဟရ ကုမာရဿေဝ ပါဒါ အဟေသုံ၊ သက္ကော၊**
**ပါဒေ ဓောဝိတွာ ဝန္ဒိတွာ ဒေဝလောကမေဝ ဂတော။**

ဤဝတ္ထုလာ မဟာသီဝမထေရ် ရဟန္တာအရှင်မြတ်ကြီး၏ သီလရနံ့သည် နတ်ပြည် ခြောက်ထပ်မက အထက်ဘဝဂ်တိုင်အောင် ပျံ့လှိုင်မွှေးကြိုင်သကဲ့သို့၊ ကျေးဇူးတော်ရှင် သက်တော်ရှည် ကုံလုံဆရာတော်ဘုရားကြီး၏ သီလဂုဏ် သတင်းသည်ကားထုံသင်းပျံ့ကြိုင်နေသည်။ သီလကြောင့် ဆရာတော်ဘုရားကြီး၏ ခြေဖဝါး, လက်ဖဝါးတို့သည် ကလေး သူငယ်များ၏ ခြေထောက်များကဲ့သို့ နုနယ် ပျော့ပြောင်းကြည်ညိုဖွယ်ကောင်းလောက်အောင် ကြူကြူမွှေး၍ ဖြူဖြူဖွေးသန့်ရှင်း၊ ရွှေရောင်အဆင်း၊ ဝါဝင်းသပ္ပါယ်လှပါပေသတည်း။



ဘဒ္ဒန္တပညာသိရီဘိဝံသ
အဂ္ဂမဟာပဏ္ဍိတ
မင်္ဂလာဗိမာန်၊
မဟာဝိသုဒ္ဓါရုံတိုက်သစ်၊
မန္တလေးမြို့
ဖုန်း - ၀၂ - ၃၀၀၄၉၊

# ဩဝါဒ ကထာ ခုံးမစာ



၁။ ပြည်ထောင်စု မြန်မာနိုင်ငံတော်၊ သာသနာတော် သန့်ရှင်း၊ တည်တံ့ ပြန့်ပွားရေးစတုတ္ထအကြိမ်၊ နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ တတိယ အစည်းအဝေး၌ ချီးမြှင့်တော်မူသော ဩဝါဒကထာ

- သာသနာနှစ်　- ၂၅၄၀ - ပြည့်နှစ်၊
- ကောဇာ သက္ကရာဇ်　- ၁၃၅၈ - ခုနှစ်၊ တပေါင်းလဆန်း ၁၁ - ရက်၊
- ခရစ်နှစ်　- ၁၉၉၇ - ခုနှစ်၊ မတ်လ ၁၉ - ရက်၊

စတုတ္ထအကြိမ်၊ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ တတိယ အစည်းအဝေးသို့ ဩဝါဒကထာ ချီးမြှင့်လျှောက်ထားခွင့်ရရှိ၍ လွန်စွာ ဝမ်းမြောက် ကြောင်း ပဏာမအနေဖြင့် လျှောက်ထားအပ်ပါသည်ဘုရား။ မြတ်စွာ ဘုရားမရှိသည့်နောက် မြတ်စွာ ဘုရားထားခဲ့ တော်မူခဲ့သည့် ပိဋကတ်ကျမ်းစာများ သည် အားလုံးအတွက် ပြီးပြည့်စုံသော ဩဝါဒ ကထာ များဖြစ်ပါသည်။ ထိုဩဝါဒကထာများကို မိမိတို့လက်လုပ်းမီသည့် ဆရာသမား များမှ တစ်ဆင့် သင်အံ လေ့ကျက်နာယူမှတ်သားပြီး၊ ပါတိမောက္ခ သံဝရသီလ၊ စတုပါရိ သုဒ္ဓိသီလများ နှင့်အညီ လိုက်နာကျင့်သုံး နေထိုင်သွားကြရန်နှင့် မိမိတို့သင်အံလေ့ကျက်၊ နာယူမှတ်သားကျင့်ကြံ၊ ပွားများထား သည့် အတိုင်း ဝေနေယျသတ္တဝါများကို မေတ္တာ ရှေ့ထားကာ၊ ထပ်ဆင့်ဆုံးမဆင့်ပွား၍ ဗုဒ္ဓသာသနာပြုကြရန်ဖြစ်ပါသည် ဘုရား။

နိဂုံးချုပ်အနေဖြင့် စတုတ္ထအကြိမ်၊ နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင် အဖွဲ့ တတိယအကြိမ် အစည်းအဝေးကြီး အောင်မြင်ချောမောစေရန် တပည့်တော် အထူးမေတ္တာပို့သ လိုက်ကြောင်းပါဘုရား၊

## ၂ ။ကံ့လုံ့ဆရာတော်ကြီး ၏ ဩဝါဒကထာများ

ဗုဒ္ဓဘာသာမြန်မာကျောင်း ၊စင်္ကာပူနိုင်ငံ(ဇန်နဝါရီလ (၁၂) ရက်၊ ၁၉၉၆ - ခုနှစ်)

ဆရာတော်။ ။ ရဟန်းတို့မည်သည်မှာ ရဟန်းဝိနည်းတော်နဲ့အညီ ပါတိမောက္ခ သံဝရသီလမှစ၍ စတုပါရိသုဒ္ဓိသီလနှင့် ကိုက် ညီအောင် နေတတ်၊ ထိုင်တတ်၊ သွားတတ်၊ ဘုဉ်းပေး တတ်၊ သောက် တတ် ဖို့ အရေးကြီးတယ်၊ စိတ်ငြိမ်မှု၊ စိတ်အေးမှု၊ စိတ်ချမ်း သာမှု ရရှိဖို့လည်းလိုတယ်။ ဦးဓမ္မရက္ခိတ အနေနဲ့ တရားအား ထုတ်တယ်၊ တရားလည်းပြတယ်၊ အဲဒီလို တရား အားထုတ် တရားပြပေးတယ်ဆိုတာ ဘာလဲဆိုတော့ အများ သတ္တဝါတွေကို ကိုယ်ချင်းစာ မေတ္တာထားပြီး ကိုယ်ရသလို ရပါစေ၊ ကိုယ်သိသလို သိပါစေ၊ ကိုယ်မြင်သလို မြင်ပါစေ ဆိုတဲ့ စစ်မှန်တဲ့ စေတနာ မေတ္တာထားရမယ်၊ အဲဒီလို စစ်မှန်တဲ့ စေတနာ မေတ္တာထားပြီး ဟောပြောပြသ ဆိုဆုံးမပေးမှ သာ အများသတ္တဝါတွေမှာ ကိုယ်၏ချမ်းသာခြင်း၊ စိတ်၏ချမ်းသာ ခြင်း ရကြပြီးသကာလ သူတို့အား အမှန် တကယ် ကူညီ စောင့် ရှောက် ရာ ရောက်မယ်။

သီလနဲ့ပတ်သက်ရင် လူတွေအဖို့ကတော့ငါးပါးသီလမြဲဖို့ အရေးအကြီးဆုံးပဲ၊ အဲဒီလို ငါးပါးသီလမြဲပြီး၊ ငါးပါးသီလနဲ့ ပြည့်စုံလုံခြုံပြီ ဆိုမှ သီလအားကောင်းမယ်။ သီလ အားကောင်း မှ သမာဓိအားကောင်းမယ်၊ သမာဓိအားကောင်းလို့ စိတ်ကြည် လင် သန့်ရှင်းလာပြီဆိုရင် မိမိဘာ လုပ်လုပ်၊ ဘာပဲလိုလို လုပ်

သမျှကိုင်သမျှ အောင်မြင်ပြီး ကြံတိုင်းအောင် ဆောင်တိုင်း မြောက်လိမ့်မယ်။

ရဟန်းတို့အဖို့မှာတော့ ဝိနည်းတရားတော်နှင့် အညီ ပါတိမောက္ခသံဝရသီလမှစ၍စတုပါရိသုဒ္ဓိ သီလနှင့် ပြည့်ပြည့် စုံစုံနေတတ်၊ ထိုင်တတ်၊ သွားတတ်.လာတတ်၊ ဘုဉ်းပေးတတ်၊ သောက်တတ်ရင် ဘာပဲလုပ်လုပ်၊ ဘာပဲ ကြံကြံ ပြည့်စုံ လာ တာပါပဲ။ ဒါ့ကြောင့် ပုဂ္ဂိုလ်တိုင်း၊ သတ္တဝါတိုင်းဟာကြံတိုင်း အောင် ဆောင်တိုင်းမြောက်ချင်ရင် သီလနဲ့ ပြည့်စုံအောင်၊ သီလ လုံခြုံအောင် ဦးစွာပထမ စောင့်ထိန်းရ မယ်။ သီလဟာ အလိုဆန္ဒပြီးပြည့်စုံမှုရဲ့အခြေခံပဲ၊ တရား ဆိုတာ အဆန်းမ ဟုတ်ဘူး၊ အဆန်းတရားလည်းမရှိဘူး။

"လောဘပယ်၊ ဒေါသကွယ်၊ မောဟပြယ်၊ သစ္စာလွယ်" တဲ့ အဲဒါမှတ်ထားကိုယ်တော်။

❀ မှန်ပါ၊ မှတ်ထားပါမယ် ဘုရား။

✲ လောဘတစ်လုံးပယ်လိုက်ရင် ဒေါသလည်း မရှိဘူး၊ မောဟ လည်း မရှိဘူး၊ ကွယ်ပျောက်သွားပြီ၊ အဲဒီအခါမှာ "သစ္စာ" ဆိုတာ ပေါ်လာတော့တာပါပဲ။

ပည့်တော်။ ❀။ မှန်ပါဘုရား။

✲ အဲဒီလို သစ္စာ အလုပ် - မှန်တဲ့ အလုပ် ကို လုပ်ကိုင်ရှာဖွေ တဲ့အခါမှာ "ခန္တီ" ဆိုတဲ့ စကားလုံးကို အမြဲနှလုံးသွင်း သတိပြု နေရမယ်။

❀ မှန်ပါဘုရား။

✲ ကိုယ်တော် တရားအားထုတ်၊ တရားထိုင်နေတဲ့ အချိန် အတော အတွင်းမှာ လောဘ၊ ဒေါသ၊ မောဟဆိုတဲ့စိတ်တွေ မရှိတော့ဘူး၊ ငါ တရားအားထုတ်၊ တရားထိုင်မယ်၊ "တစ်"

နာရီထိုင်မယ်ဆိုပြီး အဓိဋ္ဌာန်ထား တစ်နာရီထိုင်ရင် အဲဒါ သစ္စာပဲ။ "နှစ်" နာရီထိုင်မယ်လို့အဓိဋ္ဌာန် ထားပြီး၊ နှစ်နာရီထိုင် အဲဒါသစ္စာပဲ၊ အဲဒီလို တရားထိုင် တဲ့အခါ ခန္ဓာကိုယ်ထဲမှာ ပူမှု၊ အေးမှု၊ ကိုက်မှု၊ ခဲမှု၊ ထုံမှု၊ ကျင်မှု စသည်ဖြင့် ဝေဒနာတွေ အမျိုးမျိုးပေါ်လာလိမ့်မယ်၊ အဲဒီလို ခန္ဓာကိုယ်ထဲမှာ ဖောက်ပြန် ပြီး ပေါ်လာတာ သူ့သဘော နဲ့ သူ ပေါ်လာတာ၊ ကိုယ်သဘော မပါဘူး၊ အဲဒီ လိုမခံချိ မခံသာ ဖောက်ပြန်မှု တွေပေါ်လာရင် အဲဒီအာရုံတွေကို ဖျက်ပစ်ရဘူး၊ ကိုက်ချင် ကိုက်၊ ခဲချင်ခဲ၊ ညောင်းချင်ညောင်း၊ ညာချင်ညာ၊ ဘာပဲဖြစ်ဖြစ် ဒီအတိုင်း ထားပြီးရှုမှတ်ပွားများသွားမယ်ဆိုရင် "ခန္တီ" ဆိုတဲ့ သည်းခံ နိုင်ခြင်းစွမ်းရည်နဲ့ပြည့်စုံလာတော့တာပါပဲ။

❀ မှန်ပါဘုရား။

♁ နိဗ္ဗာန်.စိတ်သန်၊ အဓိဋ္ဌာန်၊ ချိန်မှန်အားထုတ် - သစ္စာအလုပ်၊

"မိုက်၊ ရှုပ်၊ ညစ်၊ နောက်၊ ပူ" တဲ့ မိုက်တာလဲ၊ စိတ်ပဲ၊ ရှုပ်တာလဲ စိတ်ပဲ၊ ညစ်တာလဲစိတ်ပဲ၊ နောက်တာ လဲ စိတ်ပဲ၊ ပူတာလဲစိတ်ပဲ၊ အဲဒီ မကောင်းတဲ့ စိတ်ဆိုးစိတ်ညစ် မှန်သမျှ မိမိခန္ဓာကိုယ်ထဲ အဝင်မခံနဲ့၊ အငြိမခံနဲ့၊ အကပ်မခံနဲ့၊

❀ မှန်ပါဘုရား။

အဲဒီလိုစိတ်ဆိုး၊ စိတ်ညစ်တွေ အကပ်အငြိမခံ ရတော့ဘူး ဆိုရင် အစစအရာရာ အားလုံးပြီးပြည့်စုံလာ တော့တာပါပဲ၊ သီလဝိသုဒ္ဓိ၊ စိတ္တဝိသုဒ္ဓိပြည့်စုံသွားပြီကိုး၊ အဲဒီလိုမဟုတ် ဘဲနဲ့ စိတ်ရဲ့အလိုဆန္ဒ စိတ်ထင်တိုင်း စိတ်နောက် လိုက်နေမယ်ဆိုရင် ဆုံးတယ်လို့ကို မရှိဘူး၊ အဲဒါမှတ်ထား နော်။

တပည့်တော်။ ❀။ မှန်ပါ့ဘုရား၊ မှတ်သားနာယူလျက်ပါ ဘုရား။

✲ အခုကိုယ်တော် တရားအားထုတ်တယ်၊ တရားထိုင် တယ် ဆိုတော့ အခုပြောခဲ့တဲ့ စိတ်ယုတ် စိတ်ညစ်တွေ တဒင်္ဂပဟာန်

အားဖြင့် လည်းကောင်း၊ ဝိက္ခမ္ဘနပဟာန် အားဖြင့်လည်းကောင်း ဖြစ်ပေါ်ခွင့်မရဘဲ ကွယ်ပျောက်ငြိမ်ဝပ် နေတယ်၊ အဲဒီလို ခဏ ခဏဖြစ် အောင် ထပ်တလဲလဲ အားထုတ်၊ အားထုတ်ပေးရမယ်။ ဘာဝိတာ၊ ဗဟုလီကတာ ဆိုတာ - ပွားရမယ်၊ ကြိမ်ဖန် များးစွာ ထပ်တလဲလဲ ပွားများ အားထုတ်ပေးရမယ်လို့ဆိုတာဖြစ်တယ်၊ အဲဒီလို ပွားများအား ထုတ် တော့ ဘာဖြစ်သလဲ ဆိုတော့ လောကဥပမာနဲ့ပြောမယ်။

❁ မှန်ပါအမိန့်ရှိပါဘုရား။

✲ ဒကာ၊ ဒကာမတွေ ကူးသန်းရောင်းဝယ် ဖောက်ကား ပြီး၊ သွားကြလာကြ ပစ္စည်းရာကြတယ်။ ရသမျှပစ္စည်းကိုစုဆောင်း သိမ်းဆည်းထား၊ စုဆောင်းသိမ်းဆည်းထားတာ ကြာတော့ သူဌေးကြီးတွေဖြစ်လာကြရော။ အဲဒီဥပမာလိုပဲ ကိုယ်တော်တို့ တရားအားထုတ်ဖန်များတော့ လောဘ၊ ဒေါသ၊ မောဟ တရား တွေကွယ်ဖန်များပြီး သူတော်ကောင်းဓာတ်တွေ တဖြည်းဖြည်း နဲ့ကိန်းဝပ်၊ ကိန်းဝပ်လာတော့တာပေါ့။

❁ မှန်ပါဘုရား၊ အင်မတန်မှ လျော်ကန်သင့်မြတ် လှပါတယ် ဘုရား။

✲ အဆန်းလဲမဟုတ်၊ အဆန်းလဲမရှိပါဘူး၊ ကိုယ်လုပ်မှ ကိုယ်ရ တာပဲမဟုတ်လား၊ တစ်ချို့က တရားကိုအဆန်းလို့ ထင်နေကြ တယ်။ တချို့ ကျမ်းဂန်တတ်တဲ့၊ စာတတ်တဲ့၊ ပုဂ္ဂိုလ်တွေက ကျမ်းဂန်တွေ ကိုအားကိုးပြီး ပြောကြ၊ ဟောကြ တယ်။ ခန္ဓာတွေကိုယ်တွေ့မဟုတ်ဘူး ဆိုရင်စာထဲက အတိုင်း ပြောရမှာပဲ။ မြတ်စွာဘုရားက ဓမ္မက္ခန္ဓာပေါင်း ရှစ်သောင်းလေး ထောင်၊ ပဋိကတ်သုံးပုံဟောခဲ့တယ်။ ဘုရားဖြစ်ဖို့လေး သင်္ချေနဲ့ ကမ္ဘာတစ်သိန်း ပါရမီ တွေဖြည့် ကျင့် ရတယ်။ တချို့ရှစ်သင်္ချေ တချို့တစ်ဆယ့် ခြောက်သင်္ချေ ကမ္ဘာတစ်သိန်းတိုင်တိုင် ပါရမီ

တွေ အထပ်ထပ် ဖြည့်ကျင့်ရ တယ်။ အဲဒီလို မလျှော့သော ဖွဲလုံ့လ နဲ့ ပါရမီဖြည့်ပြီး မှ နောက် ဆုံးဘဝ သဗ္ဗညုတ ရွှေဉာဏ်တော်ကြီး ကိုရတယ်မဟုတ် လား။

❊ မှန်ပါဘုရား။

အဲဒီနည်းတူ ကိုယ်တော်တို့၊ တပည့်တော်တို့လည်းပဲ လောဘ၊ ဒေါသ၊ မောဟ ကိလေသာ အညစ်အကြေးတွေကို တဖြည်းဖြည်းချင်းသာလျှင်ပယ်၊ ပယ်ပြီးသူတော်ကောင်း တရားတွေကို ဖြည့်ကျင့်ဆည်းပူး သွားရမယ်။

❊ မှန်လှပါ၊ လျော်ကန်သင့်မြတ် လှပါတယ်ဘုရား။ဆရာတော်ဘုရား၊ သမထ အသေအချာထူထောင်ပြီး သမာဓိ တည်လာတော့မှ ဝိပဿနာဉာဏ်စဉ်အဆင့်ဆင့်တက်ရပုံကို အမိန့်ရှိတော်မူပါဦးဘုရား။

❊ အေးဟုတ်ပြီ တရားအားထုတ်တယ်ဆိုတာ ရှေးဦးပထမ သမာဓိထူထောင်ရမယ်၊ သမာဓိရအောင် သမထကမ္မဋ္ဌာန်း တစ်ခုခု ကို အားထုတ်ရတယ်၊ အသုဘကမ္မဋ္ဌာန်းဖြစ်ဖြစ်၊ ဘာပဲဖြစ်ဖြစ်စတင်ပြီး အားထုတ်ရှုပွားရတယ်။ အာနာပါန သတိ ကမ္မဋ္ဌာန်းဆိုတဲ့ ဝင်လေ ထွက်လေတို့ကို နှာခေါင်းဝ လေထိ တဲ့ နေရာလေးမှာ အသိကလေး အမြဲကပ်ပြီး မပြတ် တမ်း စောင့်ကြည့်တာလဲ အားထုတ်လို့ရတယ်။ ထိ.သိ၊ သတိ ပေ့ါ။ "ထိမှု.သိမှု၊ ထိုနှစ်ခုသတိကြပ်ကြပ်ပြု" ဆိုတဲ့ နည်းပေ့ါ။

❊ ဆရာတော်ဘုရားအသေးစိတ်ရှင်းပြတော်မူပါဘုရား။

❊ နှာခေါင်းဝလေထိတဲ့နေရာ ကလေးမှာ အသိကလေး ကပ်ထားပြီး ဝင်လေ၊ ထွက်လေတို့ကို ဝင်တိုင်း၊ ထွက်တိုင်း သိသိ၊ သိသိနေအောင် စောင့်ကြည့် အားထုတ်ရတယ်။ ထိတယ်၊ သိတယ်၊ ပူတယ်၊ အေးတယ်၊ သိ၊ သိနေရတယ်။

ဝင်လေဟာ ဝင်လာတုန်းက အေးတယ်။ ထွက်သွားတော့ နွေးတယ်။ ထိတိုင်း.ထိတိုင်း၊ သိသိ.သိသိနေလို့.စောင့်ကြည့်ဖန်များပြီး သမာဓိအဆင့်ဆင့် မြင့်တက်သွားပြီဆိုရင် ဝင်လေထွက်လေဟာ မကြမ်းတမ်းတော့ပဲ အဆင့်ဆင့် နူးညံ့ သိမ်မွေ့လာတယ်။ တစ်ခါတလေ နူးညံ့လွန်းလို့ပျောက် သလိုဖြစ်.ဖြစ်နေတတ်တယ်။ အဲဒီ အဆင့်ရောက်ရင် သတိထား မြင်ရတတ် တယ်။ ဘယ်လို မြင်ရတတ်လဲ ဆိုတော့ ဆေးလိပ် မီးနိုးတွေလို နှာခေါင်းဝကနေ လေ. အတန်းလိုက်ကြီး တဖွားဖွားနဲ့မြင်ရတတ်တယ်။ အဲဒါ ဥဂ္ဂဟနိမိတ်လို့ခေါ်တယ်။ ၎င်း ဥဂ္ဂဟနိမိတ် ရောက်ရင် လေကို ငင်ချင်သလိုငင်၊ ဆွဲချင်သလိုဆွဲအမျိုးမျိုး လုပ်လို့ရတယ်။ ဝီရိယလဲ အင်မတန် အားကောင်းလာတယ်။ ၎င်းမှတစ်ဆင့် ဆက်အား ထုတ်မယ်ဆိုရင်နှာခေါင်းဝ မှာ လေလေးကပ်သွားပြီး အဆင့်ဆင့် သန့်ရှင်းစင်ကြယ်၍ ကြည်လင်သန့်ရှင်းခြင်း ရောက်သွားလိမ့်မယ်။ ပဋိဘာဂနိမိတ် ပေါ်လာလိမ့်မယ်။ အဲဒီ ပဋိဘာဂနိမိတ်ပေါ်မှာအသိကပ်ထား၊ မြဲသွား ပြီဆိုမှ "သမာဓိ" ရတယ်လို့ခေါ်တယ်။ အဲဒီလို သမာဓိမရဘူးဆိုရင် အလကား ဂုတ်ညောင်းတာပဲအဖတ်တင် မှာပေါ့ကိုယ်တော်။

✲ မှန်လှပါ ဆရာတော်ဘုရား။ တပည့်တော်ရဲ့ကမ္မဋ္ဌာန်းစခန်းမှာတော့ ဝိသုဒ္ဓိမဂ်ကျမ်းမှာ ဖော်ပြထားတဲ့ ဂဏန်းနဲ့ ရေတွက်ခြင်းကို စပြပေးပါတယ်။ ၎င်းမှတစ်ဆင့် အဆင့်ဆင့် သမာဓိတွေ မြင့်တက်လာတဲ့အခါ နည်းပြောင်း. ပြောင်းပေးပါတယ်ဘုရား၊ နောက်ဆုံး ဝင်လေ၊ ထွက်လေတွေ ချုပ်ငြိမ်းပျောက်ကွယ် သွားပြီး၊ အရှုခံနဲ့ရှုဉာဏ်တစ်ထပ်တည်း ကျသွားအောင် ကပ်သွားအောင်ပြပေးပါတယ်ဘုရား။

✲ အေးအဲဒီလို ဝင်လေ ထွက်လေတွေ တဖြည်းဖြည်းနူးညံ့.

နူးညံ့၊ သိမ်မွေ့.. သိမ်မွေ့လာပြီး ချုပ်ငြိမ်း ပျောက်ကွယ်သွား အောင်ပြုပေးရမယ်။ အဲဒီလို ဖြစ်လာတဲ့အခါမှာ ဘယ်လိုဖြစ် တတ်သလဲဆိုတော့ အချို့ဒကာ၊ ဒကာမတွေမှာ ဝဋ်ကြွေးတွေ ရှိနေတယ်၊ ဝဋ်ကြွေးဆပ်ရတယ်၊ တချို့လည်း အသက်ရှူ ပြင်း ပြီးမကောင်းတဲ့ အညစ်အကြေးတွေ ထွက်လာတယ်၊ ဝဋ်ကြွေး များရင် များသလိုဖြစ်တတ်တယ်။ အဲဒီလို ဖြစ်ရင် တရားကို မဖျက်ပစ်ရဘူး၊ ရှက်တယ်ဆိုပြီး တရားအားထုတ်တာ ဖျက်လိုက်ရင် ဝဋ်ကြွေးမကုန်ဘဲ ရှိနေတတ်တယ်၊ ကိုယ်တော် တရားပြ ဆရာပဲ၊ ဒကာတွေ၊ ဒကာမတွေ အဲဒီလိုဖြစ်တာ မတွေ့ဖူးဘူးလား။

❀ မှန်လှပါ။ တွေ့ဖူးပါတယ် ဆရာတော်ဘုရား၊ တစ်ချို့ဒကာ ဒကာမတွေမှာ ရှူလေ ရှိုက်လေရပ်ပြီး လဲကျသွားတာ တွေ့ပါ တယ်။ တချို့ကျတော့လည်း လက်တွေခြေတွေ လေထဲ မြှောက်ကြွနေတာ၊ ခန္ဓာကိုယ်ကြီးက သံချောင်းကြီးလို မာတောင့်နေတာ တွေ့ရပါတယ် ဘုရား။

✲ အေး အဲဒီလို ဘာလို့လဲကျသွားတာလဲ ဆိုတော့ ဣရိယာ ပုတ် မနိုင်လို့လဲကျသွားတာ၊ လဲချင်လည်း လဲကျသွား ပါစေ ခေါင်းအုံးခံထား၊ဆရာက ထိန်းပေးရတယ်၊ တစ်နာရီ လောက် လဲချင်လည်း လဲနေပါစေ၊ တစ်နာရီပြည့်ရင် ဆရာက "ထ.ထ၊ ထ.ထ" လို့ခေါ်ပေးလိုက်၊ ထလာ လိမ့်မယ် အရေးကြီးတယ်၊ ယောဂီ သမာဓိပျက်သွားအောင် မလုပ်ရဘူး၊ ယောဂီရဲ့သမာဓိ ကိုတဖြည်းဖြည်းချင်း ရင့်ကျက်သွားအောင် ဆရာက ထိန်းပေး ပြီးကူညီစောင့်ရှောက်ရမယ်။

❀ မှန်လှပါဘုရား။ ဘုရားတပည့်တော် စခန်းမှာ ယောဂီတွေ ကိုအဲဒီလိုစနစ်တကျ ထိန်းပေးပြီး သမာဓိအဆင့်ဆင့်မြင့်တက် စေပါတယ်ဘုရား။ သမာဓိ တဖြည်းဖြည်း မြင့်တက် လာသည်

နှင့်အမျှ တစ်ချို့ယောဂီ တွေဟာလက်တွေ လေထဲ မြောက်တက်၊ ပါးစပ် "ဟ" နေတတ်ပါတယ်၊ ချို့လည်း မျက်ရည် တွေယိုစီးကျတာ တွေ့ရပါတယ်ဘုရား၊ တပည့်တော် အနေနဲ့ အရှုခံ. အရှုဉာဏ် ထပ်နေအောင်သာ တိုက်တွန်း ပါတယ်၊ အသိကို အလွတ် မခံဘဲ မလွတ်တမ်း သိနေစေ ပါတယ် ဘုရား။

❊ အဲဒီအချိန်မှာ လောဘ၊ ဒေါသ၊ မောဟ၊ ကိလေသာတွေ တဒင်္ဂပဟာန်.ဝိက္ခမ္ဘနပဟာန်အားဖြင့် ကွယ်နေလို့ စိတ်ကလည်း စင်ကြယ်နေတယ်၊ စိတ္တဝိသုဒ္ဓိပေါ့၊ ယောဂီဟာ အဲဒီအဆင့် ရောက်သွားရင် ဘယ် လောက်ကြာအောင် ထိုင်ရ. ထိုင်ရ ဝေဒနာမခံစားရတော့ဘူး၊ အသိမ ပျောက်တဲ့အတွက် အချိန်စေ့လို့ခေါ်ပေးလိုက်ရင် အလွယ်တကူနဲ့ထလာနိုင်တယ်၊ တချို့ဝင်လေ. ထွက်လေ ချုပ်ပြတ် ရပ်စဲလို့ အသေကောင်လို ဖြစ်နေရင် နာခေါင်းကနေ လေမှုတ်ပေးရတယ်။

❊ အဲဒါကို နည်းနည်း ရှင်းပြပေးတော်မူပါ ဘုရား။

❊ ကိလေသာတရားတွေကို တဒင်္ဂပဟာန်၊ ဝိက္ခမ္ဘနပဟာန်ကနေ သမုစ္ဆေဒပဟာန်အထိ ကင်းပြတ် ချုပ်ငြိမ်းသွားအောင် အားထုတ်ရမယ်။ အနုဘုန်းကြီးရှင်းပြတာကို အသေအချာ ဂရုစိုက်နားထောင်။ လေ့ကျင့်ပွား များပြီးမှ ဒကာ၊ ဒကာမ တွေကို ဟောပြောပြသညွှန်ကြားပေးရမယ်။

❊ မှန်လှပါဘုရား။ ဘုရားတပည့်တော် ဆရာတော်ဘုရား၏ ဩဝါဒ လမ်းညွှန်ချက် ကို ခံယူပြီး အားထုတ် ကြိုးစားပါ့မယ်။

ကိုရင်ကြီး၊ ဦးဓမ္မရက္ခိတက ဆရာတော်၏ဩဝါဒလမ်းညွှန်ချက် အတိုင်း လိုက်နာဆောင်ရွက်ပါ့မယ်လို့ ကတိပေးပါတယ် ဘုရား။

❊ အေး - ကောင်းပြီ၊ အနုဆက်ပြီး မဂ္ဂင်ရှစ်ပါးကို ရှင်းပြဦးမယ်၊ အသေအချာနားထောင်၊ မဂ်ဉာဏ်. ဖိုလ်ဉာဏ်သို့ ဆိုက်ရောက်ချင်လို့ ရှိရင် မဂ်လမ်းစဉ်ဖြစ်တဲ့ မဂ္ဂင်ရှစ်ပါး

အတိုင်းကျင့်ကြံအားထုတ်ရမယ်။ မဂ္ဂင်ရှစ်ပါးဆိုတာ -

(၁)သမ္မာဒိဋ္ဌိ၊ (၂)သမ္မာသင်္ကပ္ပ၊ (၃)သမ္မာဝါစာ၊
(၄)သမ္မာကမ္မန္တ၊ (၅)သမ္မာအာဇီဝ၊ (၆)သမ္မာဝါယမ၊
(၇)သမ္မာသတိ၊ (၈)သမ္မာသမာဓိ တွေဖြစ်တယ်။

တစ်ခုချင်းရှင်းပြရမယ်ဆိုရင် -

(၁) သမ္မာဒိဋ္ဌိ - သမ္မာ = ကောင်းစွာ၊ ဒိဋ္ဌိ = အယူ၊ ကောင်းစွာဖြောင့်မတ်မှန်ကန်တဲ့သူ။

(၂) သမ္မာသင်္ကပ္ပ - ငါဖြင့် တရားကျင့်ကြံကြိုးစားအားထုတ်ရလျှင်ကောင်းလေစွ၊ တရားထိုင်ရလျှင် ကောင်းလေစွ အစရှိသည်ဖြင့်ကောင်းတဲ့အကြံအစည်တွေကြံစည်နေတာပြောတာ။

(၃) သမ္မာဝါစာ - ဆိုတာ မလိမ်မညာဘူး၊ သူတစ်ပါးချစ်ခြင်းပျက်အောင် ကုန်းမတိုက်ဘူး၊ ကြမ်းတမ်းစွာဆဲဆိုပြီး စကား မပြောဘူး၊ စပါးလှေး၊ စပါးဖျင်းကဲ့သို့အနှစ်သာရမရှိတဲ့အတင်းအဖျင်းစကားတွေ မပြောမဆိုဘူး၊ မှန်ကန်၊ ချစ်ဖွယ်၊ နူးနယ်၊ အကျိုးရှိဆိုတဲ့ လေးပါးသောဂုဏ်နဲ့ပြည့်စုံတဲ့စကားကိုဆိုရမယ်။

(၄) သမ္မာကမ္မန္တ - ဆိုတာ ကောင်းတဲ့အမှု၊ ကောင်းတဲ့ အလုပ်တွေကိုသာပြုလုပ်ရမယ်၊ တရားသဘောတွေကိုဟောနေ၊ ပြောနေမယ်ဆိုရင် ကောင်းတဲ့အမှုကိစ္စတွေချည်းပဲ။

(၅) သမ္မာအာဇီဝ - ဆိုဟာ မိစ္ဆာအာဇီဝငါးမျိုးမှ ရှောင်ရှားခြင်းကိုခေါ်တယ်၊ မိစ္ဆာအာဇီဝ ငါးမျိုးရှိတယ်၊ လက်နက်ကုန်ကူးခြင်း၊ အဆိပ် ကုန်ကူးခြင်း၊ ကျွန်ကုန်ကူးခြင်း၊ မူးယစ်ထုံထိုင်း ဘေးဖြစ်စေတတ်တဲ့ကုန်ကူးခြင်း၊ သူတစ်ပါးတို့ သတ်ဖြတ်စားသောက်ရအောင် တိရစ္ဆာန်တွေမွေးမြူကုန်ကူးခြင်းတွေပဲ၊ အဲဒီလို ကူးသန်း ရောင်းဝယ်ခြင်းမပြုရဘူး။

(မှတ်ချက်။ ။တချို့က မြတ်စွာဘုရားက သက်သတ် လွတ်စားဖို့မဟောဘူးဆိုပြီး လာပြောနေကြတယ်၊ ဘုရားက စားပါ

လို့မပောသလိုမစားနဲ့လို့လည်း မတိုက်တွန်းဘူး၊ မိမိကြိုက်ရာ ရွေး နိုင်တယ်၊ ဘုန်းကြီးတို့ကတော့သစ်သီးချည်း စားလာတာ (၄၄)နှစ်ရှိပြီ။)

(၆) သမ္မာဝါယမ - ဆိုတာဘယ်လိုလဲ့လဝီရိယလဲတဲ့၊ တရားအား ထုတ်တဲ့အခါ ထိမှုလေးနဲ့ သိမှုကလေး တစ်ထပ်တည်းကျကျ. ကျအောင် အားထုတ်ရမယ် ထိမှု၊ သိမှုလေးတစ်ထပ်တည်းကျ နေရင် အဲဒီအချိန် အဲဒီ အခိုက်အတန့်လေးမှာ လောဘ၊ ဒေါသ၊ မောဟ ကိလေသာတွေ မကပ်ငြိ မဝင်ရောက် နိုင်ဘူး၊ အဲဒီလိုလောဘ၊ ဒေါသ၊ မောဟ ကိလေသာ တရားတွေ ဝင်ရောက်ခွင့် မရအောင် တရစပ် အားထုတ်နေတာကိုမှ သမ္မာဝါယမ - ကောင်းစွာ အားထုတ်မှုလို့ခေါ်တယ်။ မဇ္ဈိမ ပဋိပဒါ လို့လည်းခေါ်တယ်၊ လောဘဆိုတဲ့ အစွန်းတရားမှ လည်းကောင်း၊ ဒေါသ ဆိုတဲ့ အစွန်းတရားမှ လည်းကောင်း လွတ်နေတယ် ကိုယ်တော်။

❁ မှန်လှပါ၊အင်မတန်မှ မှတ်သားနာ ယူထိုက်လှပါတယ် ဘုရား။

✲ (၇) သမ္မာသတိ - ဆိုတာကတော့ အရှုခံနှင့် ရှုဉာဏ် တစ်ထပ် တည်း ကျနေအောင် တစ်သိတည်း သိ.သိ၊ သိ.သိ နေတာကို ခေါ်တယ်၊တရစပ်သိနေအောင် အားထုတ် ရတယ်၊ "ထိမှု.သိမှု ထိုနစ်ခုသတိ ကြပ်ကြပ်ပြု" ဆိုတာအဲဒါ ကိုယ်တော်၊ သတိ လွတ် သွားတာနဲ့ လောဘ၊ မောဟ၊ကိလေသာတွေဝင်ရောက် နှောင့်ယှက် တော့တာပဲ၊ သတိအရေးကြီးဆုံးပဲ ကိုယ်တော်။

❁ မှန်လှပါဘုရား။

✲ (၈) နောက်ဆုံး သမ္မာသမာဓိ - ဆိုတာ ဘာလဲဆိုတော့ အာနာပါ နသဿတိကမ္မဋ္ဌာန်း စသည်ဖြင့် အပ္ပနာရျာန် ပေါက် သော ကမ္မဋ္ဌာန်း ကိုအားထုတ်ခြင်းဖြင့် အပ္ပနာ သမာဓိသို့ဆိုက်

ရောက်ကာ စိတ်စင်ကြယ်နေတာ ကိုခေါ်တယ်၊ မဟာသတိပဋ္ဌာန သုတ် ဓမ္မာနု ပဿနာပိုင်းမှာ ဘယ်လိုပါသလဲဆိုတော့ သမ္မာ သမာဓိ ဆိုသည် မှာ ဝိတက်. ဝိစာရ. ပီတိ. သုခ. ဧကဂ္ဂတာနှင့် ယှဉ်သောပထမဈာန်စိတ်၊ ဝိစာရ. ပီတိ. သုခ. ဧကဂ္ဂတာနှင့်ယှဉ်သောဒုတိယဈာန်စိတ်၊ ပီတိ. သုခ. ဧကဂ္ဂတာနှင့်ယှဉ်သော တတိယ ဈာန်စိတ်၊ သုခ. ဧကဂ္ဂတာ နှင့် ယှဉ်သော စတုတ္ထဈာန်စိတ်၊ ဉပေက္ခာ.ဧကဂ္ဂတာနှင့်ယှဉ်သော ပဉ္စမဈာန် စိတ်ကိုခေါ်တယ်လို့မြတ်စွာဘုရားဟောထားတယ်မဟုတ်( ):၊ ကိုယ်တော်တို့တရားအား ထုတ်တဲ့အခါ အဲဒီလို အားထုတ်ရမယ်။ ယောဂီတွေတရားပြတဲ့ အခါမှာလဲ အဲဒီအဆင့် ရောက်အောင်ပြပေးရမယ်။ ဒါမှ မဂ္ဂင် ရှစ်ပါးနဲ့ပြည့်စုံမယ်။

အကျဉ်းချုပ်လိုက်တော့ မဂ္ဂင်ရှစ်ပါးဆိုတာ သီလ.သမာဓိ၊ ပညာ လို့ရတယ်။ သီလအခြေခံထားပြီး ဉပစာရသမာဓိ၊ အပ္ပနာသမာဓိ ရအောင်ထူထောင်၊ ရုပ်. နာမ်တို့ကို မြင်သိပြီး သင်္ကာလ ၎င်းရုပ်. နာမ် တို့၏ ကြောင်းကျိုးသိ၍ အနိစ္စ. ဒုက္ခ. အနတ္တ ရှုပွားသွားရင် နောက်ဆုံး ဉာဏ်အမြင် ဆိုက်တော့တာပါပဲ။ အနိမ့်ဆုံးစူဠသောတာပန် ဖြစ်ပြီပေါ့ကိုယ်တော်။

❊ မှန်လှပါ၊ ဘုရားတပည့်တော်စခန်းမှာတော့ ဝိသုဒ္ဓိ ခုနစ်ဆင့် နဲ့အညီတစ်ဆင့်ချင်း.တစ်ဆင့်ချင်းတက်ပြီးပြပေးပါတယ် ဘုရား။ ဝိသုဒ္ဓိ ခုနစ်ဆင့်မှာ -

(၁) သီလ ဝိသုဒ္ဓိ၊
(၂) စိတ္တ ဝိသုဒ္ဓိ၊
(၃) ဒိဋ္ဌိ ဝိသုဒ္ဓိ၊
(၄) ကင်္ခါဝိတရဏ ဝိသုဒ္ဓိ၊
(၅) မဂ္ဂါမဂ္ဂ ဉာဏ ဒဿန ဝိသုဒ္ဓိ၊

(၆) ပဋိပဒါဉာဏ ဒဿန ဝိသုဒ္ဓိ၊

(၇) ဉာဏ ဒဿန ဝိသုဒ္ဓိ၊

❊ ဉာဏ်ပညာကြီးဖို့ အရေးကြီးတယ်ကိုယ်တော်၊ ဒကာ . ဒကာမ တွေဆိုတာ ဘာနဲ့တူသလဲဆိုတော့ သံပစ္စည်း သံကိရိယာ တွေနဲ့တူတယ်၊ သံကောင်းတာလည်း ရှိတယ်၊ သံညံ့လည်းရှိ တယ်၊ သံဖျင်း၊ သံပျော့လည်း ရှိတယ်၊ ပန်းပဲ သမားတို့မှည် သည် သံကောင်း.မကောင်း၊ ပန်းပဲဖိုထဲထည့်ပြီး မီးပြကြည့်တယ်၊ တစ်ခုခုလုပ်ကြည့်တယ်၊ ဓားတွေ. အသုံးအဆောင် တွေလုပ်ကြည့်တယ်၊ မကောင်းတဲ့ သံတွေကျတော့ ခုတ်တိုင်းတွန့်.လိမ် ကျိုး ပဲ့ကုန်တာပဲ။ ဒကာ . ဒကာမတွေဆိုတာ အဲဒီလို သံထည်ပစ္စည်းတွေနဲ့ တူတယ်၊ အမျိုးမျိုးရှိကြတယ်၊ ကိုယ်တော် တို့ တရားပြဆရာတွေဆိုတာ ပန်းပဲသမားနဲ့တူတယ်၊ ပန်းပဲဖို ဟာ မဂ္ဂင်ရှစ်ပါးနဲ့တူတယ်၊ အားထုတ်နိုင်းလိုက်ရင် ပေါ်လာ တော့တာ ပါပဲ ကိုယ်တော်။

❊ တချို့ဒကာတွေရှိတယ်၊ အပ္ပနာသမာဓိလိုချင်ပါတယ်၊ ပြပေးပါ ဆိုလို့ ဝင်လေ. ထွက်လေကို တစ်,နှစ်. သုံး. လေး ရေတွက် နိုင်းလိုက် ရော။ နောက် ပေါ်မလာတော့ ဘူး၊ သူတို့ထင်နေတာက အပ္ပနာသမာဓိအပ္ပနာ ဈာန်ကို ချက်ချင်း အားထုတ်လို့ရမယ်ထင်နေတာ ဆရာတော်။

❊ အေး၊ အဲဒီတော့ အမျိုးမျိုးအဖုံဖုံလာကြတဲ့ ဒကာ ဒကာမ တွေကို သူတို့နဲ့တန်ရာ.တန်ရာသာ ပြပေးရမယ်။ ကျွတ်ထိုက်တဲ့ပုဂ္ဂိုလ်မှန်ရင် ဝိပဿနာဉာဏ်ရောက်ရင်ပဲ ဘဝကို ငြီးငွေ့ ရွံ့မုန်းပြီး ရဟန်းဝတ်ချင်လာတော့တာပဲ။ ဒကာမတွေလဲ ယောဂီဝတ်ချင်လာတယ်၊ အဲဒီကနေတစ်ဆင့် တက်ပေးလိုက်တော့ အရိယာမဂ်မဆိုက်ပါလား ကိုယ်တော်။

❊ မှန်ပါ၊ အင်မတန် အဖိုးတန်လှပါတယ် ဘုရား။

❋ တစ်ခါကလည်း ဓားပြတွေ လာတိုက်တယ်၊ ဒကာ ဒကာမ တွေ လှူဒါန်းထားတဲ့ ပစ္စည်းတွေ များလာရင် လာယူ သွားပြီး၊ တစ်ခါတော့ ဘုန်းကြီးကို ကြိုးနဲ့တုပ်ထားတယ်။ ဘုန်းကြီးကို ကြိုးလည်းဖြေမပေးဘဲ ပြန်သွားကြတယ်၊ ဒါနဲ့ "ဘုရား၊ တရား၊ သံဃာ" ဂုဏ်တော်ကို အာရုံပြု လိုက်တယ်၊ သူ့အလိုလိုနေရင်း ကြိုးပြေကျသွားတယ်။

✿ ဩော် - အံ့ဩစရာပဲ ဆရာတော်၊ အခုလိုကြားသိရတာ အင်မတန် ဝမ်းမြောက်ရပါတယ် ဘုရား။

❋ အဲဒါ "ခန္တီ" ပေါ့ကိုယ်တော်။ "သည်းခံကျိုးရှိ တိုး၏ကုသိုလ်၊ အကြောင်းရှိ ကောင်း၏အောင်မင်္ဂိုလ်" တဲ့၊ ကိုယ်တော်က တရားပြဆရာ၊ တရားလည်းဟောတယ်ဆိုတော့ အဲဒီ "ခန္တီ" တစ်လုံးကို သတိရ တိုင်း. သတိရတိုင်း အမြဲနှလုံးသွင်းပေး ကိုယ်တော်၊ သတိဆိုတာ အမြဲနှလုံးသွင်းနေတာကိုခေါ်တာ၊ ဘုရားရှင်ကလည်း တပည့်တော်တို့ ရဟန်းတွေ ကို "ခန္တီ" တစ်လုံးကိုပဲ ဟောတယ်မဟုတ်လား၊ ခန္တီပရမံတပေါတီတိက္ခာ တဲ့ သူတစ်ပါးတို့၏ စွပ်စွဲခြင်း၊ သူတစ်ပါးတို့၏ ပြစ်မှားခြင်း၊ အချမ်း.အပူစသည်တို့ကို ခံနိုင်စွမ်းရည်ရှိခြင်းတည်းဟူသော အဓိဝါသန "ခန္တီ" တရားဟောတာရှိတယ် မဟုတ်လား။

✿ ဆရာတော်၏ ဩဝါဒကို ဦးထိပ်၌ ပန်ဆင်လျက် အစွမ်း ကုန်ကြိုးစားဆောင်ရွက်ပါမည် ဘုရား။

❋ အဲဒီခန္တီတစ်လုံးကို လက်ကိုင်သုံးပြီးသကာလ တဏှာ. မာန မဖက်နဲ့၊ တဏှာတည်း ဟူသော လိုချင်မှု. ရချင်မှုတွေကို မစွဲလမ်းနဲ့၊ မေ့ကထိကကြီးတရားဟော၊ တရားပြပေးလို့. ပစ္စည်းတွေပေါများစုပြုံလာတဲ့အခါ မရှိသေးတဲ့နေရာတွေမှာ ပေးပို့.ပြီး ထောက်ပံ့လှူဒါန်း သာသနာပြုရမယ်။ အဲဒီလို ပေးကမ်းစွန့်ကြဲရင် ဘုန်းကံကြီးမားလာတာပဲ။

❁ ဩဝါဒပါတိမောက္ခ ဆုံးမစာရဲ့ထိပ်ဆုံးမှာပါ ဘုရား။

✲ ပဲခူးတို့. ရန်ကုန်တို့. မန္တလေးတို့က ဆရာတော်တွေက "ဆရာတော်ကြီး ဘာဖြစ်လို့ ဒီလောက် ဘုန်းကံကြီးမား ပါသလဲ" လို့ မေးကြတယ်၊တန်ခိုးကြီး တယ်ဆိုတာ ကြီးချင် တိုင်းကြီး လို့ရတာမှမဟုတ်တာ၊ တရား. ဓမ္မ. ဂရု. ဂါရဝ ရဟန်း တို့မည်သည် ဝိနည်းတော်နှင့်အညီ ပါတိမောက္ခ သံဝရသီလ. စတုပါရိသုဒ္ဓိသီလ အဓိကထားပြီး သီလကို ပြည့်ပြည့်စုံစုံ လုံခြုံအောင်စောင့်ထိန်း၊ ပြောသင့်မှ ပြော၊ သွားသင့်မှ သွား၊ လာသင့်မှ လာ၊ စားသင့်မှ စားလို့အဲဒီလိုပြောပေးလိုက်တယ်။ တချို့ကလည်း ဒကာ ဒကာမတွေက ပြောကြတယ်တဲ့၊ ကုံလုံ ဆရာတော်ကြီး သူများအသား မစားဘူး၊ သူ့အသားဟာ မွှေးနေတယ်လို့လျှောက်ကြတယ်၊ ဒီတော့ ဆရာတော်တွေက ဘယ်လိုပြန်ပြောလဲဆိုတော့ "ဒါဆို အိန္ဒိယနိုင်ငံ အိန္ဒိယ လူမျိုး တွေအသားမှမစားကြတာ၊ သူတို့အသားတွေ မွှေးနေရမှာပေါ့" လို့ပြန်ပြောတယ်၊ ဒီတော့ ဘုန်းကြီးက -

❖ အသားမစားလို့မွှေးတာမဟုတ်ဘူး၊

သီလကြောင့်မွှေးတာ၊

သီလမွှေးထုံ ဂန္ဓာရုံ၊

သီလရဲ့တန်ခိုးကြောင့် မွှေးတာပါ - လို့ပြန်လျှောက်မှ သူတို့သဘော ပေါက်သွားကြတယ်။

❁ တပည့်တော်လည်းဆရာတော်ရဲ့ ဩဝါဒကိုခံယူရင်း ဆရာတော့် ခန္ဓာကိုယ်မှစန္ဒကူးနံ့ သင်းပျံ့နေတာကို ရှူရပါတယ် ဘုရား။

✲ မြတ်စွာဘုရား လက်ထက်တော်က ဥပ္ပလဝဏ်ထေရီမ ဟာ ကြာညိုပန်းရနံ့ မွှေးတယ် မဟုတ်လားလို့၊ ကဲ - ထားပါ တော့၊ မဟာဝိသုဒ္ဓါရုံ ဆရာတော်က "ဆရာတော်ကြီး ဘာဖြစ်

လို့ ဒီလောက်တန်ခိုးကြီးတာ တုန်း" လို့မေးတယ်။ ဘုန်းတန်ခိုးကြီး တယ်ဆိုတာ တခြားကြောင့် မဟုတ်ပါဘူး။ ဘုရားကိုယ်စားတော်ဖြစ်တဲ့ ရုပ်ပွားတော်တွေ၊ စေတီတော်တွေ ပျက်စီးနေတာ ရှိတယ်။ စေတီလေးမျိုးရှိတယ်။ ဓာတုစေတီ၊ ဓမ္မစေတီ၊ ဥဒ္ဒိဿ စေတီ၊ ပရိဘောဂစေတီပေါ့။ ၎င်းစေတီတော်တွေထဲက ပျက်စီးနေတဲ့ စေတီတွေ ရုပ်ပွားတော်တွေကို ပြုပြင်ပေးတယ်၊ ဆိုးနေတာတွေ ကောင်းအောင် ပြုပြင်ပေးတယ်။

လောက ဥပမာ - ဘာနဲ့တူသလဲဆိုတော့၊ ရပ်ရွာတွေမှာ မိအို့ဖအို တွေရှိတယ်။ အသက်ကြီးပြီး နေစရာ. ထိုင်စရာမရှိ၊ စားရမဲ့ သောက်ရမဲ့ အငတ်ငတ်. အပြတ်ပြတ်၊ တိုက်ကြို. တိုက်ကြား မှာနေရတယ်။ သားသမီး တွေကြီးလာလို့လိမ္မာလာတဲ့အခါမှာ မိဘတွေကို လုပ်ကျွေးပြုစုကြတယ်။ အဝတ်အစားကောင်း တွေ ဝတ်ဆင်ပြီး ကျွေးမွေးကြတယ်။ အဲဒီလို မိအိုဖအိုတွေကို ပြုစုလုပ်ကျွေးကြတဲ့အတွက် သားတွေ. သမီးတွေမှာလည်း ချက်ချင်းပဲ စီးပွားဥစ္စာတွေ တိုးပွားချမ်းသာ လာကြတယ်။ ဘုန်းကြီးတို့လည်း ဒီလိုပဲ။ " ဘုရားဟာ မကောင်းတာတွေကိုတားမြစ်ပြီး ကောင်းတာကိုညွှန်ကြားခဲ့တယ်၊ ဘုရားမရှိတော့ပေမယ့်လည်း သူ့ကိန်းဝပ်ရာ အိုးအိမ်နဲ့တူတဲ့ ဘုရားအို. ဘုရားပျက်၊ ရုပ်ပွားတော်ပြို. ရုပ်ပွားတော်ပျက်တွေကို ပြင်တယ်၊ ဓာတ်တော်.မွေတော်တွေ ကိန်းဝပ် စံပယ်ရအောင် စေတီ. ပုထိုးအမျိုးမျိုး အသစ်တဖန် တည်တယ်လို့ပြောတော့ တို့များက စာချရိုးရိုးလုပ်နေတာ ဘာဖြစ်မှာလဲ" လို့ပြန်ပြောတယ်။ ကိုယ်တော် သဘောပေါက်အောင် နားထောင်နော်။

၆၆။ စေတီ ယွင်းယို၊ ဘုရားအို၊ မိအို့ ဖအို တူလှသည်၊
ဓာတ်တော် ကိန်းရာ၊ စေတီသာ၊ ကောင်းစွာ ပြင်ခဲ့ပြီ၊
(အဖ) - ဘုရား၊ ကုံလုံ - (သား)၊ ကျော်ကြားအကျိုးမည်၊

❁ မှန်လှပါဘုရား။

✲ သရဏဂုံသုံးပါးကို အမြဲနှလုံးသွင်း၍ ဆင်ခြင်အောက်မေ့ ရွတ်ဖတ် သရဇ္ဈာယ်တဲ့အတွက် အစားအသောက် အနေ အထိုင်မှစ၍သရဏဂုံတည်လာပြီဆိုရင်ဘုရားအစစ်. တရား အစစ်. သံဃာအစစ်တို့သည် မိမိတို့၏ မနောဓာတ်. မနော ဝိညာဏ ဓာတ်မှ ကိန်းဝပ်တည်မြဲလာတော့တာပါပဲ၊ အဲဒီ မနောဓာတ်. မနောဝိညာဏဓာတ်မှာ ကိန်းဝပ်တည်မြဲလာတဲ့ သရဏဂုံကမှ တကယ့်သရဏဂုံ ဖြစ်တယ်။ ဟိုအပြင်ဖက်မှာ ရှိနေတာတွေက ဘုရားကိုယ်စားတွေ. ရုပ်ပွားတွေ. ဆင်းတု တော် တွေ မဟုတ်လား။ မြတ်စွာဘုရား သက်တော်ထင်ရှား ရှိတော်မူဘိလားကဲ့သို့ရောင်ခြည်တော်ကွန့်မြူးပြီး မိမိဦးခေါင်း ထက်၌ လည်းကောင်း၊ နှလုံးသား၌ လည်းကောင်း ကိန်းဝပ် တည်မြဲလာအောင် နှလုံးသွင်းနိုင်ရမယ်။ ဒီလောက်သရဏဂုံ ကို ထပ်တလဲလဲ နှလုံးသွင်းပွားများ ပေးရမယ်။

❁ မှန်လှပါ။

✲ လောကဥပမာနဲ့ပြောရရင် မိမိတို့ရဲ့မိအို. ဖအိုတွေကို ဓာတ်ပုံ ရိုက်ထားတယ် မဟုတ်လား။ ဓာတ်ပုံရိုက်ထားတော့ မိမိကို ဆိုဆုံးမဩ ဝါဒပေးထားတဲ့ မိဘတွေရဲ့စကားကို ကြားယောင်.မြင်ယောင်နေတယ်မဟုတ်လား။ မြတ်စွာ ဘုရား ကလည်း သရဏဂုံသုံးပါးရဲ့ အဓိကကျပုံ၊ အရေးကြီးပုံတွေကို အထပ်ထပ်. အခါခါ ဆုံးမဩဝါဒ ပေးထားတယ် မဟုတ်လား။ သရဏဂုံသုံးပါးကို အမြဲနှလုံးသွင်းပြီး သွား.လာ.နေထိုင်တတ် ရင် အန္တရာယ်ကင်းဘေးရန်ရှင်းရုံမျှမက လာဘ်လာဘ လည်း ပေါများကြွယ်ဝတော့တာပါပဲ၊ မိမိလိုချင်တာတွေ တစ်ခါတည်း ပြည့်စုံလာတော့တာပဲ၊ မကောင်းဆိုးရွား မိစ္ဆာများ လည်း ဘယ်လူမျိုးဖြစ်ဖြစ် မတိုက်ခိုက် မကြံစည်နိုင်တော့ဘူး။

ဒါကြောင့်၊ သရဏဂုံကိုအနုလုံ. ပဋိလုံတည် ကိန်းနေအောင် အထပ်ထပ် နှလုံးသွင်း ဆင်ခြင် ဘာဝနာပွားရမယ်။ ကိုယ်တော် ကမ္မကထိကလည်းဖြစ်၊တရားပြဆရာလည်းဖြစ်တဲ့အတွက် ပိုအရေးကြီးတယ်၊ သရဏဂုံကို အနုလုံ. ပဋိလုံ နှလုံးသွင်းလို့သရဏဂုံတည်ပြီဆိုမှဖြင့်သာသနာတော်စောင့်နတ်မင်းကြီးတွေလာရောက်စောင့်ရှောက်လိမ့်မယ်။

"သာသန သဿ စ လောကဿ၊ ဝုဍ္ဎိ ဘာဝတုသဗ္ဗဒါ၊
သာသနမ္ပိစ၊ လောကဥ္စ၊ ဒေဝါ ရက္ခန္တု သဗ္ဗဒါ" ။

သာသနာ့ဝါးထောင် စီးပွားဆောင် အောင်မြင်အောင်ဆောင်ရွက်မှာမို့သာသနာတော်စောင့် နတ်တွေကကိုယ်တော့်ကိုစောင့်မကြည့်ရှုစောင့်ရှောက်လာကြလိမ့်မယ်။ကိုယ်တော်တရားဟောတဲ့ အခါ. တရားပြတဲ့အခါ ရှင်လကုဏ္ဍက ဘဒ္ဒိယမထေရ်ကို အဓိဋ္ဌာန်ထား ပင့်ပြီး နှုတ်ဖျားမှာ နားပါစေ၊ နှုတ်ဖျားမှာ တည်ပါစေဆိုရင် တည်ကိန်း လာလိမ့်မယ်။ ဘုရားဂုဏ်၊ တရားဂုဏ်၊ သံဃာဂုဏ်တို့ကို နှလုံးသွင်း ဆင်ခြင်ပြီး အဓိဋ္ဌာန်ထား၊ ထားတဲ့ အဓိဋ္ဌာန် မုချဆက်ဆက် အောင်မြင်လိမ့်မယ်။

❀ မှန်လှပါ။ ဘုရားတပည့်တော်လည်း သရဏဂုံကို အမြဲမပြတ်နှလုံးသွင်းဆင်ခြင်ပြီး ဘာဝနာတစ်ခုအနေနဲ့ ပွားများပါတယ် ဘုရား။

❀ ဘုန်းကြီးအနား လာကြတဲ့ တချို့ဒကာမတွေ သားဆုပန်ကြ တယ်။ သူတို့သား ဆုပန်မှန်းလည်း ဘုန်းကြီးမသိပါဘူး။ အဲဒါ ဘုရား ဂုဏ်. တရားဂုဏ်. သံဃာ့ဂုဏ်ကို အာရုံပြုထားတာပဲကိုယ်တော်။ သူတို့တွေ မိမိကိုရှိခိုးပြီး အဓိဋ္ဌာန် တင်နေချိန်မှာ မိမိက သရဏဂုံနဲ့ ဂုဏ် တော်ကို နှလုံးသွင်းနေရတယ်။ အာရုံကပ်ပြီးတည်နေအောင် ကျင့်ထားရတယ်ဒီလိုဂုဏ်တော်တွေ ကို ထုံမွှမ်းထားပြီး သရဏဂုံတည်ပြီဆိုမှဖြင့် မိမိအဓိဋ္ဌာန်

ထားသည့်အတိုင်း ကြံ့တိုင်းအောင် ဆောင်တိုင်းမြောက်တော့ တာပေါ့၊ကိုယ်တော် "သရဏဂုံကိုယ်လုံးခြုံ လုံးစုံသိဒ္ဓိ ဟိတ်" လို့ ဆိုတယ်မဟုတ်လား၊ အဲဒါ ခြုံထားလိုက် ပေါ့။ "အန္တရာယ်ကင်း ကပ်ကျော်နင်း၊ပေါခြင်းလာဘ် မဆိတ်" တဲ့၊ အဆန်းလည်း မရှိပါဘူး။ အဲဒီ သရဏဂုံ ရိုးရိုး ကလေးကိုပဲ ပေါက်မြောက် အောင်မြင်အောင် ပွားများအားထုတ်ပါဦး။

❁ မှန်လှပါ။ ဆရာတော်၏ဩဝါဒကို ဦးထိပ်၌ ပန်ဆင်လျက် ကြိုးစားပါမည်ဘုရား။

✲ ကောင်းတယ်၊ ကိုယ်တော် သာဓု . သာဓု . သာဓု။ သရဏဂုံ နဲ့ပတ်သက်လို့ ဘုန်းကြီးကိုယ်တွေ့ ပြောဦးမယ်။ စာတွေ့မဟုတ် ဘူးနော်။ လက်တွေ့ပဲ ဟိုး - ဘားအံက ဒကာမကြီး တစ်ယောက် ဘုန်းကြီးဆီရောက်လာပြီး ဖူးတယ်၊ ဆုံးမဩဝါဒ ပေးတော်မူပါလို့ လျှောက်တဲ့အတွက် သရဏဂုံကို အမြဲမပြတ်နှလုံးသွင်း ဆင်ခြင် ပြီး ဘာဝနာပွားဖို့ ဆုံးမလိုက် တယ်။ ထမင်းစားတိုင်း၊ အိပ်ရာ ဝင်တိုင်း. အိပ်ရာထတိုင်း. ဘယ်အချိန်မဆို၊ အချိန်တိုင်း. အချိန်တိုင်း နှလုံးသွင်းပွားများဖို့ ပြောလိုက်တယ်၊ အရဟံ အစ ဘဂဝါအဆုံး ကိုးပါးသော ဂုဏ်တော် တို့ကိုလည်း တစ်ခုချင်း ဖြစ်စေ၊ အားလုံး ဖြစ်စေ ပွားများဖို့ မှာလိုက်တယ်၊ ဘာဝနာလည်းပွားတယ်။ အာနာပါန သသတိကမ္မဋ္ဌာန်းလည်းအားထုတ်တယ်။

အဲဒါနဲ့ ၊ တစ်နေ့ ကျတော့ အိန္ဒိယမကြီး (ကဝေမကြီး) က သူ့အနားလာပြီးပြောတယ်၊ "နင့်မှာ ဘာအဆောင် ကောင်းရှိလဲ၊ အဆောင်ကောင်း တစ်ခုခုရှိရမယ်" တဲ့၊ သူကလည်း "ငါ့မှာ ဘာအဆောင်မှ မရှိဘူး" လို့ ပြန်ပြောလိုက်တယ်၊ ဘုန်းကြီး ဆုံးမထားတာ ပြောဖို့ မေ့နေတယ်လေ၊ ဒါနဲ့ ကဝေမကြီးက ထပ်ကာ တလဲလဲ "နင့်မှာ အဆောင်ကောင်း ရှိကိုရှိရမယ်" လို့ ပြောတော့ "ငါ့မှာအဆောင်ကောင်းတော့ မရှိဘူး"၊ ကုံလုံ

ဆရာတော် ဘုရားကြီး ဆုံးမထားလို့ "သရဏဂုံ သုံးပါးနဲ့ ဂုဏ်တော် ကိုတော့ အနုလုံ . ပဋိလုံပုတီးလည်းစိပ်၊ ဘာဝနာ လည်းပွားတယ်" လို့ပြန်ပြောလိုက်တယ်၊ အဲဒါ ကဝေမကြီး ဖြစ်တဲ့ အိန္ဒိယမကြီးက "အဲဒါ အဆောင်ကောင်း ပေါ့ဟဲ့၊ငါ စားလာတာ ၁၅ - ယောက်ရှိပြီ၊ နင့်တစ်ယောက်ပဲ စားလို့မ ရဘူး" လို့ပြန်ပြောတယ်တဲ့။

❁ မှန်လှပါ။ အံ့ဖွယ်ရှိပါတယ် ဘုရား။

❁ ကိုယ်တော့်မှာသရဏဂုံတည်ပြီဆိုရင်သာသနာတော် စောင့်နတ်တွေစောင့်ရှောက်လိမ့်မယ်။ ဓမ္မကထိက တရားပြ ဆရာဆိုတာ မြို့ရွာအသီးသီး နယ်တကာအသီးသီးကို သွားနေ ရတာ၊ သရဏဂုံနဲ့ ဂုဏ်တော် ကိုအပြန်ပြန် . အလှန်လှန်၊ အနုလုံ . ပဋိလုံ အမြဲနှလုံးသွင်းပြီး အစောင့် အရှောက် အနေနဲ့ ထားရမယ်။ ရှိတယ်ကိုယ်တော်။ မိစ္ဆာတွေ၊ အောက်လမ်းတွေ ရှိတယ်။ တပည့်တော် ကိုယ်တွေ့ စာတွေ့မဟုတ်ဘူး။ တချို့ဓမ္မ ကထိက အကျော်အမော်တွေ တရားဟောတော့မယ်ဆိုရင် နေမကောင်းရတာနဲ့ခေါင်းမူးရတာနဲ့၊ အသံဝင်ရတာနဲ့၊ အဲဒါ တွေ မဖြစ်အောင် ဂုဏ်တော်နဲ့သရဏဂုဏ်ကို အနုလုံ . ပဋိလုံ အမြဲနှလုံးသွင်းပြီး အစောင့် အရှောက်ထားရမယ်။ အဲဒီ အခါမှာ ဘုရားဓာတ် . တရားဓာတ် . သံဃာ့ဓာတ် အဆက်မပြတ် တည် ကိန်းက ဟိတ်ခပ်ပြီး တန်ခိုးအရှိန်ဖြစ်လာတဲ့အတွက် အန္တရာယ် ကင်းအေးရှင်းလိုကြံတိုင်းအောင်ဆောင်ဘိုင်းမြောက် သိဒ္ဓိပေါက် တဲ့ သာသနာ့အာဇာနည် သူတော်ကောင်းကြီး ဖြစ်ပြီပေါ့။

❁ သရဏဂုံ၊ ကိုယ်လုံးထုံ၊ လုံးစုံ လာဘ်မိုးရွေ၊
မကောင်း ဆိုးရွား၊ နတ်အများ၊ ရှောင်ရှား ဝေးဝေးနေ၊
နတ်မင်း လေးပါး၊ အစောင့်ထား၊ ရန်များ ကင်းကွာပေ၊

❁ မှန်လှပါ။ ဆရာတော်ဘုရား၏ ဩဝါဒလမ်းညွှန်ချက်

အတိုင်းတသွေမတိမ်း လိုက်နာ ကျင့်ကြံ ပွားများပြီး သာသနာ့ဝန်ကို ထမ်းရွက် ပါ့မယ် ဘုရား။

သာဓု. သာဓု. သာဓု။

ဂုဏ်တော်မွှမ်းထုံ၊ သရဏဂုံ၊ ပြည့်စုံ တည်ပါစေ၊
စေတီ အတူ၊ ကျမ်းဂန် ယူ၊ တစ်ဆူ ဘုရား အတူပေ၊
ထိုချိန် ထိုခါ၊ လူများစွာ၊ လာရောက် မိဋ္ဌာန်ပေ၊
စိတ်ကြံ သလောက်၊ မိဋ္ဌာန် ပေါက်၊ ဝမ်းမြောက် နိုင်ပါစေ၊
စားရာ အိပ်ရာ၊ ချိန်တိုင်းမှာ၊ ဘာဝနာ ပွါးပါလေ၊
သိဒ္ဓိ. မဟိဒ္ဓိ၊ တန်ခိုးရှိ၊ ဣစ္ဆိတံ. အောင်စေ၊ ။

၅ အေးမြသန့်စင်၊ ပြုံးပျော်ရွှင်သည့်၊ကြည်လင်မေတ္တာ၊ စေတနာဝယ်၊
သဘာဝစိမ့်စမ်း၊ သွန်းလောင်းဖျန်းတော့၊ငြိမ်းချမ်းမှုတွေ၊
ပန်းပေါင်းဝေသည်၊ ကြည်စေ အေးစေ၊ မွှေးစေသော်၊ ။



▲ ကျေးဇူးတော်ရှင် ကုံလုံဆရာတော်ဘုရားကြီး ပထမဦးစွာ မူလစတင်သာသနာပြုခဲ့ရာ ရှမ်းပုပွါးဘုရားတိုက် စေတီတော်(၁၈)ဆူ ၊ ထိုးပုံစေတီ(၆)ဆူ (အနောက်ဘက်တည့်တည့်မှမြင်ကွင်း)

# ၃။ ကသိုဏ်းဝန်း ပြုမှုယ်မလိုသော ပုဂ္ဂိုလ်

ပထဝီကသိုဏ်းစီးဖြန်းလိုသော ပုဂ္ဂိုလ်သည် ရှေးဘဝတစ်ခုခု၌ စတုက္က နည်းအားဖြင့် စတုတ္ထဈာန်၊ ပဉ္စကနည်းအားဖြင့် ပဉ္စမဈာန် ရသည့်အထိ ပထဝီ ကသိုဏ်းကိုပွားများအားထုတ်ခဲ့ဘူးလျှင် ထွန်ထားသောလယ်ကွက်မြေကိုဖြစ်စေ၊ ကောက်နယ်တလင်းကို ဖြစ်စေ၊ ကြည့်၍ "ပထဝီ - ပထဝီ" ဟုဖြစ်စေ၊ "မြေ - မြေ" ဟုဖြစ်စေ စီးဖြန်းပွားများနိုင်သည်။ ကသိုဏ်းဝန်းကို ပြုလုပ်နေဖွယ် မလိုတော့ပေ၊ အခြားသော အပိုင်းအခြား၊ အကန့်အသတ် ရှိသည့် မြေကွက် ကိုကြည့်၍ စီးဖြန်းလျှင်လည်းပြီးစီးနိုင်သည်။

## (က) မြေကသိုဏ်းဝန်း ပြုလုပ်ပုံ

ရှေးကစီးဖြန်းပွားများခဲ့ဘူးသူ မဟုတ်လျှင် ရှုစရာကသိုဏ်းဝန်းကိုပြုလုပ်ရမည်။ အဝတ်၊ သားရေ၊ ပျဉ်ချပ်၊ ဖျာ၊ နံရံ စသည့်တစ်ခုခု၌ အချင်းတစ်ထွာ နှင့် လက်လေးသစ် ရှိသော နေရာကို ဖြူ - နီ - ညို - ဝါ အရောင်မရောယှက်၊ ပကတိ မြေသား ရောင်သက်သက် ရှိသော မြေဖြင့် အဝန်းအဝိုင်းဖြစ်အောင် ညီညာပြေပြစ်စွာလိမ်းကျံ၍ ထိုမြေဝန်း၏အနားပတ်လည်ကို ထိုမြေရောင်နှင့်အရောင်မတူသော မြေတစ်မျိုးမျိုးဖြင့် အနားရေး ဆွဲထားရမည်။

ကုံလုံဆရာတော်ကြီးချီးမြှင့်သော
ပထဝီ ကသိုဏ်းလုံးများ
အားဖူးမြင်ရပုံ၊



## (ခ) ပထဝီကသိုဏ်း စီးဖြန်းပုံ

ပြီးလျှင် လူသူကင်းဆိတ်ရာအရပ်၌ထိုကသိုဏ်းဝန်းကို မျက်စိဖြင့် ကြည့်လျက် ရှုပွားနိုင်ရန် သင့်လျော်သည့်နေရာတွင်ထား၍ ကသိုဏ်းဝန်း၏ နစ်တောင့်

ထွာ အကွာ အဝေးအတွင်း၌ ထိုင်လျက် "ပထဝီ - ပထဝီ" ဟုဖြစ်စေ၊ "မြေ - မြေ" ဟုဖြစ်စေ၊ နှုတ်ဖြင့်ရွတ်ဆို ၍ဖြစ်စေ၊ စိတ်ဖြင့် ဆင်ခြင်၍ဖြစ်စေ အကြိမ်ကြိမ် အဖန်ဖန်စီးဖြန်း ပွားများရမည်။ ရံခါ ကသိုဏ်းဝန်းကို မျက်စိဖြင့် ကြည့်လျက်၊ ရံခါ မျက်စိမှိတ်၍စိတ်၌ကသိုဏ်းဝန်းထင်ပေါ်လာအောင် ဆင်ခြင်လျက်ကြိမ်ဖန်များစွာ ရှုပွားရမည်။

## (ဂ) ဥဂ္ဂဟနိမိတ်

ယင်းသို့ကြိမ်ဖန်များစွာစီးဖြန်းပွားများပါများသောအခါ၊ မြေကသိုဏ်းဝန်းသည် မျက်စိမှိတ်ထားသောအခါ၌လည်း မျက်စိဖြင့် ကြည့်နေရသကဲ့သို့ စိတ်ထဲတွင် ထင်းထင်းကြီး ပေါ်နေပေလိမ့်မည်။ ထိုအခါ "ဥဂ္ဂဟနိမိတ်" ကို ရပြီဟု ဆိုရသည်။ ဥဂ္ဂဟနိမိတ်ဆိုသည်မှာ "စိတ်ဖြင့်ယူအပ်သော ကသိုဏ်းအာရုံ" ဟု ဆိုလိုသည်။

## (ဃ) ပဋိဘာဂနိမိတ်

ဆက်လက်၍ ကြိမ်ဖန်များစွာရှုပွားသောအခါ၊ စိတ်တည်ငြိမ်မှု သမာဓိ အားကောင်းသည်ထက် အားကောင်းလာသည်နှင့်အမျှ နီဝရဏ အညစ်အကြေး စင်ကြယ် သဖြင့် စိတ်ထဲ တွင် ထင်ပေါ်နေသော ထိုကသိုဏ်းအာရုံသည် ပို၍ - ပို၍ ကြည်လင် သန့်ရှင်းလာကာ ပုလဲနစ်အသွင်၊ တိမ်စင်သောလ၊ ပွတ်သစ်စ ခရုသင်း ကဲ့သို့ ပို၍ဖြူစင် သန့်ရှင်းလာပြီးလျှင် အလွန်ငြိမ်သက်စွာထင်ရကား "ပဋိဘာဂ နိမိတ်" အဖြစ်သို့ရောက်လေ၏။ ဘာဝနာ သမာဓိ သည်လည်း အပ္ပနာဈာန်၏ အနီးဖြစ်သော "ဥပစာရသမာဓိ ဥပစာရဈာန်" အဖြစ်သို့ရောက်လေ၏။

ထိုပဋိဘာဂနိမိတ်ကိုပင် ဆက်လက်၍ ရှုပွားအားထုတ်လျှင် - "ဝိတက်၊ ဝိစာရ၊ ပီတိ၊ သုခ၊ ဧကဂ္ဂတာ" အင်္ဂါငါးပါးရှိသော ပထမဈာန်ကိုရ၏။ ဤကား ဝိသုဒ္ဓိမဂ် (ပ၊၁၂၀ - ၃) ၌လာသည့်အတိုင်း အကျဉ်းချုံး ဖော်ပြခြင်းဖြစ်ပါသည်။

မှတ်ချက်။ ။ ကျေးဇူးတော်ရှင် ကံ့လုံဆရာတော်ဘုရားကြီးသည်
နေ့စဉ် ပထဝီကသိုဏ်းရှုမှတ်လေ့ ရှိသည်၊

# ၄။ မနက်ဖြန်စောင့်မနေပါနှင့် ခုချက်ချင်းလုပ်ပါ

မြတ်စွာဘုရားက "ဘဒ္ဒေကရတ္တသုတ်" တွင် -

အဇ္ဇေဝ ကိစ္စမာတပ္ပံ

ယနေ့လား၊ နက်ဖြန်လား၊ သန်ဘက်လား ဘယ်နေ့ သေမယ် ဘယ်သူ သိနိုင်မှာလဲ၊ အသေက မဦးခင် ညာဏ်ကဦးအောင် အလုပ်လုပ်ပါ။

မစ္စုနာ သင်္ကရော နတ္ထိ

သေမင်းနှင့် ချိန်းချက်ထားမှုဆိုတာမရှိ ဘယ်တော့ကျမှ၊ ဘယ်အခါကျမှ၊ ဘယ်အသက်အရွယ်ရှိမှလာခေါ်ပါဟု သေမင်းနှင့် ညှိနှိုင်းထားမှုမရှိ၊ အချိန်မရွေး သေနိုင်သည်။ (အသေကြီးကို ဆိုလိုရင်း ဖြစ်သည်။ အသေကလေး တို့ကား - စက္ကန့်မလပ်. မိနစ်မလပ်. တရစပ်သေနေကြသည်သာဖြစ်၏။)

ရုပ် – နာမ် ဓမ္မတွေ စက္ကန့်မလပ်. မိနစ်မလပ် တရစပ် ဖြစ် – ပျက်နေကြသည်ကို အများက မသိ. မမြင်၍ မကြောက်ကြ၊ မျက်ကန်းတစ္ဆေမကြောက်သလို ဖြစ်ကြသည်။ သိမြင်နေသူကသာ အရေးတကြီး တိုက်တွန်းတော်မူလေ့ရှိသည်။ မြန်မြန်လုပ်ကြ၊ အသေကဦးသွားလိမ့်မယ် - ဟုနှိုးဆော်လေ့ရှိတော်မူ၏။

"ကံကောင်းတုန်း၊ညာဏ်ကောင်းတုန်း၊ အားအင်ကလေး တွေရှိ တုန်း၊ ကျန်းမာ နေတုန်း၊ တရားရနိုင်သော အခွင့်အရေး ကလေးပေါ်နေတုန်း ကြိုးစားကြ၊ အခွင့် အလမ်းကောင်းတွေ လက်လွှတ်မကုန်ကြ စေနဲ့၊ ဟိုအရေး – ဒီအရေးတွေနှင့် အချိန် ဆွဲမနေကြနှင့်တော့။"

"ကြံရိုးစုပ်တာ တောင် အရင်းကစပြီး စုပ်ရမည်။" ရုပ်နာမ် ဓမ္မသင်္ခါရ တို့သည် စက္ကန့်၊ မိနစ်မလပ် ပြောင်းလွဲနေကြသောကြောင့် အချိန်မရွေး သေနိုင်၏။ ကွေးသော လက်မဆန့်မီ၊ ဆန့် သောလက်မကွေးမီ ဆိုသလို ဖြစ်နိုင်၏။ ထို့ကြောင့် မသေခင် ချိုမြိန်သော အရသာကိုခံစားသွားနိုင်ရန် တရားသဘောအရ ဆိုခြင်းဖြစ်၏။

## ၅။ ကံ့လုံဆရာတော်ဘုရားကြီး ၏
## နောက်ဆုံးသြဝါဒ

ငါ့မှာ . ဘယ်နေ့ . ဘယ်ရက်

နာရီ . မိနစ် . စက္ကန့်ပိုင်း လိုက်မသိနိုင်၊

ခန္ဓာကိုယ် ပေါ့ပါးပြီး

အလင်းဓာတ်တွေရှိရပါတယ်။

နိဗ္ဗာန်ကို

အာရုံပြု နေပါတယ်။

နောက်ပိုင်း လက်ရှိ သာသနာကို

ဝိုင်းဝန်းကြည့်ရှု စောင့်ရှောက်ကြဖို့နှင့်

တစ်ညီ တစ်ညွတ်တည်း

စည်းစည်းလုံးလုံး နေထိုင်သွားကြ . . .။

မှတ်ချက်။ ' ။၉.၂.၂၀၀၄ ၊ တနင်္လာနေ့တွင် ရာပနကော်မတီမှ ဖြန့်ဝေသော လက်ကမ်းစာစောင်မှ ကူးယူဖော်ပြပါသည်။

# ကံ့လုံဆရာတော် နေ့စဉ် ရွတ်ပွားပူဇော်သည့် အန္တရာယ်တွေ ကင်း ရန်တွေရှင်း ဂါထာတော်

၁။ (က) ဝေလွန်ပြည်တော်ပြန် ဂါထာတော် (ဝါ)

အနန္တသိဒ္ဓိ ဂါထာတော်

❁ ဥုံ ဣတိပိ ပိဋကတ္တယံ၊ အနိစ္စံ ဒုက္ခံ အနတ္တံ၊
သတ္တ ဗောဇ္ဈင်္ဂါ၊ အရိယော အဋ္ဌင်္ဂိ ကော မဂ္ဂေါ၊
စတုသတိ ပဋ္ဌာနံ၊ သဗ္ဗသဏ္ဍာနွော သဟာသ သုရိယော၊
ကြောင်းနမောမေတ္တာနံ၊ ရာဇဘယံ၊ စောရဘယံ၊ ဥဒကဘယံ၊
အဂ္ဂိဘယံ၊ သတ္တဘယံ၊ သဗ္ဗဘယံ၊
ဇေယျော ဇေယျတု မင်္ဂလံ၊ အနိစ္စံ သခ်တံ ပဋိစ္စသမုပ္ပန္နံ၊
ခယဓမ္မံ၊ ဝယဓမ္မံ၊ ဝိရာဂဓမ္မံ၊ နိရောဓ ဓမ္မံ၊ ပဏ္ဍိတာ ခမာတိ၊

(ခ) မြန်မာပြန်အကျဉ်းနှင့် အဓိပ္ပာယ်

| | | |
|---|---|---|
| ခယဓမ္မံ | = | ကုန်ခြင်းသဘောရှိသော။ |
| ဝယဓမ္မံ | = | ပျက်ခြင်းသဘောရှိသော။ |
| ဝိရာဂဓမ္မံ | = | တပ်နှစ်သက်ဖွယ် ကင်းခြင်းသဘော ရှိသော။ |
| နိရောဓ ဓမ္မံ | = | ချုပ်ခြင်းသဘောရှိသော။ |
| အနိစ္စံ | = | မမြဲသောသဘောရှိသော။ |
| သခ်တံ | = | အကြောင်းတရားတို့ပြုပြင်စီရင်အပ်သော။ |
| ယံပဋိစ္စသမုပ္ပန္နံ | = | အကြင်ပဋိစ္စသမုပ္ပါဒ်တရားသည်။ |
| အတ္ထိ | = | ရှိ၏။ |
| တံပဋိစ္စ သမုပ္ပန္နံ | = | ထိုပဋိစ္စ သမုပ္ပါဒ် တရားတော်မြတ်သည်။ |

ဣတိ = ဤသို့ သုတ်. အဘိဓမ္မာ. ဝိနယာဟု တည်ရာ သုံးသွယ် အကျယ် ဝေဖန်အပ်သော အကြောင်းကြောင့် လည်း။

ပိဋကတ္တယံ = ပိဋကတ်မည်၏။

ဣတိပိ = ဤသို့မမြဲသော အကြောင်းကြောင့်လည်း။

အနိစ္စံ = အနိစ္စမည်၏။

ဣတိပိ = ဤသို့ဆင်းရဲသော အကြောင်းကြောင့်လည်း။

ဒုက္ခံ = ဒုက္ခမည်၏။

ဣတိပိ = ဤသို့အနှစ်မရှိ. အစိုးမရ. အလိုသို့မလိုက်သော အကြောင်းကြောင့်လည်း။

အနတ္တံ = အနတ္တမည်၏။

ဣတိပိ = ဤသို့ မဂ်ဉာဏ်လေးပါး၊ စည်ကားပွင့်လင်းရာ၊ အင်္ဂါညွန့်ထား ခုနစ်ပါးဟူသော အကြောင်းကြောင့် လည်း။

သတ္တဗောဇ္ဈင်္ဂေါ = ခုနစ်ပါးသော ဗောဇ္ဈင်မည်၏။

ဣတိပိ = ဤသို့ ကိလေသာခတ်စု၊ တစ်ခုမကျန် အံ့ပါဆန်၍၊ နိဗ္ဗာန်သို့ ရောက်စေတတ်သည့်အင်္ဂါရှစ်ပါးအကြောင်း ကြောင့်လည်း။

အဋ္ဌင်္ဂိကော မဂ္ဂေါ = အင်္ဂါရှစ်ပါးမည်သော မဂ်တရားမည်၏။

ဣတိပိ = ဤသို့ သတိပဋ္ဌာန်၊ သမ္မပ္ပဓာန် လေးတန်ပိုင်းခြား ဆင်ခြင်တတ်သော အကြောင်းကြောင့်လည်း။

စတုပဋ္ဌာနံ = လေးပါးသော ပဋ္ဌာန်မည်၏။

ဣတိပိ = ဤသို့ ခပင်းဥဿုံ၊ သုံးဘုံရပ်သူ နတ်နှင့် လူကို လွယ်ကူ ပိုင်သ အစိုးရတော်မူသော အကြောင်း ကြောင့် လည်းကောင်း။

သဗ္ဗသဿကန္တော = သဗ္ဗသဿကန္တမည်တော်မူ၏။

| | | |
|---|---|---|
| ဣတိပိ | = | ရဲရင့်စေတတ်သောအကြောင်းကြောင့်လည်း။ |
| သဟာသဿသူရိယော | = | သဟာသဿသူရိယ မည်တော်မူ၏။ |
| တံပဋ္ဌိစွသမုပ္ပန္နံ | = | ထိုပဋ္ဌိစွသမုပ္ပါဒ်တရားတော်မြတ်ကို။ |
| မေတ္တာနံ | = | ကြည်ညိုစုံမက် နှစ်သက်မြတ်လေးကုန်သော သူတို့အား။ |
| ရာဇဘယံ | = | မင်းဘေးကိုလည်းကောင်း။ |
| စောရဘယံ | = | ခိုးသူဘေးကိုလည်းကောင်း။ |
| အဂ္ဂိဘယံ | = | မီးဘေးကိုလည်းကောင်း။ |
| ဥဒကဘယံ | = | ရေဘေးကိုလည်းကောင်း။ |
| သတ္တဘယံ | = | လက်နက်ဘေးကိုလည်းကောင်း။ |
| သဗ္ဗဘယံ | = | အလုံးစုံသောဘေးကိုလည်းကောင်း။ |
| ဇေယျော | = | အောင်မြင်ခြင်းသည်။ |
| ဇေယျတုမင်္ဂလံ | = | အောင်ခြင်းမင်္ဂလာသည်။ |
| ဟောတု | = | ဖြစ်ပါစေသတည်း။ |

ပိဋကတ်သုံးပုံသည် အနိစ္စ. ဒုက္ခ. အနတ္တမည်၏။ တေဇွှင်စုနစ်ပါးသည် လည်း ကောင်း၊ မဂ္ဂင်ရှစ်ပါးသည်လည်းကောင်း၊ လေးပါးသော ပဋ္ဌာန်သည် လည်းကောင်း၊ အလုံးစုံ သော တရားအပေါင်းကို အစိုးရသော မြတ်စွာဘုရား သခင်သည် လည်းကောင်း၊ နေမင်း သည်လည်းကောင်း အမြဲမရှိ ဆင်းရဲသည်၊ အစိုးမရ။ အထူးသဖြင့် မေတ္တာရှင်ဖြစ်ကုန်သောမြတ်စွာဘုရားကိုရှိသေစွာရှိခိုးပါ၏။

ဘုရားရှင်၏ မေတ္တာတော်ကြောင့် မင်းဘေးကိုသော် လည်းကောင်း၊ ခိုးသူဘေးကို သော်လည်းကောင်း၊ ရေဘေးကိုသော် လည်းကောင်း၊ မီးဘေးကို သော်လည်းကောင်း၊ ဓားလက်နက်ဘေးကို သော်လည်းကောင်း၊ အလုံးစုံသော ဘေးကိုသော် လည်းကောင်း အောင်မြင်နိုင်သည်ဖြစ်ပါစေသတည်း။

ကုသိုလ်မင်္ဂလာဟူသမျှသည် အောင်မြင်ပါစေသတည်း။ အကြောင်း တရားကိုစိုး၍ဖြစ်သော အကျိုးတရားသည်ကံ. စိတ်. ဥတု. အာဟာရတည်းဟူသော

**အကြောင်းတရား လေးပါးတို့သည် ပေါင်းစပ်ပြုပြင်အပ်ကုန်သည်ဖြစ်၍ အမြဲမရှိကုန်ခန်းခြင်းသဘောရှိ၏။ ပျက်စီးခြင်းသဘောရှိ၏။ ထို့ကြောင့် ရာဂကင်းသောသဘောရှိ၏။ ချုပ်ငြိမ်းအေးမြခြင်း သဘောရှိသော နိဗ္ဗာန်ကို လူလိမ္မာပညာရှိတို့သည် နှစ်သက်မြတ်နိုးတော်မူပါကုန်၏ ဘုရား။**



အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မဇောတိက ဘဒ္ဒန္တတေဇနိယ

# ကံ့လုံ့ဆရာတော်ကြီး ဘဝနတ်ကျောင်း ပြောင်းရွှေ့တော်မူခြင်း



ရှမ်းပြည်နယ် တောင်ပိုင်း၊ ပင်းတယမြို့နယ်၊ ဂဠုန်တောင် ကျောင်းတိုက် ဦးစီးပဓာန နာယက ၊ နိုင်ငံတော် ဩဝါဒါစရိယ အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မဇောတိက ကံ့လုံ ဆရာတော်ဘုရားကြီး ဘဒ္ဒန္တ တေဇနိယ သည် သာသနာ့ တာဝန်များကို စွမ်းစွမ်းတမံ ထမ်းဆောင်တော်မူနေစဉ်၊ သက်တော်(၉၆)နှစ်၊ ဝါတော်(၇၆)ဝါအရ သာသနာနှစ် ၂၅၄၇ ခုနှစ်၊ ကောဇာ ၁၃၆၅ - ခုနှစ်၊ တပို့တွဲ လဆန်း ၉ - ရက်၊ ခရစ်နှစ် ၃၀ - ၁ - ၂၀၀၄ ခုနှစ် (သောကြာနေ့) နံနက် ၀၀း၁၅ နာရီတွင် ရန်ကုန်မြို့ ဂျပန်ဆေးရုံသစ်၌ ဘဝနတ်ကျောင်းပြောင်းရွှေ့တော်မူခဲ့သည်။







# နှလုံးသည်းပွတ်ထဲမှ ကျေးဇူးတင်လွှာ တမွှည်းစာ

ဤ "အံ့ဖွယ်ကိုးဂုဏ်၊ ထေရ်ကုံလုံ" (ပထမတွဲ) သာသနာဝင် သမိုင်း မှတ်တမ်း စာအုပ်ကို -

၁။ စိစဉ်ပူဇော် ထုတ်ဝေဖြစ်အောင် နှိုးဆော်တိုက်တွန်း အကြံပြုပေးသော ကုံလုံကျောင်း နာယကဆရာတော် ဘဒ္ဒန္တကောဝိဒ ၊ ကုံလုံ ပရိယတ္တိ စာသင်တိုက်၊ ဂဠုန်တောင်၊ ပင်းတယမြို့နယ်၊ ရှမ်းပြည်နယ်တောင်ပိုင်း။

၂။ စာအုပ်စီစဉ်နေဆဲ ၊ စာအုပ်အမည် ရွေးချယ်ပေးခြင်း၊ လိုအပ် ရာရာကို အကြံပြုကာ အမှာစာနှင့် ဆောင်းပါးများ ရေးသားပေးသော အဂ္ဂမဟာ ပဏ္ဍိတ၊ အဂ္ဂမဟာ ဂန္ထဝါစကပဏ္ဍိတ၊ တိပိဋကပါဠိ - မြန်မာ အဘိဓာန် ကျမ်းပြု၊ သကျသီဟ နှင့် အစိုးရဓမ္မာစရိယ ပါဠိပါရဂူ၊ မဟာနာယက - မဟာဝိသုဒ္ဓါရုံ တိုက်သစ်၊ မင်္ဂလာဗိမာန် ကျောင်း ဆရာ တော်ကြီး ဘဒ္ဒန္တပညာသိရီဘိဝံသ၊ မဟာအောင်မြေမြို့နယ် ၊ မန္တလေးမြို့၊ မန္တလေးတိုင်း၊ အထက်မြန်မာပြည်။

၃။ စ.လယ် - ဆုံး စနစ်တကျ စိတ်ပါဝင်စားစွာ သုတ်သင် တည်းဖြတ် ပေး သော - တကောင်းဆရာတော် ဘဒ္ဒန္တ ပဝရ၊ ပဏ္ဍောတာရာမ တကောင်း ကျောင်းတိုက်၊ အနိပ်တော်ရပ်ကွက်၊ အောင်မြေသာစံမြို့နယ်၊ မန္တလေးမြို့ မန္တလေးတိုင်း၊ အထက်မြန်မာပြည်။

၄။ ကျေးဇူးရှင်မိဘများဖြစ်ကြသည့် ဦးထွန်းအောင်(မျက်ခမ်းစပ် ရောဂါကု လက်ထောက်) + ဒေါ်တင်တင်အေး (ခ) ဒေါ်စန်းစန်းမြင့်ဌေး (ငြိမ်း၊ ရန်ကုန် တက္ကသိုလ်စာ ကြည့်တိုက်) နှင့် တကွ သင်ဆရာ. မြင်ဆရာ. ကြားဆရာ. အာရုံပေး ဆရာ၊ အစဉ်စောင့်ရှောက် လျက်ရှိနေကြသော ဆရာသမား အပေါင်းတို့အားလည်းကောင်း ဦးထိပ်မှာ ပန်ဆင်လျက်၊ စာအုပ် အောင်မြင်စွာ ထွက်ပေါ်လာစေရေး အတွက် စေတနာ . သဒ္ဓါ . မေတ္တာ တို့ဖြင့် ဝိုင်းဝန်းကူညီ ခွင့်ပြုပေးခဲ့ကြသော - စာရေး သူ၏ အစ်ကို ဦးအောင်ကြီး (B.Ag)၊ ညီ - ဦးမြင့်အောင် (B.E, Mech M.O.T 1st Class Part (A) 2nd Engineer, R.C.L Singapore)(လှိုင်သာယာမြို့နယ် -

(၁၁၂)ဦးအောင်မြင့်ထွန်း (B.Ag) နှင့် ဦးမြင့်အောင် (B.E, Mech)

ကစင်သာသနာ၊ ပုသိမ်မြို့နယ် - ကမ်းနီသာသနာ၊ ညောင်တုန်းမြို့နယ် ဥတိုသာသနာ၊ ငပုတောမြို့နယ် ၊ ဟိုင်းကြီး ကျွန်း မြို့နယ်ခွဲ - မြတ်မော်တင်စွန်း ဆံတော်ရှင်သာသနာ၊ ပဲခူးတိုင်း ဘုရားကြီး ကျေးရွာအနီး - ဘောနတ်ကြီးသာသနာ ၊ ပဲခူးတိုင်း ပြည်ခရိုင် ကြယ်ခတောင် သာသနာ စသည့် သာသနာ့နယ်မြေများ အကျိုးဆောင်ဖော်ထုတ်ခဲ့သူ)၊ ညီမများဖြစ်ကြသော - ဦးဝင်းမြင့်နိုင် (B.A (Hons,) . M.A (Thesis) English (U.S A) + ဒေါ်အောင်မြင့်နွယ် (B.Sc, Chem) နှင့် ဒေါ်တင်စန်းအောင် (B.Sc, Bot) တို့ အသီးသီး အား လည်းကောင်း၊

၅။ လက်ရေးစာမူကြမ်းကို စနစ်တကျ သေသပ်လှပစွာ ကွန်ပျူတာ တစီပေးသော စည်သူအောင် (စည်သူ - ကွန်ပျူတာ) မန္တလေးမြို့အား လည်းကောင်း၊

၆။ စာအုပ်ကို ဓမ္မဒါန, ဓမ္မပူဇာ, ဓမ္မရတနာအဖြစ် မ. တည်ငွေ ထည့်ဝင်၍ လှူဒါန်းဖြန့်ဝေပေးကြသော ပုဂ္ဂိုလ်များနှင့် တကွ စိတ်ဝင်တစား လေ့လာ ဖတ်ရှု အားပေးကြကုန်သော သူတော်စင် ဓမ္မမိတ်ဆွေ စာဖတ်ပရိသတ်အပေါင်းတို့အား လည်းကောင်း၊

အခြားကျေးဇူးတင်ထိုက်သူ အားလုံးတို့အားလည်းကောင်း အထူးကျေးဇူး တင်ရှိပါကြောင်း နှလုံးသည်းပွတ်ထဲ မှ လေးလေး နက်နက်ဖွင့်ဟမြွက်ဆိုရေးသားတင်ပြကမ္ပည်းမှတ်တမ်းတင်အပ်ပါ၏။

စာရေးသူသည် စိတ်ကောင်း, စေတနာကောင်းဖြင့် -

❀ သုံးပုံပိဋကတ်၊ ပုဒ်ပါဌ်အက္ခရာ၊ သဒ္ဒါအတ္ထ၊ ဝါကျသွားလာ၊
ပုဗ္ဗာပရ၊ ဒေါသမရှိ၊ ကင်းလွတ်ဘိအောင်း၊
နှိုင်းညှိသေချာ၊ စိစစ်ပါ၍၊ ကျမ်းဂန်များအရ၊
ရေးသားချက်များ၊ နှစ်သက်ငြားက၊ မှတ်သားကြလျက်၊
မနှစ်သက်မူ၊ မယူစွန့်ကာ၊ မေတ္တာ, ကရုဏာ၊

နှစ်ဖြာရှေ့ထား၊ အမှားပါလျှင်၊ သမ္မာဉာဏ် သက်ဝင်၍၊
ပြင်ဆင် ဖတ်ရှုတော်မူကြပါရန် နှင့်

ဤ 'အံ့ဖွယ်ကိုးဂုဏ် ၊ ထေရ်ကုံလုံ' သာသနာဝင် မြတ်ကျမ်းစာတွင် ချို့ယွင်း အားနည်းချက် တစ်စုံ တစ်ရာကို တွေ့ရှိရပါက ကုံလုံဆရာတော်ဘုရားကြီး နှင့် လုံးဝမသက်ဆိုင်ဘဲ၊ စုဆောင်းစီစဉ် ပူဇော်သူ၏ တာဝန်သာလုံးဝဖြစ်ပါကြောင်း၊ မေတ္တာ. စေတနာ. သဒ္ဓါဖြင့် လမ်းညွှန်ပြသနိုင်ပါစေကြောင်း အနူးအညွတ် မေတ္တာ ရပ်ခံ တောင်းပန်အပ်ပါသတည်း။

တာဝန်ခံစုဆောင်းစီစဉ်ပူဇော်သူ -

ဦးအောင်မြင့်ထွန်း

---

## မှီငြမ်းကိုးကားသော စာအုပ်စာတမ်းများ

၁။ **ကျေးဇူးတော်ရှင် ကုံလုံဆရာတော်ဘုရားကြီး၏ ဩဝါဒကထာများ**

ဒေါက်တာ အရှင်ဓမ္မရက္ခိတ၊ M.A(Psy), M.D, M.A, D.Sc(H.c)၊

ခရစ်နှစ် ၁၉၉၆ - ခု၊ ဇူလိုင်လ။

၂။ **နှစ်တစ်ရာပြကွဒိန်**

ဦးမင်းနိုင်၊ စိန်သန်းအောင် ပုံနှိပ်တိုက်၊ အမှတ် (၈၆)၊ မြောင်းကြီးလမ်း၊ ပုဇွန်တောင်၊ ရန်ကုန်၊ ခရစ်နှစ် ၂၀၀၂ - ခု၊ ဩဂုတ်လ၊

ပထမအကြိမ်၊ အုပ်ရေ - ၁၀၀၀။

၃။ **ပြည်ထောင်စုမြန်မာနိုင်ငံတော် စတုတ္ထအကြိမ် နိုင်ငံတော်ဗဟို သံဃာ့ ဝန်ဆောင် အဖွဲ့ တတိယ အစည်းအဝေး၌ ချီးမြှင့်တော်မူကြသော နိုင်ငံ တော် ဩဝါဒါစရိယ ဆရာတော်ကြီးများ၏ ဩဝါဒကထာများ**

သာသနာတော်သန့်ရှင်းတည်တံ့ပြန့်ပွားရေး၊ ခရစ်နှစ် ၁၉၉၇ - ခု၊ မတ်လ။

၄၊ **မြန်မာစာလုံးပေါင်း သတ်ပုံကျမ်း**

မြန်မာစာအဖွဲ့ဦးစီးဌာန၊ ဥက္ကာကျော်ပုံနှိပ်တိုက်၊ ၅၆(က)အင်းလျားလမ်း၊ ရန်ကုန်၊ ခရစ်နှစ် - ၁၉၉၉ - ခု၊ ဇန်နဝါရီလ၊

ပထမအကြိမ်၊ အုပ်ရေ - ၁၀,၀၀၀။

၅၊ **သက်တော်ရှည် ကံလုံးဆရာတော်ကြီး ဘဒ္ဒန္တတေဇနိယ မဟာထေရ်မြတ် ၏ ထေရုပ္ပတ္တိ ဩဝါဒ ကထာနှင့် သာသနာပြု သမိုင်းမှတ်တမ်း**

ဦးအောင်မြင့်ထွန်း (B.Ag)၊ ကြေးမုံအော့(ဖ်)ဆက်၊ အမှတ် - ၆၈(ခ)၊ ၇၈ - လမ်းနှင့် ၃၄ - လမ်းထောင့်၊ မန္တလေးမြို့ ခရစ်နှစ် ၂၀၀၀ - ပြည့်၊ နိဝင်ဘာလ၊ အုပ်ရေ - ၁၁၀၀။

၆။ **သက်တော်ရှည် ကံလုံးဆရာတော်**

တကောင်းဆရာတော် နန်းတော်ရှေ့ ဘဒ္ဒန္တ ပဝရ ၊ ရတနာလင်း အော့ဖ်ဆက်၊ ၃၄ × ၈၆လမ်း ၊ မန္တလေးမြို့ ခရစ်နှစ် - ၂၀၀၃ ခုနှစ်၊ နိဝင်ဘာလ၊ အုပ်ရေ - ၃၀၀၀။

၇။ **ကံလုံးဆရာတော်ဘုရားကြီး ၏ ရာပြည့်အကြို တစ်ဘဝ သာသနာ**

ဦးအောင်မြင့်ထွန်း (B.Ag)၊ သောင်းထွန်းဖော်ပုံနှိပ်တိုက်၊ အကွက် (၆၆၅) ထီးတန်းရပ်၊ ဟေမမာလာ တောင်၊ မဟာအောင်မြေ၊ မန္တလေးမြို့

ခရစ်နှစ် - ၂၀၀၅ ခုနှစ်၊ မေလ၊ အုပ်ရေ - ၃၀၀၀။

၈။ **ရှမ်းပြည်နယ် (တောင်ပိုင်း)၊ ပင်းတယမြို့၊ ကံလုံပရိယတ္တိစာသင်တိုက် ဆရာတော်ဘုရားကြီး နိုင်ငံတော်ဩဝါဒါစရိယ အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မ ဇောတိက ဘဒ္ဒန္တတေဇနိယ မဟာထေရ်၏ သာဓုကီဠန အန္တိမဈာပန အခမ်းအနားမှတ်တမ်း။**

သိပ္ပံပုံနှိပ်လုပ်ငန်း၊ ၂၀၀၄ ခုနှစ်၊ ဖေဖော်ဝါရီလ၊ အုပ်ရေ - ၃၀၀၀။

# ထွက်ခဲ့သမျှ ဓမ္မပူဇာ ဓမ္မရတနာ

၁။ စားတတ်လျှင် မေတ္တာ၊ မစားတတ်လျှင် ဝေဒနာ (သို့မဟုတ်) တဏှာ (တတိယအကြိမ်)။

၂။ သာမညတောင်ဆရာတော်ဘုရားကြီး ၏ ညွှန်ကြားချက်အရ ပြုစုသော "သက်လွတ်မေတ္တာ အဆိုအမိန့်များ" (တတိယအကြိမ်)။

၃။ နိုင်ငံတော် သြဝါဒါစရိယ အဂ္ဂမဟာ ပဏ္ဍိတ ဘဒ္ဒန္တဉာဏိန္ဒ ၏ "ဥပုသ်သီလ တရားတော်များ"။ (ဒုတိယအကြိမ်)။

၄။ နိုင်ငံတော် သြဝါဒါစရိယ အဂ္ဂမဟာ ပဏ္ဍိတ ဘဒ္ဒန္တဉာဏိန္ဒ စုဆောင်း ရှာဖွေတင်ပြသော "စတုရာရက္ခ ရှုဖွယ်ကျမ်း"။

၅။ မဟာပရိတ္တာရုံစလေကျောင်းတိုက်၊ ဒွေကျင်နိကာယ ရတ္တညူ မဟာနာယက အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မ ဇောတိက ဘဒ္ဒန္တကောသလ္လ မဟာထေရ်၏ ထေရုပ္ပတ္တိ သြဝါဒကထာနှင့် သာသနာပြု သမိုင်းမှတ်တမ်း။

၆။ "အမြင်မှန် သစ္စာဉာဏ် အမြန်ရောက်ဖို့ အခုလက်တွေ့စကြစို့" (ပဥ္စမအကြိမ်)

၇။ ဂငျူန်တောင် ကံ့လုံကျောင်းတိုက် နိုင်ငံတော်သြဝါဒါစရိယ အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မဇောတိက မဟာထေရ်၏ ထေရုပ္ပတ္တိ၊ သြဝါဒကထာ နှင့် သာသနာပြု သမိုင်း မှတ်တမ်း (ပထမအကြိမ်)။

၈။ မန္တလေးမြို့ မဟာဝိသုဒ္ဓါရုံတိုက်သစ်၊ မင်္ဂလာဝိမာန်ကျောင်းဆရာတော် အဂ္ဂမဟာ ပဏ္ဍိတ၊ အဂ္ဂမဟာ ဂန္ထဝါစက ပဏ္ဍိတ ဘဒ္ဒန္တပညာသိရီဘိဝံသ မဟာထေရ်၏ ထေရုပ္ပတ္တိ၊ သြဝါဒကထာနှင့် သာသနာပြုသမိုင်း မှတ်တမ်း (ပထမအကြိမ်)။

၉။ "ကံ့လုံဆရာတော်ဘုရားကြီး၏ ရာပြည့်အကြို တစ်ဘဝသာသနာ (ပထမအကြိမ်)။

၁၀။ သက်တော်ရှည် ကံ့လုံဆရာတော်။

(၁၁၆) ဦးအောင်မြင့်ထွန်း (B.Ag) နှင့် ဦးမြင့်အောင် (B.E, Mech)

၁၁။ ကမ်းနီ ဘေးမဲ့သားလွတ် သက်ကင်းသာသနာ့နယ်မြေ ပြန်လည် ဖော်ထုတ် အောင်မြင်ခြင်းမှတ်တမ်း။

၁၂။ ရန်ကုန်တိုင်း၊ အနောက်ပိုင်းခရိုင်၊ လှိုင်သာယာမြို့နယ်၊ ကစင်ကျေးရွာ၊ ကစင်ကျောင်းတိုက် ဦးစီးပဓာန နာယက တတိယကစင်ဆရာတော်ကြီး ဘဒ္ဒန္တ သုမနမဟာထေရ်၏ ထေရုပ္ပတ္တိ ၊ ဩဝါဒကထာနှင့် သာသနာပြု သမိုင်း မှတ်တမ်း။

၁၃။ ပဲခူးတိုင်း၊ တောင်ငူခရိုင်၊ တောင်ငူမြို့နယ်၊ သဖန်းပင်ကျေးရွာအုပ်စု၊ ဆီးဖြူပင် ကျေးရွာ၊ ဆီးဖြူပင် သာသနာ့ရိပ်သာကျောင်းတိုက် ဦးစီးပဓာန နာယက အဂ္ဂမဟာ ကမ္မဋ္ဌာနာစရိယ ပထမဆီးဖြူပင်ဆရာတော်ကြီး ဘဒ္ဒန္တ သူရိယ မဟာထေရ်မြတ်၏ ထေရုပ္ပတ္တိ ၊ ဩဝါဒကထာနှင့် သာသနာပြု သမိုင်း မှတ်တမ်း။

၁၄။ မဟာမုနိ ဣန္ဒာသယ ဆုတောင်းပြည့်ပန်းပေါင်းဘုရား။

၁၅။ ဣန္ဒိတံမဟာလာဘံမုနိ ရုပ်ရှင်တော်မြတ်။

၁၆။ တုန္နိုင်းမဲ့ဗုဒ္ဓခြေတော်ရာ။

၁၇။ စဉ်လာဆင်နွှဲကဆုန်ညောင်ရေသွန်းပွဲ။

၁၈။ မန္တလေးတိုင်း၊ မန္တလေးမြို့ ချမ်းမြသာစည်မြို့နယ် ၊ ကျွန်းလုံးဦးချောင် ရပ်ကွက်၊ ဒက္ခိဏာရာမ ဘုရားကြီးတိုက်၏ မဟာနာယက၊ နယားကျောင်း တိုက်ဦးစီးပဓာန နာယက၊ အဘိဓဇ မဟာရဋ္ဌဂုရု၊ အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မ ဇောတိက ၊ နိုင်ငံတော်ဩဝါဒါစရိယ နယားဆရာတော်ဘုရားကြီး ဘဒ္ဒန္တ မေဓိယာဘိဝံသ မဟာထေရ်မြတ်၏ တစ်ဘဝသာသနာ မြတ်ကျမ်းစာ။

၁၉။ အံ့ဖွယ် ကိုးဂုဏ် ထေရ်ကုံလုံ (ပထမတွဲ)။

၂၀။ အံ့ဖွယ် ကိုးဂုဏ် ထေရ်ကုံလုံ (ဒုတိယတွဲ)။

၂၁။ မေတ္တာနှောင်ကြိုးသွယ် (ရေးသူ - မြတ်သက်ထား (ခ) ကြီးကြီးသက်၊ မန္တလေးမြို့)။ ❁ ဦးအောင်မြင့်ထွန်း (B.Ag) တာဝန်ခံစီစဉ်ပူဇော်သည်။

## ဆက်လက်ထုတ်ဝေမည့် စာအုပ်များ

၂၂။ မွန်ပြည်နယ်၊ သထုံခရိုင်၊ ဘီးလင်းမြို့နယ်၊ တောင်စွန်းကျေးရွာ ၊ မဟာသိရီ မင်္ဂလာ အုတ်ဖိုကျောင်းတိုက် ဦးစီးပဓာနနာယက အထုပ်တစ်ရာ ဆရာတော်ကြီး ထေရုပ္ပတ္တိ၊ ဩဝါဒကထာနှင့် သာသနာပြုသမိုင်းမှတ်တမ်း။

မှတ်ချက် ။ ။ ဆရာမကြီး ဒေါ်ငွေးငွေး (ခ) ဒေါ်တင်မြငွေး (တွဲဖက် ပါမောက္ခ၊ ဝါဏိဇ္ဇဗေဒဌာန၊ အခန်းအမှတ် ၂၀၅၊ စီးပွားရေးတက္ကသိုလ် ၊ ရွာသာကြီး ၊ သရဖီဆောင်.အဆောင်မှူး၊ ရန်ကုန်မြို့)က စုစည်းတင်ပြထုတ်ဝေ လှူဒါန်း၏။

❁ ဦးအောင်မြင့်ထွန်း (စိုက်ပျိုးရေးပညာ) က စုဆောင်း စီစဉ်ပူဇော်သည်။

၂၃။ ကျော်ကြားထင်ရှားနိုးဘုရားများနှင့် ဧရာဝတီတိုင်းအတွင်း ဖော်ထုတ်ခဲ့သော သာသနာ့ နယ်မြေများ။

❁ ဦးအောင်မြင့်ထွန်း (စိုက်ပျိုးရေးပညာ)က တာဝန်ခံ စုစည်းတင်ပြရေးသား စီစဉ်ပူဇော်သည်။

## ထုတ်ဝေပြီး ဓမ္မတေးသီချင်း တက်ဆက်ခွေနှင့် ဗီဒီယိုတိတ်ခွေ

၁။ "စားတတ်လျှင်မေတ္တာ၊ မစားတတ်လျှင် ဝေဒနာ (သို့မဟုတ် )တဏှာ"

ပူဇော်သူ - ဦးအောင်မြင့်ထွန်း ( B.Ag) နှင့် ဦးမြင့်အောင် (B.E Mech)

လက်တန်းသီကုံးပူဇော်သူ - ဒေါ်ဇာနည်အောင်

ဓမ္မတေးပန်းချီခြယ်မှုန်းပူဇော်သူ - ဂီတစာဆို မောင်ကြေးမုံ

ဒါရိုက်တာ - တက္ကသိုလ် ဟန်မြတ်မော်

၂။ "လောကချမ်းသာ အဘယလာဘမုနိ ဓမ္မပူဇာ တေးစီးရီး"

ကက်ဆက်ခွေ၊ စီဒီ၊ သီချင်းစာအုပ် ထုတ်ဝေပြီးဖြစ်ပါသည်။

စီစဉ်ပူဇော်သူ – ဦးမြင့်အောင် (B.E Mech:2nd Engr.RCL MOT 2nd Class Part A)

လက်တန်းသီကုံးပူဇော်သူ - ဒေါ်ဇာနည်အောင်

(၁၁၈) ဦးအောင်မြင့်ထွန်း (B.Ag) နှင့် ဦးမြင့်အောင် (B.E, Mech)

| | | |
|---|---|---|
| မေ့မှုပူဇာတေးဂီတမှူး | - | ရွှေတံဆိပ်ငါးဆုရှင် မိုးဇော်ဗိုလ်အဖွဲ့နှင့် မြန်မာပြည် ကျောက်စိမ်းအဖွဲ့ |
| အသံဖမ်း | - | Moss ကိုရဲ |



## တည်းဖြတ်သူ ရေးသားပြုစုခဲ့သော စာအုပ်များ

၁။ "တရားကြေးမုံ မာလာရုံ ကဗျာများ"၊

၂။ "နစ်ကျိုပ်ရှစ်ဆူ ဗုဒ္ဓဝင်နှင့် ပုလဲသွယ် ကဗျာများ"၊

၃။ ကျောက်ဆည်မြို့လေသာဆရာတော်ကြီး၏ "သက်တော်ကိုးဆယ် ကြည်ညို့ဖွယ်"။

၄။ ကျောက်ဆည်မြို့လေသာဆရာတော်ကြီး၏ "အဂ္ဂမဟာပဏ္ဍိတ ဂုဏဝိသိဋ္ဌပူဇာ"။

၅။ ကလေးအုဋ္ဌကျောင်း ပဋ္ဌာန်းပူဇော်ပွဲမှတ်တမ်း ပထမတွဲ, ဒုတိယတွဲ၊

၆။ ပဋ္ဌာန်းပစ္စယနိဒ္ဒေသ မြန်မာပြန်ကျမ်း၊

၇။ ဗုဒ္ဓဂယာ ဘုရားဖူးခရီးစဉ်မှတ်တမ်း အလွမ်းစာပန်းချီ၊

၈။ သက်တော်ရှည်ကုံလုံဆရာတော် နှင့်

၉။ ကျောက်ဆည်မြို့လေသာဆရာတော်ဘုရားကြီး၏ "အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မ ဇောတိက ဂုဏဝိသိဋ္ဌပူဇာ" စသည့်တို့ဖြစ်ကြပါသည်။

## စီစဉ်ပူဇော်သူ၏

## အတ္ထုပ္ပတ္တိအကျဉ်း



ရန်ကုန်မြို့၌ အဖဦးထွန်းအောင် (မျက်ခမ်းစပ်ရောဂါကုလက်ထောက်) + အမိ ဒေါ်တင်တင်အေး(ခ) ဒေါ်စန်းစန်းမြင့်ဒွေး (ငြိမ်း၊ ရန်ကုန် တက္ကသိုလ် စာကြည့်တိုက်) တို့မှ ၁၉၆၄ ခုနှစ်၊ မေလ (၅)ရက် ၊ တနင်္ဂနွေနေ့တွင် မွေးဖွားသည်။

မွေးချင်း ငါးဦးအနက် ဒုတိယမြောက် သားရတနာ တစ်ဦး ဖြစ်သည်။ ညီအစ်ကို မောင်နှမများမှာ - အစ်ကို ဦးအောင်ကြီး (B.Ag)၊ ညီ - ဦးမြင့်အောင် (B.E, Mech M.O.T 1st Class Part (A) 2nd Engineer, R.C.L Singapore) (လှိုင်သာယာ မြို့နယ် - ကစင်သာသနာ၊ ပုသိမ်မြို့နယ် - ကမ်းနီသာသနာ ၊ ညောင်တုန်းမြို့နယ် - ဥတ္တိသာသနာ၊ ငပုတောမြို့နယ် - မြတ်မော်တင်စွန်း ဆံတော်ရှင်သာသနာ၊ ပဲခူးတိုင်း ဘုရားကြီးကျေးရွာအနီး - ဘောနတ်ကြီးသာသနာ၊ ပဲခူးတိုင်း . ပြည်ခရိုင် - ကြယ်ခတောင် သာသနာ စသည့် သာသနာ့နယ်မြေများ အကျိုးဆောင်ဖော်ထုတ်ခဲ့သူ)၊ ညီမများဖြစ်ကြသော - ဦးဝင်းမြင့်နိုင် (B.A (Hons,), M.A (Thesis) English (U.S A) + ဒေါ်အောင်မြင့်နွယ် (B.Sc, Chem) နှင့် ဒေါ်တင်စန်းအောင် (B.Sc, Bot) တို့ အသီးသီးဖြစ်ကြသည်။

ငယ်စဉ်က မန္တလေးမြို့ အမှတ် (၁၆) အစိုးရအထက်တန်းကျောင်းတွင် ပညာဆည်းပူးခဲ့ပြီး၊ ၁၉၈၁ ခုနှစ်တွင် အခြေခံပညာ အဆင့်မြင့်တန်းကို လည်း ကောင်း၊ ၁၉၈၂ ခုနှစ်နှင့် ၁၉၈၃ ခုနှစ်တွင် မန္တလေးတက္ကသိုလ် (ရတနာဘုမ္မိနယ်မြေ) ၌ သိပ္ပံဇီဝ ဘာသာတွဲဖြင့် ဒေသကော လိပ်ကို လည်းကောင်း အောင်မြင်ခဲ့ ပါ သည်။ ၁၉၈၄ ခုနှစ်တွင် ရေဆင်းစိုက်ပျိုးရေး တက္ကသိုလ်၌ ဆက်လက် ပညာ သင်ကြားခဲ့ရာ ၁၉၈၇ ခုနှစ်တွင် သင်ယူရသည့် ဘာသာ ကိုးဘာသာ ရှိသည့်အနက် ရှစ်ဘာသာ ဂုဏ်ထူးဖြင့် ပထမအဆင့် ထူးချွန်စွာ အထူးအောင်မြင်ရရှိခဲ့ပေသည်။

ဘွဲ့ရပြီး၊ ရန်ကုန်မြို့မြန်မာ - ဂျာမန် သီးနှံ ပိုးမွှားရောဂါ ကာကွယ်ရေး စီမံကိန်း တမာသုတေသနဌာန၌ သုတေသနလက်ထောက်အဖြစ် ၁၉၈၈ ခု၊ နှစ်ကုန် ပိုင်းထိလည်းကောင်း၊ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း၊ ကန်တော်ကလေးပန်းဥယျာဉ်၏ ဥယျာဉ်တည်ဆောက်ရေးလုပ်ငန်းများတွင် စခန်းတာဝန်ခံအဖြစ် ၁၉၉၁ ခုနှစ်ထိ လည်းကောင်း တာဝန်ထမ်းဆောင်ခဲ့ပါသည်။ ၁၉၉၂ ခုနှစ်မှ ၁၉၉၄ ခုနှစ်ထိ ပြည်ပနိုင်ငံများသို့ သွားရောက်၍ သာသနာ့အကျိုးဆောင်ရွက်ရင်း အလုပ်လုပ် ကိုင်ခဲ့ပါသည်။ မြန်မာပြည်သို့ပြန်ရောက်သော် Green Group Co-op Ltd တွင် အုပ်ချုပ်မှု ဒါရိုက်တာအဖြစ် ယနေ့အထိ တာဝန်ယူထားဆဲ ဖြစ်ပါသည်။ အမည်ရင်း မှာ ဦးအောင်မြင့်ထွန်းပင် ဖြစ်သည်။ မိဘနှစ်ပါးမှာ အမြဲတမ်း သားသတ်လွတ်ဘောမဲ့ စားသူဖြစ်၍ ပဋိသန္ဓေ ဘဝကတည်းကပင် သားသတ်လွတ် သန္ဓေဖြစ်နေပေသည်။ မည်သို့ပင်ဖြစ်စေကာမူ မွေးစကပင် ယခုထိ သားသတ်လွတ် စာဖြင့်သာ တင်းတိမ် ရောင့်ရဲသူဖြစ်သည်။

ဤစာအုပ်သည် စာရေးသူ၏ စစ်မှန်သော စေတနာ၊ မေတ္တာ၊ သဒ္ဓါတို့ဖြင့် ပြုစုရေးသားထားခြင်းဖြစ်သည်။ ထေရဝါဒ ဗုဒ္ဓ သာသနာ့ အကျိုးပြု စာပေများကိုသာ ပြုစုရေးသားလေ့ရှိသည်။ ယခုအမှတ် (၁၀၀)၊ အခန်း(၉)၊ ပထမထပ်၊ နန္ဒဝန်လမ်း၊ ဗဟန်း၊ ရန်ကုန်မြို့ စာပို့သင်္ကေတ (၁၁၂၀၁) ၀၉ - ၈၅၅ - ၀၈၁၉ တွင် နေထိုင် လျက်ရှိပါသည်။

## စိစဉ်ပူဇော်သူ၏ အဓိဋ္ဌာန်သစ္စာ

ကျွန်ုပ်တို့ မိသားစုသည် ကုန်းနေ သတ္တဝါတို့၏ အသား၊ ရေနေ သတ္တဝါ တို့၏ အသား၊ ကောင်းကင် နေ သတ္တဝါတို့၏ အသား၊ တွင်းအောင်းနေ သတ္တဝါတို့၏ အသားများကို မစားသုံးပါ။ ဤသစ္စာစကား မှန်ကန်ပါက ဖြစ်လေရာဘဝ တိုင်း၌ မြေကြီးအထုနှင့် တူသော၊ သမုဒ္ဒရာ ရေလှိုင်းနှင့် တူသော၊ အဆုံးမရှိ ကောင်းကင်ပြင် ကြီးနှင့် တူသော များပြားလှသည့် ဘုန်း.သမ္ဘာ.ကံ.ဉာဏ်ပညာ.ဝီရိယ တို့နှင့်ပြည့်စုံ၍ မဂ်ဉာဏ်.ဖိုလ်ဉာဏ်.နိဗ္ဗာန်ကို လျင်မြန်စွာ ရရပါလို၏။



မလ္လာမင်းများ အင်ကြင်းဥယျာဉ်ဝယ် မြတ်စွာဘုရားရှင် ပ



ာန် စံဝင်တော်မူခန်း (သိရိစကြာရတနာကျောင်း၊ ကုံလုံ)



# ဒွံ့ပွယ်ကိုးဂုဏ်ထေရ်ကုံလုံ

(ပထမတွဲ)



ဓမ္မ
ဒါန

ကောဇာ – ၁၃၆၅ ခုနှစ်၊ တပို့တွဲလဆန်း ၉–ရက်၊ (ခရစ် ၃၀–၁–၂၀၀၄)၊ သောကြာနေ့၊ နံနက် ၀၀:၁၅ နာရီအချိန်၊
သက်တော် (၉၆) နှစ်၊ သိက္ခာတော် (၇၆) ဝါ အရတွင် ဘဝနတ်ကျောင်း ပြောင်းရွှေ့တော်မူသည်။